www.burmeseclassic.com

# ဆုလေးနွယ်

မိုးနဲ့မောင်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် အမှတ် . . . . . . ၂၈၅/၂၀၀၄(၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၃၁/၂၀၀၄(၆)

ထုတ်ဝေခြင်း
ပထမအကြိမ်
၂၀၀၄ ၊ ဇူလိုင်လ

အုပ်ရေ
၁၀၀၀-အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ
e-host Digital Media Group
ph : 525305 ၊ 537006

စီစဉ်သူ
ကိုရန်နိုင်ဝင်း

ထုတ်ဝေသူ
ဒေါ်ဌေးဌေးမော်၊ ဉာဏ်ဝင်းစာပေတိုက်(၆၉၂)
အမှတ်၇(က)၊သုခဝတီလမ်း၊
ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ် သူ
ဦးစိုးမြင့် (၀၅၆၃၉)
ရွှေအောင်လံ ရောင်စုံပုံနှိပ်တိုက်
အမှတ်(၅၄)၊ ၁၀၁-လမ်း၊ ကန်တော်ကလေး၊ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

" ဒီမှာ . . . ဝယ်လာခဲ့ပြီ . . . ကြည့်လိုက် "

" ချောစုက လှေခါးတက်လာရတာမို့ မောဟိုက်သော လေသံကလေးနှင့် လက်ထဲကိုင်ထားသော မိုးပျံပူပေါင်း ရောင်စုံ တွဲကြီးကို 'လွှာ' ရှေ့ထိုးပြကာဆိုလိုက်၏။

" ဟင် . . . အဲ့ဒါတွေ ဘာလုပ်ဖို့လဲ "

" လွှတ်ဖို့ပေါ့ . . . မိုးပျံပူပေါင်းတွေလွှတ်ဖို့ ဝယ်လာတာ ဒီနေ့ လွှာ့ မွေးနေ့ မဟုတ်လား "

" ဟုတ်တယ်လေ"

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လွှာက ဝတ်ထားသော ဂါဝန်ရှည်ပန်းရောင်ကလေးကို ဆွဲဆန့်ပြီး မတ်တတ်ရပ်လိုက်၏။ မွေးနေ့မို့လို့ပဲ ဘတ်ဒေးကိတ်လှီးပြီးပြီ။

" ရော့ . . . ရော့ ဒီမှာရပြီ "

" ရွှေနီ " က အသည်းပုံလေးတွေ ကြယ်ပုံလေးတွေ ပန်းပွင့်ပုံလေးတွေ မျိုးစုံတောင်ညှပ်ထားသော ရွှေရောင် ငွေရောင် အစလေးတွေ စားပွဲပေါ် ချ၏။

" ပိုက်ဆံလည်းပါမှဖြစ်မယ် . . . ရတဲ့သူ ယူပါစေ "

" ကောင်းတယ် "

ချောစုစကားကို နိုင်ကထောက်ခံပြီး " ဟတ်ဒီးဘတ်ဒေးလွှာ" ဟူသော စာလုံးလေးတွေကို မှီးပျံ့ပူပေါင်းအောက်တွင် ကျနေသော ကြိုးစမှာချိတ်၏။

" အင်း . . . အလုပ်ရှုတ်လိုက်တာနော် "



" နေခြည်လွှာ"က ဆိုဖာမှာ သွားပြန်ထိုင်ချပြီး ချောစု၊ ရွှေနဝီနှင့် နိုင့်ကို ငေးကြည့်နေမိ၏။

ရွှေနီနှင့် ချောစို ပြန်တာမလာခင်စကားလေးမှာ နိုင်က လွှာ့ကိုချစ်ရေးဆိုခဲ့သည်။

အဖြေကို ချက်ခြင်းတောင်းသည်။

လွှာမှ မစဉ်းစားရသေးတာနိုင်ရယ်ဟု ညည်းလိုက်တော့ မကျေနပ် နိုင့်ကို ကိုရယ်ချင်သည်။ အားလည်းနာသည်။ အားနာနာနှင့် မရယ်ရက်လေ။

" ရပြီလွှာရဲ့ . . . လာလေ . . . လာကြည့် . . . ဒီမှာ အားလုံးကပ်ပြီးပြီ "

ရွှေနီနှင့် ချောစုက ခေါ်တာမို့ ဝရန်တာကလေးကို ထွက်လာခဲ့ရ၏။

" ရော့ . . . လွှာ . . . လွှတ်လိုက်လေ . . . နေဦး တစ် . . . နှစ်သုံးဆိုမှ လွှတ် လက်ခုပ်တီးပေမယ်"

www.burmeseclassic.com

www.burmeseclassic.com



" အင်းပါ "

မိုးပုံပုပေါင်း ရောင်စုံတွေကို လက်နှင့်ဆွဲထားရင်း လွှာ ရှင်ခုန်ပျော်ရွှင်လာမိသလိုပါ။

သည်လို ခံစားမှုနုနုညည့်တလေးတစ်ခါမှ မခံစားဖူးပါ။

အချိန်က နေဝင်ချိန် . . . ကောင်းကင်မှာ တိမ်တောက်တွေက အရမ်းလှပနေသည်။ လေလည်းတိုက်ခတ်နေ၏။

လွှာက ရှေ့ဆုံးမှာ

နိုင်ရယ် . . . ရွှေနီရယ် ချောစုရယ်က လွှာ့နောက်မှာ ရပ်နေကြတာ။ လွှာ ခစ်ကနဲ ကြည်နူးစွာ ရယ်မိသည်။

စောစောကအထိသည်လောက် ပျော်စရာကောင်းမယ်လို့ မထင်။

ခုလိုဆိုတော့လည်း ရွှေနီ၊ နိုင်နှင့် ချောစုက ကျေးဇူး တင်ချင်စရာ ကောင်းသည်ပဲ။





" ဟတ်ပီးဘတ်ဒေး နေခြည်လွှာ. . . "

" ခါးကုန်းကုန်း ဒုတ်ကောက်ကြီးနဲ့ အဘွားကြီးဖြစ်တဲ့အထိ ပျော်ပျော်ကြီးနေခွင့်ရပါစေ"

ရွှေနီ့ကို လွှာလှည့်ကာ မျက်စောင်းရွှယ်မိသည်။

အသက်ရှည်ပါစေဆိုပြီးရက်သားနှင့်. . .

" ဆံပင်ဖြူဖြူမှာ စံပယ်ဖြူဖြူပန်ပေးမယ့် အဘိုးကြီး ဆစ်ယောက်လည်းရှိနေပါစေ"

ချောစုကလည်း ပြောင်စပ်စပ်ဆို၏။

" ငါပေါ့ဟ . . . ငါပေါ့ "

နိုင်ကဝင်ပြီး အမှတ်ယူနေသေးသည်။

" စိတ်ကူးယဉ်တဲ့သူကလည်း ဘေးမှာအဆင်သင့်"

" ဟေး"



www.burmeseclassic.com

www.burmeseclassic.com



နေခြည်လွှာက ရောင်စုံမိုးပျံပူပေါင်းတွဲကြီးကို လွှတ်လိုက်သောအခါ ရွှေနိနှင့် ချောစုက လက်ခုပ်တီးပြီးအော်ဟစ်အားပေး၏။

ရင်ထဲမှာ ပေါ့ပါးလန်းဆန်းသွား၏။

" ကျေးဇူးတင်ပါတယ် "

သူငယ်ချင်းသုံးယောက်ကို လှည့်ကြည့်ကာဆိုမိ၏။

ဂါဝန်ပန်းရောင်လေးလို မျက်နှာလေးလည်း ပန်းရောင်ပြေးကာ ရယ်သံလေးက ချိုမြိန်လို့ကလိုက်လှဲနေ၏

❀ ❀ ❀ ❀ ❀

မြားနတ်မောင်စာပေ

ဟေးကနဲ အော်သံနှင့်အတူ တဖြောင်းဖြောင်း လက်ခုပ်သံကြောင့် အသံလာရာစီ 'မိုးရှင့်' လှမ်းကြည့်မိပါသည်။

ပန်းရောင်ကောင်မလေးတစ်ယောက်။

မိုးပျံပူပေါင်းရောင်စုံကို ဝရန်တာကနေ လွှတ်လိုက်တာ။

မျက်နှာကို သဲသဲကွဲကွဲ မမြင်ရ။

သဏ္ဍာန်လေးကို မြင်ရတာ။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်ကောင်မလေးရပ်နေသော ဝရန်တာနှင့် သူတက်ရပ်နေသော အပေါ်ထပ်ခေါင်မိုးပြင်ကျယ်က လမ်းတစ်ခုခြားနေပါသည်။

တလှုပ်လှုပ်လွင့်ကာတက်လာသော မိုးပျံပူပေါင်းတွေကိုကြည့်ကာသူပြုံးမိသည်။

ပန်းရောင်ကောင်မလေးက အိမ်ထဲလှည့်ဝင်သွား၏။

ဟိုဘက်တစ်လမ်းကျော် အစွန်ဆုံးတိုက် . . . ညာဘက်အပေါ်ဆုံးထပ် မိုးရင့်ချက်ချင်းပဲ မှတ်ထားလိုက်၏။

ပြီးတော့မှ သူ့အလုပ်သူလုပ်ဖို့ စလောင်းဇန်းရှိရာလျှောက်လာ၏။ စလောင်းကခုတလော ထစ်ထစ် ထစ်ထစ်နှင့်ကြည့်လို့ မကောင်း။ မော်တာတံမကောင်းဖူးဆိုသဖြင့်လဲလိုက်ပြီးပြီ။ ခုတခါ မော်တာထိပ်ဖူး (သူတို့အခေါ် အိတ်ချ်ဗွီ) လဲလိုက်ပါဆိုပြီး သူငယ်ချင်းက မှာသွားသည် ပြပေးခဲ့သည်။





" ဒါကိုဖြုတ် ဒီလို . . . ပြီးရင် ဝယ်လာတဲ့အသစ်ကိုဒီလိုတပ်လိုက် . . . ရပြီ လုံးဝ မထစ်တော့ဘူး"

" လိုင်းတွေ အားလုံး ပျောက်ကုန်ရင်ရော"

" မပျောက်ပါဘူး ပျောက်ရင် ငါ့စီ ဖုန်းဆက်လိုက်"

" အိုကေ . . . အိုကေ . . . "

နားလည်ကျွမ်းကျင်သော သူငယ်ချင်း၏ စကားအတိုင်းဒီနေ့မော်တာထိပ်ဖူး သွားဝယ်လာခဲ့ပြီ။ မဟာဗန္ဓုလပန်းခြံလမ်းက အသိဆိုင်ကပါပဲ။

သူပြထားခဲ့သလို မော်တာထိပ်ဖူးလဲဖို့ အပေါ်ထပ်ခေါင်မိုးပေါ်တက်လာခဲ့တာ။

မထင်မှတ်လဲ ပန်းရောင်ကလေးကို လှမ်းမြင်လိုက်တာ။

" ဟာ "

မိုးရင့် အံ့ဩပြီး တချက်ရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံမိုးပျံပူပေါင်းအတွဲလိုက်ကြီးက သူ့စီတည့်တည့် ရွေ့လာပါရောလား။

သူ့မျက်နှာမှာ ကျေနပ်ခြင်းတမျိုးထင်လာ၏။

ကံရေးထားတဲ့ သူလေးလား။ ဖူးစာရှင်လေးလား။

မြားနတ်မောင်ရေ . . . မင်း မကျီစယ်နဲ့ကွာ . . .

နှလုံးသားကအသစ်စက်စက်ကွ . . .

တစ်ခါမှမချစ်ဖူးသေးဖူး။

ကောင်မလေး လွှတ်လိုက်တဲ့ မိုးပျံပူပေါင်းတွေ ဒီဘက်တည့်တည့်လွင့်လာအောင် မင်းတစ်ချက်မှုတ်လိုက်တာလား။ မြားနတ်မောင်ရာ . . .။

မိုးပျံပူပေါင်းရောင်စုံက သူ့စလောင်းမှာလာငြိပြီး ရပ်သွား၏။ သူ့စီကို တန်းတန်းမတ်မတ်လာတာပဲကိုး။

မိုးရင့်ငြိမ်သက်ပြီး ခြေစုံရပ်ကာငေးကြည့်နေမိသည်။

မြားနတ်မောင်စာပေ



" ဟက်ပီးဘတ်ဒေးလွှာ" ဆိုပါလား။

ပန်းရောင်ကောင်မလေးက 'လွှာ' တဲ့လား။

သည်နေ့ ပန်းရောင်ကောင်မလေး မွေးနေ့လား။

ရောင်စုံပူပေါင်းလေးတွေ ကြယ်ပုံစံလေးတွေ အများကြီးနှင့်အတူ ငွေကျပ်တစ်ထောင်တန် အသစ်ကလေး တွေလည်းပါသည်။

စိတ်ကူးဆန်းဆန်းကလေးနှင့် ကောင်မလေးပါလား။

"လွှာ" တဲ့လား။

အမည်လေးကို မိုးရင့် ရင်ခုန်နှစ်သက်မိသည်။

ဟိုဘက်တစ်လမ်းကျော်က ဝရန်တာကိုလှမ်းကြည့်မိသော အခါ ဘယ်သူမှ မရှိပဲ ရှင်းလင်းနေသည်။

" ဟတ်ပီဘတ်ဒေးလွှာ "ဆိုသော စာတန်းကလေးကို ဖြုတ်ယူပြီး မိုးပျံပူပေါင်းတွေကို စလောင်းကနေ ဖြုတ်ယူကာ ပြန်လွှတ်ပေးလိုက်၏။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တရွှေ့ရွှေ့ တလွင့်လွင့်တက်သွားသော မိုးပျံပူပေါင်းတွေကို ကြည့်ကာ မိုးရင့် ပြုံးလိုက်၏။

လွှာဆိုတာ ဘယ်လိုပုံစံလေးလဲ။

နီးနီးကပ်ကပ်မြင်ဖူးချင်သည်။

အမည်လေးတစ်ခုက သူ့ရင်ထဲကို ထွင်းဖောက်ဝင်ရောက်လာ၏။

လွှာ . . . လွှာ

မိုးရင့်က တစ်လမ်းကျော်မှာ ဘယ်သူငယ်ချင်းရှိလဲ အပြေးအလွှား စဉ်းစားလိုက်၏။

လွှာ့အကြောင်း သူ့ကို ဘယ်သူပြောပြနိုင်မလဲ။

လွှာဆိုသော ကောင်မလေး၏ အကြောင်းတွေကို နားထောင်ကြည့်ချင်ပါသည်။

❀ ❀ ❀ ❀ ❀

ဖြစ်ချင်တော့လည်း လွှာတို့နေထိုင်သော တိုက်၏ရှေ့တည့်တည့်မျက်နှာချင်းဆိုင်တိုက်မှာ ဂျင်းသုတ် လက်ဖက်သုတ်ဆိုင်ကလေးရှိ၏။

တစ်ခါမှ မထိုင်ဖူးပေမယ့် မိုးရင့်က တမင်အချိန်ပေးပြီး မယောင်မလည်သွားထိုင်မိ၏။

မထင်မှတ်ပါပဲ သူငယ်ချင်းတစ်ယောက်ကလည်း လာထိုင်၏။ ထိုသူငယ်ချင်းကို မတွေ့တာကြာပါပြီ။ ပြီးတော့ အရမ်း ရင်းနှီးတာမျိုးလည်းမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



“ တိုမိုးရင့် ဘယ်လာတာလဲ”

“ ဒီလိုပါပဲ ပျင်းတာနဲ့ ”

“ ဒါ . . . စောသေးလို့ဗျ။ ညမိုးချုပ်ရင်ထိုင်ခုံမရှဖူး ”

“ ဟုတ်လား ”

“ ဟုတ်တယ် ကိုမိုးရင့် ကိုတစ်ခါမှ မတွေ့ဖူး ”

ဒီဆိုင်က ဂျင်းသုတ်လက်ဘက်သုတ်နာခြည်ကြီး ပြီးတော့ ရေနွေးလည်းအရမ်းကောင်းတယ်။ လူငယ်တွေ ဒီမှာ အများဆုံး ထိုင်တာယ်။

“ ဩော် ”

မိုးရင့်လည်း သူငယ်ချင်းရောက်လာတော့ အားရှိသွားတာ စွဲစွဲမြဲမြဲကြီး ကြာကြာထိုင်ဖို့တွေး၏။

ဟိုတစ်ရက်က မိုးပျံပူပေါင်းလွှတ်သောတိုက်ခန်း တိတ်ဆိတ်ငြိမ်သက်လို့ . . . မီးရောင်ပင်မရှိ။



အပြင်များ သွားနေကြတာလား။

“ ဟော့ . . . လွှာ . . . ဘယ်က ပြန်လာတာလဲ။

“ ဩော် ကိုထူး ”

သူက တိုက်ခန်းကို မော့ငေးနေတုန်းမှာပဲ ထူးဆန်းသော ကိစ္စကို ကိုထူးက ဖန်တီးလိုက်၏။

ဟုတ်သားပဲ . . . သူဖြင့်မေ့နေပြီ။ အဲဒီလူနာမည် ကိုထူး။

“ လွှာ ” ဆိုသော အခေါ်အဝေါ်ကြောင့် သူဆတ်ကနဲ ဖြစ်ရ၏။

“ ဗုဒ္ဓဟူးနေ့က မွေးနေ့ဆို ငါယည်း ဘာမှမစားလိုက်ရ ပါလား ဟ . . . ဘာယ်လိုလဲ ”

သင်းချိုသော ရင်ခုန်ချင်စဖွယ်အနံ့လေးတစ်ခုနှင့် အတူ သူ့ဘေးမှာဝင်ထိုင်လိုက်သော သဏ္ဌာန်လေးကို မယုံနိုင်စွာ လှည့်ကြည့်ပြီး ကျောက်ရုပ်လို ငြိမ်ကျသွားမိ၏။

www.burmeseclassic.com



မြားနတ်မောင်ရေ

မင်းလွန်ပြီကွာ . . .

သည်လောက်ကြီးလည်းမပိုနဲ့လေ။

သိသိသာသာကြီး။

ကျွန်တော် မိုးရင့် . . . ယောကျ်ားလှလှနဲ့ ဖွဲ့လေးထား ဖို့တော့ အခွင့်အရေး ပေးပါအုံးဗျာ။

" ပူစူးရေ . . . ရော့ . . . အိမ်ပေါ်တက်နှင့် "

လွှာကဘေးမှာရပ်နေသော ချာတိတ်မကလေးကို သော့တွဲ လှမ်းပေးကာဆို၏။

" မမေတို့ မရောက်သေးဖူးထင်တယ်"

အပေါ်ထပ်ကို မော့ကြည့်ကာ ပြောလာ၏။

ကိုထူးနှင့် လွှာက အရမ်းရင်းနှီးခင်မင်ပုံရလေ၏။ လွှာ့ကို ကြည့်ရတာသည်ဆိုင်ကလေးမှာ သူငယ်ချင်းတွေ လာတိုင်း ဆင်းထိုင်နေကြဖြစ်ပုံရ၏။





မိုးရင့်မှာ ဘာမှမကြိုးစားလိုက်ရပဲ ဘာမှမပင်ပန်းလိုက်ရပဲ

" ကိုမိုးရင့် . . . ဒါ . . . နေခြည်လွှာတဲ့ . . . ဟို အပေါ်ထပ် ငါးလွှာကလေ . . . လွှာ ဒါ ကိုမိုးရင့်က ( . . . )မှာ လုပ်တယ်လေ မန်နေဂျာပေါ့ "

" အင်း "

နေခြည်လွှာက ခုမှပဲ ဘေးကလူကို ဆတ်ကနဲ လှည့်ကြည့် မိ၏၊ စေ့စေ့ကဖြင့် မကြည့်မိပါ။

ဟယ်တော့။

နေခြည်လွှာ့ကို တစိုက်မတ်မတ်ကြည့်နေလိုက်တာ မျက်တောင်ပင်မခတ် အသက်မှ ရှူသေးရဲ့လား။

လွှာလည်းသူ့ကို အံ့အားသင့်သွားပြီး ပြန်ကြည့်မိ၏။

တစ်ယောက်နှင့်တစ်ယောက် ခပ်ကြာကြာ အကြည့်ချင်း ဆုံမိကြ၏။ လွှာကအရင် သတိဝင်ကာမျက်နှာလွှဲမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလွှဲလိုက်ပေမယ့် သူ့မျက်နှာ သူ့မျက်လုံးသူ့နှုတ်ခမ်းနှင့် စူးရဲသော သူ့အကြည့်ကို မျက်လုံးထဲအရိပ်ထင်ကာနေမိ၏။

မျက်တောင်တဖျတ်ဖျတ်ခတ်ကာ မနည်းဖျောက်မိ၏။

" ကိုထူးတို့ မှာချင်တာမှာလေ ... လွှာ ရှင်းပါ့မယ်"

" အိုကေ ... အိုကေ"

မိုးရင့် လွှာ့ကို စိုက်ကြည့်နေမိဆဲပါပဲ။

" ဟိတ် ... မှာလေ ... ဘာစားမှာလဲ"

ကိုထူးဆတ်ကနဲ လှမ်းရိုက်မှပဲ သူ ရှက်ပြုံးတစ်ခုနှင့် အကြည့်လွှဲမိတော့သည်။

" ကျွန်တော်ရှင်းပါရစေ ... မိတ်ဆွေဖြစ်တဲ့ အမှတ်တရ"

လွှာနှင့် မျက်လုံးချင်းဆုံကြည့်ကာ ပြောမိ၏။

" ဟင့်အင်း ... လွှာ ကျွေးပါ့မယ် "

မြားနတ်မောင်စာပေ



မရဲတရဲလေးကြည့်ပြီး မျက်လွှာချသွားတော့မိုးရင့်ရင်ခုန်မြန်သွား၏။ သူ့ရင်ခုန်မိတာ မမြန်လွန်းဖူးလား။

" ဒီလိုလုပ် ... ဒီနေ့တစ်ယောက်ကျွေး ... မနက်ဖြန်တစ်ယောက်ကျွေး" ဟု ကိုထူးက ရယ်သံနှင့်နောက်၏။

" မင်းရော "

မိုးရင့်ကပြန်မေး၏။

" ငါက သဘက်ခါ ကျွေးမှာပေါ့ကွာ" ဟု

မျက်နှာရှုံ့မဲ့ကာ ပြန်ဖြေ၏။

မိုးရင့်နှင့်လွှာအတူတူရယ်မိကြသည်။

ထိုရယ်သံနှစ်ခုကိုပြန်ကြားရတော့ ရင်ထဲမှာအရမ်းပျော်မိ၏။ ရယ်သံတွေပေါင်းစည်းသွားပြီး

" ကိုမိုးရင့်က ဘယ်မှာနေတာလဲဟင်"

" အဝေးကြီးပဲ "

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လွှာမေးလိုက်တာကို ကိုထူးက ဝင်နောက်၏။

" ဟိုဘက်တစ်လမ်းကျော်မှာပါ "

မိုးရင့် အဖြေကို လွှာက မျက်ခုံးလေးပင့်ကာ . . .

" တစ်ခါမှ ဒီဆိုင်မှာ မတွေ့ဖူးပါဖူး " ဟု အံ့သြ၏။

" ဟုတ်တယ် . . . မထိုင်ဖူးဘူး "

" တချို့ဆို ဟိုးအဝေးကြီးကတောင် လာထိုင်ကြတယ်"

" တမင်မထိုင်တာမဟုတ်ဘူး မနက်အလုပ်သွားည ပြန်ရောက်တော့ လမ်းလမ်းထိပ်ကလက်ဖက်ရည်ဆိုင် လောက်ပဲဆင်း ဖြစ်တော့တယ်"

" အင်း "

မိုးရင့် ရှင်းပြတာကို လွှာက ခေါင်းညိတ်သည်။

" ဟုတ်မယ် . . . လွှာဆို စာမေးပွဲတွေ ဘာတွေရှိနေရင် နီးနီးလေးပေမယ့် မထိုင်ဖြစ်ပါဘူး"



" လွှာ . . . ကျောင်းပြီး ပြီလား "

" ဟင့်အင်း . . . နောက်ဆုံးနှစ်ပါ"

" ဟုတ်လား ဘယ်မှာတက်တာလဲ "

" အဝေးသင် "

" ဘာမေဂျာလဲ "

" ဘောတနီလေ (ရုက္ခဗေဒ)

" ဟာ . . . ကျွန်တော်လည်း ဘောတနီနဲ့ ပြီးတာပဲ "

" ဟင် . . . ဟုတ်လား "

" ဟုတ်တယ် နှစ်နှစ်ကျော်ပြီ "

" ဘွဲ့အခန်းအနားတက်ပြီးပြီလား "

" ပြီးပြီ "

မိုးရင့်နှင့် လွှာက စကားလက်ဆုံကျစရာအကြောင်းအရာ တစ်ခုရသွား၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တန်းတော့ နှစ်ယောက်စလုံး၏ရင်ထဲက ဆန္ဒက စကားလက်ဆုံကြပြီး ရင်းနှီးသွားချင်တာပါ။

" ဒီမှာ . . . လွှာ ဘယ်အချိန်ထိုင်တတ်လဲ "

" တစ်ယောက်တည်းတော့ မထိုင်ဖူးပါဘူး၊ သူငယ်ချင်းတွေလာရင် ဆင်းထိုင်လိုက်တာပဲ စားလည်းစား စကားလည်းပြောပေါ့"

" ကောင်းတာပေါ့ "

" အရမ်းအဆင်ပြေတယ် အိမ်ပေါ်မှာဆို လူကြီးတွေနဲ့ပြီးတော့ သူတို့လည်း လှေခါး အမြင့်ကြီးမတက်ရတော့ဘူး နောက်ပြီးသူတို့ကို ဧည့်ခံကျွေးဖို့လည်း ကိုယ်ကထပြီး လုပ်ပေးစရာမလိုဖူးလေ"

လွှာက ရယ်သံကလေးတစ်ဝက်နှင့် ကြည်ကြည်နူးနူး ပြောပြမိပါသည်။ ဘာလို့များ အလိုလိုနေရင်း ရွှင်ပျနေမိသလဲ။ ရင်ထဲမှာ ပျော်နေမိသလား။ စိတ်လှုပ်ရှားမိတာလား။





သူက ကိုထူးသူငယ်ချင်းဆိုတော့ ကိုထူးကတော့ သူ့အကြောင်းတွေသိမှာပါ။

လွှာက ဘာလို့ သူ့အကြောင်းတွေသိချင်မိတာလဲ။

စိတ်ကဆန်းကြယ်လွန်းနေသည်။

ခုမှ မြင်ဖူးသောသူ့အပေါ် အရမ်းရင်းနှီးနေသလို ခံစားရ၏။ သူ့စကားသံရယ်သံပြီးတော့ မျက်လုံးအကြည့်ဟန် အမူအရာတွေအားလုံး လွှာနှင့် ယဉ်ပါးနေသည်။ စိမ်းသက်မနေ။

" လွှာ့ကို ကျွန်တော်ပြစရာတစ်ခုရှိတယ်။

" ရှင် "

လွှာက မျက်လုံးလေးဝိုင်းပြီး သူ့ကိုကြည့်လာ၏။

" ဘာများလဲ "

" အခုမပါလာဖူး အိမ်မှာ နောက်နေ့ယူလာခဲ့မယ်လေ"

" အင်း "



www.burmeseclassic.com

www.burmeseclassic.com



" ဒါဝေမယ် "

မိုးရင့်က စကားမဆက်သေးပဲလွှာ့ကို ကြည့်နေ၏။

" ပြောလေ "

လွှာ၏ မဝံ့မရဲ အကြည့်လေးက နွေးရှိန်းချိုမြလွန်းသလိုပါ။ သူကပဲ တဖက်သပ်ထင်မိတာလား။

" တကယ်လို့ ကျွန်တော် ပြတဲ့အရာကိုလွှာ အံ့ဩရင် ကျွန်တော့်ကို တစ်ခုခုကျွေးရမယ် "

" အဟင်း . . . ရပါတယ် "

" ဒီဆိုင်မှာတော့ မဟုတ်ဖူးနော် "

" အင်းပါ . . . ကျွေးမယ် "

သူ့ကိုကြည့်ရတာ လွှာ့ကိုသိနေခဲ့သလိုပါလား။

စူးစူးစမ်းစမ်းနှင့် အကဲခတ်မိ၏။

သေချာတာက လွှာ သူ့ကို မသိပါလား။





" မနက်ဖန် ဘယ်အချိန်ဆုံမလဲ"

" မနက်ဖန် . . . လွှာ အပြင်ထွက်စရာရှိလား "

" ရှိတယ် . . . အင်တာဗျူး သွားဖြေရမယ် "

" ဘယ်အချိန်လဲ "

" မနက်ကိုးနာရီ "

" အိုကေ . . . ကျွန်တော်တို့ ကားမှတ်တိုင်မှာဆုံကြမယ်လေ မကောင်းဖူးလား"

" အင်း "

လွှာက ပြုံးတုံ့တုံ့ ခေါင်းညိတ်မိသည်။

မိုးရင့် ရင်ခုန်သံတွေ ပိုမြန်လာ၏။

" ကိုမိုးရင့်က အလုပ်သွားမှာလား"

" ဟုတ်တယ် . . . ဖယ်ရီက ကားမှတ်တိုင်နားမှာပဲလာကြိုပေးတယ် "



www.burmeseclassic.com

www.burmeseclassic.com



" အော် "

ခေါင်းစွပ်ပါသော တီရှပ်အနက်ကလေးကို အနားမှာ အမျှင်အမွှားလေးတွေ ပါသော စပန့်စကတ်ရှည်ရှည်ဖားဖား ကလေးနှင့် တွဲဝတ်ထားတော့ နေခြည်လွှာပုံစံက ပေါ့ပေါ့ပါးပါး ကလေးနှင့် ရှိုးမထုတ်ထားပဲလှနေ၏။

ဟိုနေ့တုန်းကလို တောက်တောက်ပပကြီးမဟုတ်ပေမယ့် ဖြူသောအသားကလေးနှင့် မျက်နှာ ဖူးဖူးကလေးက ထင်းလင်းနေ၏။ ခပ်ဝေးဝေးကမြင်တုန်းကတော့ သည်လောက်ချစ်စရာကောင်းမှန်းမသိခဲ့။

" လွှာက . . . "

မေးဖို့ပြင်ပြီးမှ သူ့ဘာစကားရပ်ထားပြီး စိုက်ကြည့်နေ၏။

" ဟင် . . . ဘာလဲ "

နေခြည်လွှာက သူ့ကိုနားမလည်စွာမေး၏။



" လွှာက မိဘတွေနဲ့ အတူတူနေတာလား "

မိုးရင့်မေးခွန်းကြောင့် လွှာက ခေါင်းငုံ့သွားပြီး ကိုထူးက အော်ရယ်၏။

" ဟုတ်တယ် . . . ရည်းစားလည်းမရှိဖူး "

ကိုထူးဖြေလိုက်ပုံကြောင့် လွှာ့မျက်နှာလေးရဲတွတ်သွား၏။

" ဟာ . . . ငါက မေးကြည့်တာပါ "

" ရပါတယ် . . . ဘာ သိချင်သေးလဲ . . . မေး "

" တော်ပါပြီ "

မိုးရင့်လည်း မျက်နှာကြီးထူပူလာပြီး ရယ်မိ၏။

တခဏလေးအတွင်းမှာပင် သူတို့ရင်းနှီးသွားကြတော့သည်။

မမြင်ရသော တစ်စုံတစ်ရာက ဇွတ်အတင်းသူ့ဘက်ဝင်ပါ တွန်းပို့ကူညီခဲ့တာတော့ ငြင်းမရ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

" နေခြည်လွှာ" က လျှောက်လာနေသော သူ့ကို
ာ်ခမ်းလေးပွင့်ဟ သွားအောင်ပင် မျက်လုံးဝိုင်းကလေးနှင့်
နေမိ၏။

မနေ့ညက သူ့ကို ကြည့်တောင်းလိုက်တာဟုသာ ထင်ခဲ့
သာ လူချော လူသန့်တစ်ယောက်ပါလားဆိုတာ ခုမှသေချာ
၏။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှပ်အင်္ကျီလိမ္မော်ရောင်ဖျော့ဖျော့ကလေးနှင့် နက်ပြာစင်း တုတ်အင်္ကျီနှင့် ဘောင်းဘီရှည်နှင့် ရှူးဖိနပ်နှင့် ကော်လံမှာ တပ်ထားသော မြွားနှစ်စင်းက ငွေရောင်ကလေး။

တကယ့်တို သန့်ပြန့်သပ်ရပ်ပြီး ခန့်နားဝံ့ထယ်သော ယောက်ျားပီပီသသစတိုင်။

ကုမ္ပဏီကြီးတစ်ခု၏ မန်နေဂျာကောင်းတစ်ယောက် ပီသပါပေ၏။

" ဖယ်ရီမလွှာသေးဖူး . . . ဆယ့်ငါးမိနစ်လောက် လိုသေးတယ်" ဟု သူက ခပ်တိုးတိုးဆို၏။

နေခြည်လွှာက ခေါင်းငုံ့ရင်းပြုံးမိ၏။

" ဟာ . . . ဘာပြုံးတာလဲ"

" သဘောကျလို့ပါ"

မပွင့်တပွင့်ပြေမိ၏။



" မစောလွန်းဖူးလား ကျွန်တော့်ဘက်ကဘာမှ မပြောရ သေးဖူး " ဟု သူက အတည်နှင့် ဆိုလာတော့ . .

" ရှင် " ဟု အလန့်တကြား ဖြစ်ရသည်။

" လွှာက ရိုးရိုးပြောတာပါ . . . ရှင် ဝတ်ထားပုံက သိတ်ခန့်ညားလွန်းတယ်"

" အင်း . . . ကျွန်တော်လက်ဖက်ရည်တိုက်ပါ့မယ်၊ ဒါပေမယ့် လွှာ့ဘက်က ရိုးရိုးပြောပြော ဆန်းဆန်းပြောပြော ကျွန်တော့်ဘက်က မရိုးတော့ဘူး"

" ဟာင် "

" ဟုတ်တယ် . . . စ ကတည်းက မရိုးတာ"

ရယ်သံတစ်ဝက်နှင့် ဝန်ခံ၏။

နေခြည်လွှာက သူ့ကို စူးစူးကလေး ကြည့်နေ၏။

သူက လက်ထဲဆွဲထားသော အိတ်ထဲက စာရွက်ကလေး တစ်ခု ထုတ်ယူပြီး လွှာ့လက်ထဲလှမ်းပေး၏။

www.burmeseclassic.com

www.burmeseclassic.com



" ဟယ် "

လွှာက မြင်လိုက်ကတည်းကသိသည်။ လက်ထဲမရောက်ခင်ပဲသိနေပြီ။ မွေးနေ့တုန်းက မိုးပျံ့ပူပေါင်းမှာ ချိတ်ပြီ လွှတ်ခဲ့သော ဟတ်ပီးဘတ်ဒေးဟုရေးထားသော စာတကလေး။

သူ့စီဘယ်လိုလုပ်ရောက်နေပါလိမ့်။

" ဘယ်ကရတာလဲဟင် "

မိုးရင့်က ရယ်နေပြီး ချက်ချင်းမဖြေ။

" ဘယ်လိုရတာလဲ ပြောပြလေ "

" အံ့ဩတယ် မဟုတ်လား"

" အင်း "

နေခြည်လွှာက ချက်ချင်းခေါင်းညိမ့်သည်။

" ဒါဆို တစ်ခုခုကျွေးရမယ် "



" ကျွေးမှာပါ . . . ပြောပြ "

" ကျွန်တော့်စီ လွင့်လာတာ "

" တကယ် "

" အင်း ကျွန်တော်က ခေါင်မိုးပေါ်တက်ပြီး စလောင်းထိပ်ဖူးလဲနေတုန်း လွှာတို့ လွှတ်လိုက်တဲ့ ပူပေါင်းတွဲကြီးက တန်းတန်း မတ်မတ်ကို ရောက်လာတာဗျို့ " ဟု မိုးရင့်က ရှင်းပြသည်။

လွှာက သူ့ကိုငေးကြည့်ရင်း နားထောင်နေမိ၏။

" ကဲ . . . ပြော . . . ညစာကျွေးမှာလား နေ့လည်စာကျွေးမှာလား . . . ဒီနေ့လား မနက်ဖန်လား "

" မိုးရင့်က မေးလာ၏။

" မနက်ဖန် "

" အိုကေ . . . "

www.burmeseclassic.com

www.burmeseclassic.com



သူက ကျေနပ်သွား၏။

လွှာက မျက်ခုံးကလေးရှုံ့လျက် . . .

" တွန်း . . . ရှင့်စိကိုမှ ဘာလို့ရောက်သွားရတာလဲ"

" ဒါလား . . . ဒါလွယ်လွယ်ကလေးပါ"

" ဘယ်လို "

" လွှာနဲ့ ကျွန်တော်နဲ့ကို ဆုံဆည်းစေချင်လို့ "

" အမယ် . . . သူဘာက်သူယက်ပြီး ပြောတတ်လိုက်တာ . . . မဆိုင်ပါဘူးလေထဲ လွှတ်လိုက်မှတော့ ရောက်ချင်ရာ ရောက်မှာပေါ့ . . . မဆန်းပါဘူး "

" ဆန်းပါတယ် . . . အဲဒီအချိန်ကတည်းကလွှာ ကျွန်တော်တွေ့လိုက်တာလေ"

မိုးရင့် မနေနိုင်ပဲ ပြောမိတော့သည်။

" သြော် . . . ဒါကြောင့် ရှင်က လွှာတို့ အိမ်ရှေ့ ဂျင်းသုတ်ဆိုင်ကလေးကို ရောက်လာတာပေါ့ "





" အဟား . . . မဟုတ်ပါဘူး "

သူ့ ငြင်းပုံက အားမပါ။

" လွှာ အဲဒီနေ့က ပန်းရောင် ဂါဝန်ရှည်ကလေးနဲ့ "

" ဟင် . . . ရှင် မှန်ပြောင်းနဲ့ ကြည့်တာလား "

" ဟာ . . . မဟုတ်ပါဘူး ဒီအတိုင်း ကြည့်တာပါ နေရသားပဲ။ သိပ်မှမဝေးတာ" ဟု မိုးရင့်က ငြင်းပြီးဖြေ၏။

" လွှာ လုံးဝသတိမထားမိဖူး"

နေခြည်လွှာ၏ စကားကို သူလုံးဝ ယုံပါသည်။

သူက သာ မြင်လိုက်တာ . . . လွှာကမမြင်။

" မနက်ဖန် ဘယ်အချိန်ဆုံမလဲ "

နေခြည်လွှာက စဉ်းစားနေ၏။

" မနက်ဖန်ဆို ကျွန်တော်တို့ တွေ့တာသုံးခေါက်မြောက် စကားပြောလို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



" ဟင် . . . ဘာကြီးမှန်းလည်းမသိဖူး"

ဖိုးရင့်တို့ လွှာမျက်စောင်းကလေးရွယ်သည်။

" ကြိုးကြောထားတော့ လွှာလည်းစဉ်းစားထားလို့ ရတာပေါ့ . . . ပိုမကောင်းဖူးလား "

" သွား . . . ရွှတ်နောက်နောက်နဲ့ "

" နောက်တာမဟုတ်ဘူး ကျွန်တော် မနက်ဖန်တကယ် လူပျိုစကားပြောမှာ "

သည်မျှ သိမ်မွေ့နက်ရှိုင်းသော အပြုံးနူးနူးညံ့ညံ့ကလေးကို သူတစ်ခါမှ မကြုံဖူးသေးပါ။

❀ ❀ ❀ ❀ ❀



" ဟာ . . . ဒါ ကျွန်တော့်စာရွက် မဟုတ်ဘူးလေ "

" ဟင် . . . မှားသွားပြီထင်တယ် . . . ဟိုးမှာတွေ့လား အနီရဲလေးနဲ့ . . . အဲ့ဒီကောင်မလေးနဲ့ မှားသွားတာထင်တယ်။ ထိုက်ယူလိုက်ပါနော်။ ကျွန်မလည်း ဒီမှာတစ်ယောက်တည်းမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလာတော့ မိုးရင့်ဘာမှ ပြန်ပြောမနေတော့ပဲ အနီရောင်ကောင်မလေးနောက် ပြေးလိုက်လာမိ၏။

ခါတိုင်းဆို မီတာကို အိမ်က တစ်ယောက်ယောက်လာဆောင်နေကြပါ။ သည်နေ့မှ မေမေက သူ့ကို ဆောင်ခိုင်းလိုက်တာ။ ဖြတ်ပိုင်းစာရွက်ကိုင်ကာ သူပြေးလိုက်ပေမယ့် ကောင်မလေးက ကားပေါ်တက်ပြီး ဝူးကနဲမောင်းထွက်သွား၏။

ဟိုက် . . . ပြဿနာ။

မိုးရင့်ချက်ချင်းပဲ သူ့ပြိုင်ဘီးဘေးကို ရောက်လာပြီး ပြိုင်ဘီးလေးနှင့် ကားနောက်သို့လိုက်ခဲ့၏။

သိပ်မှမကွာတာ . . . ကားမောင်းတာကလည်း နှေးသည်။ မိုးရင့်က "ဟေ့ . . . ဟေ့" ဟုခေါ်လိုက်တော့ ဆတ်ကနဲ လှည့်ကြည့်၏။ သူက လက်ထဲက ဖြတ်ပိုင်းစာရွက် ထောင်ပြသည်။



အနီရောင်ကောင်မလေးက မျက်စောင်းနှင့်ဆတ်ကနဲ လှည့်သွား၏။

ဟာ . . . ဘာကြီးလဲ။

ကားကို အရှိန်တင်ပြီး သူ့စက်ဘီးကို ကျော်တက်သွား၏။ ဒေါင်တောက်တစ်ချက်ခတ်မိသည်။

သူ့ကိုသူ့အထင်ကြီးလို့ . . . ။

မိုးရင့်က ဒီလိုလူ့စားလား . . . ။

ကောင်မလေးတစ်ယောက်ကိုနောက်ကလိုက်ပြီး စာပေးတဲ့လား။ စိတ်မကူးခဲ့ဖူးသော အခြေအနေပါ။

အနီရောင်ကောင်မလေး၏ ကားကို သူ့အားကုန်[illegible]တော့ ပြန်မီလာ၏။ ကောင်မလေးကဒေါသနှင့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



" ကားခဏရပ်ပါဒုံး "

သူ အော်ပြောလိုက်၏။

ကောင်မလေးက ကားကိုလမ်းဘေးကပ်ပြီး ရပ်လိုက်ကာ ကားပေါ်ကဆင်းသည်။

မိုးရင့်က ပြိုင်ဘီးနှင့် အနီရောင်ကောင်မလေးဘေးနား ရောက်သွား၏။

" ရော့ "

လက်ထဲက ဖြတ်ပိုင်းစက္ကူခေါက်ကလေးကို လှမ်းပေး၏။

" မယူပါဖူး ရှင်ဘယ်သူလဲ "

" ဟင် . . . "

" ဘာစာလဲ . . . မယူဖူး . . . ရှင် ဘာလို့ ဖွတ်လိုက်နေတာလဲ "



မိုးရင့် သည်းမခံနိုင်ပဲ အော်မိသည်။

" ဘယ်သူက ခင်ဗျားကို စာပေးနေလို့လဲ "

" ဟင် . . အူတူတူနဲ့ "

" အူတူတူက ခင်ဗျား . . . ကျုပ် မဟုတ်ဘူး "

" ရှင်ပဲ စက်ဘီးနဲ့ ကားနောက်ကို မမှိမှိအောင်လိုက်ပြီး ပေးနေတာလေ . . . ရှက်ဖို့ကောင်းတယ် "

" ကွတ် "

မိုးရင့်က တော်တော်စိတ်ပျက်သွား၏။

ဘာလို့ သည်လိုဖြစ်ရတာလဲ။

မဟုတ်သေးပါဖူးကွာ . . .

အနီရောင်မလေးပြောသလိုသာဆို သူ့ကိုဘေးက မြင်ရတာ တောင်မလေးကို စာလိုက်ပေးနေသော လူတစ်ယောက်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သိက္ခာကျလိုက်တာ။

မကြံစည်ပဲ အထင်လွဲခံရတာ။

ဟုတ်လို့ဆိုလည်းထားတော့။

မြားနတ်မောင်ရေ. . .

မင်း ဒီတစ်ခါ . . . ဘယ်လိုလုပ်လိုက်တာလဲ။

အနီရဲရဲဝတ်စုံလေးနှင့် မျက်မှန်ကို လည်ပင်းမှာချိတ်လို့. . .။

ချစ်တော့ ချစ်စရာလေးပါပဲ။

လွှာလိုအသားမဖြူ။

ညိုညိုစင်းစင်းကလေး။

မျက်နှာကလေးက တော်တော်လှသည်။

နှာတံချွန်ချွန် နှုတ်ခမ်းပါးပါးကလေး။



မျက်ခုံးညိုညို . . . ဆံပင်ညိုညို . . . မျက်လုံးအညိုရောင်ကလေး။

ခေတ်နှင့် ညီသောပုံစံလေး။

" ဒါပဲ မဟုတ်လား။ ရှင့်စာ . . . မယူဖူး မလိုက်နဲ့တော့ မနှောင့်ယှက်ပါနဲ့ . . . ဟွန်း . . . မျက်စိကျွတ်ကျတော့မယ်"

သူ့ကိုမကျေမနပ်ပြောတော့မှပဲ သူ့အကြည့်လွန်သွားတာသတိပြုမိပြီး အားနာသွား၏။

" စား . . . မဟုတ်ဖူး . . . ဒါဖြတ်ပိုင်း . . မိတာဖြတ်ပိုင်းစာရွက် ခင်ဗျားမှ. .ယူသွားလို့ လိုက်လာပြီးလဲရတာ"

မိုးရင့်မောမောနှင့် ပြောချလိုက်၏။ တကတည်းများ. . . အံရောဗျာ။

" ဟင် "

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက မျက်နှာလေးပျက်သွားပြီး အနေခက်သလိုဖြစ်သွားလျှက် . . . နောက်မှ . . .

" စောစောကတည်းက ရှင်းရှင်းပြောပါလား " ဟု ရန်လုပ်၏။

" မင်းမှ ပြောခွင့်မပေးပဲ"

အနီရောင်ကောင်မလေးက ကားတံခါးဖွင့်ပြီးပိုက်ဆံအိတ်ဆွဲယူလျှက် မီတာ ဖြတ်ပိုင်းထုတ်ယူပေး၏။

" ခင်ဗျား နည်းနည်းပါးပါး ကြည့်ယူဖို့ကောင်းတယ် "

" အမယ် . . . လူကိုလာအပြစ်မတင်နဲ့ . . . ရော့ . . . ဟိုဟာပေး"

ဖြတ်ပိုင်းစာရွက် ခင်ဗျားမှာယူသွားလို့ လိုက်လာပြီး လဲရတာ"





ဖြတ်ပိုင်းစာရွက်ချင်း လဲလိုက်ကြ၏။

ကောင်မလေးက ကားပေါ်တက်ပြီး ဂျိန်းကနဲ တံခါးပိတ်၏။

" ဖြည်းဖြည်းပေါ့ "

" ဘာ "

" ဩော် . . . မနှမျောတတ်ရင် မတွန့်တိုတတ်ရင် အမည်လေးသိပါရစေ။ ကျွန်တော်က မိုးရင့်ပါ "

လိပ်စာတော့ ဖြတ်ပိုင်းစာရွက်ထဲမှာတွေ့လိုက်တယ်

ကောင်မလေးက မပြုံးချင်ပြုံးချင် ပြုံးကာ . . .။

" ရွှေနီ " ဟု ပြတ်ပြတ်ဆို၏။

" ရွှေနီ . . . ဟုတ်လို့လား . . . ခင်ဗျားအဖေဟာ ဦးမောင်မောင်လှိုင်လေ . . . ခင်ဗျား ညာတတ်သလား "

www.burmeseclassic.com



" ဟွန့် . . . လှောင်ရယ်လိုက်တာ "

တောင်မလေးက နှာခေါင်းရှုံ့ပြီး . . . သူ့ကို မျက်စ

ာလေး မြူကာကြည့်လျှက်

" ရွှေနီမောင်မောင်လှိုင် . . . သိပြီလား . . . မ

လည်းနေ . . . ဒီလို အသေးအဖွဲလေးတွေ မညာတတ်ဖူး" ဟ

မိုးရင့်ကို ပြန်ဖြေပြီး ဆတ်ကနဲရှေ့လှည့်ကာ ကားစ

နှိုး၏။

"ကြီးကြီးမားမားဆို ညာတတ်တာပေါ့ . . . ဟုတ်လား"

သူမေးဖြစ်အောင် မေးလိုက်၏။

" သေလိုက် "

ရွှေနီဆိုသော တောင်မလေးက သူ့ကိုအနိုင်ပိုင်းပြောကာ

ကားကို မောင်းထွက်သွား၏။

မြားနတ်မောင်စာပေ



မိုးရင့်က ပြိုင်ဘီးကို ကုန်းနင်းကာ ဖွဖွပြုံးရင်း

ခေါင်းရမ်း၏။

မြားနတ်မောင်ရေ။

ဒီတစ်ခါ စ, လာကတည်းက မောကြီးပန်းကြီးနောက်က

လိုက်ရပါရောလား။

ဒီလိုမလုပ်သင့်ပါဘူးကွာ။

ရွှေနီ့ဘက်ကို ဘက်ပင်းတာတော့ မကျေနပ်ချင်စရာကြီး။

တဖက်စောင်းနင်း မလုပ်နဲ့လေကွာ . . .

သာချင်းသာ . . . မိုးရင့်ဘက်က အသာစီးရအောင်

ပိုးကူညီသင့်တာ . . . ဟဲ . . . ဟဲ။

❀ ❀ ❀ ❀ ❀

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

" ဒီတစ်ခါရော . . . ဘာမျှားမှားပြီး ယူလာမိလို့လဲ "

ခြံရှေ့က အုတ်ခုံလေးပေါ် ထိုင်နေသော မိုးရင့်ကို ရွှေနီက ခြံဝင်းတံခါးဖွင့်ထွက်လာတာ ခမေးလိုက်၏။

" မဟုတ်ပါဘူး . . . တမင်လာတာပါ . . . ဝန်ခံပါတယ် . . . ဒီဘက်ကိုကိစ္စနဲ့ လာရင်းခြံနံပါတ်ကို မှတ်မိနေတာနဲ့ . . . "

" ဒါဆို ဘာလို့ ဘဲလ်မတီးတာလဲ "

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေနီက သူ့ရှေ့မှာ လက်ကလေးပိုက်ကာရပ်ပြီး မေး၏။

" ခုပဲလှမ်းအော်ခေါ်မလို့ "

" ဘယ်လာတာလဲ "

မိုးရင့်က ပြန်မဖြေပဲ ရွှေနီ့ကို စူးစူးကြည့်၏။

" တမင်လာတာ "

" ဟင် "

ရွှေနီက နားမလည်နိုင်စွာကြည့်၏။

" ခဏာပဲဒီဘက်ကို ကိစ္စနဲ့ လာတာဆို "

" အခုမဟုတ်တော့ဘူး မရဖူးလား "

" ဘာကြီးမှန်းလည်းမသိဘူး "

ရွှေနီက မိုးရင့်ကိုမြင်တော့ လှိုက်ကနဲ ပျော်သွားပေမယ့် ဟန်ဆောင်ထိန်းချုပ်ထားမိသည်။

" ရှင်က မှတ်ဉာဏ်ကောင်းသားပဲ "





ဖြတ်ပိုင်းစာရွက်ပါ လိပ်စာကို သူသေချာမှတ်မိသည်ပဲ။

" အဲ့ဒါ ယောက်ကျ်ားလေးတွေရဲ့ မွေးရာပါ အားသာချက် "

" ဟင်း . . . ဟင်း . . . ဟင်း "

ရွှေနီရယ်ပုံလေးက သိပ်ချစ်စရာကောင်းသည်။ လက်ဖဝါးလေးနှင့် ပါးစပ်ပိတ်ပြီးရယ်တာ။ နှုတ်ခမ်းကို မမြင်ရပေမယ့် မျက်လုံးစူးစူးကလေးတွေက ရွှန်းလက်လွန်းလှ၏။

အသက်ပါအောင် ရယ်တတ်လိုက်တာ။

ငိုရင်ရော ငိုရင်ရော ခုလိုပဲ ချစ်စရာကောင်းမှာပဲလား ငို ငိုအောင်စပြီး ငိုပုံလေးကို ထိုင်ကြည့်ချင်သည်။

" ဘာကြည့်တာလဲ "

" သဘောကျလို့ "

" ဘာရယ် . . . "

" သဘောကျလို့ပါဗျာ "



www.burmeseclassic.com

www.burmeseclassic.com



" ဟွန့် . . ပြောရဲလိုက်တာ "

" အရှိ အရှိတိုင်းပြောတာပဲ "

ရွှေနီက သူ့ကို နှာခေါင်းလေး ရှုံ့ပြ၏။

" ကျွန်တော် လုံးဝ အညာတတ်ဘူး "

" ဟုတ်လို့လား "

" နောက်တော့ သိလာမှာပါ "

" နောက်တော့ . . . နောက်တော့ ဆိုတာ ရှိလို့လား "

" ရွှေနီက ထပ်မတွေ့ချင်ဘူးလား "

မိုးရင့်က မျက်နှာပျက်သွားရင်းမေးတော့ ရွှေနီက နှုတ်ခမ်းလေးကိုက်ပြီး တုန့်ပြန်စကားမဆို။

" ပြောလေ . . . ပွင့်ပွင့်လင်းလင်းပေါ့ "

" အင်း . . . ကျွန်မ မာနမကြီးတတ်ပါဘူး "

" ဒီလိုမှပေါ့ "





မိုးရင့် မျက်နှာပြုံးသွား၏။

ရွှေနီက မျက်လွှာလေးချပြီး ရယ်နေသည်။

ဟိုတစ်ရက်က အမှတ်မထင် ဆုံခဲ့ပေမယ့် သည်လို ခေါ်တင်ကြီး ရောက်လာရမည်မထင်။

အံ့အားသင့်ရင်း ကျေနပ်မိသည်။

သူလည်း ရွှေနီ့အပေါ် မှတ်မှတ်မိမိ ရှိသားပဲ။

" ဟော . . . မောင်မိုးရင့် . . . ရောက်နေမှကိုး "

" ဟုတ်ကဲ့ အန်ကယ် "

ဖေဖေထွက်လာပြီး ခေါ်လိုက်တော့ ရွှေနီပိုပြီး မျက်လုံးဝိုင်းသွား၏။

"အန်ကယ့် ကားနဲ့ပဲ သွားရအောင် "

" ဟုတ်ကဲ့ . . . ကျွန်တော့်ကို ကုမ္ပဏီက ကားပေးလိုက်တယ်။ အန်ကယ်ရှေ့က သွားလေ။ ကျွန်တော်လိုက်ခဲ့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဟုတ်လား . . . အေး . . . အေး . . . စာရွက်စာတန်းတွေ စုံရဲ့လားကွာ"

"စုံပါတယ် . . . စိတ်ချပါ"

ဖေဖေက ကားရှိရာ ပြန်လှည့်လျှောက်သွား၏။

ကြည့်စမ်း . . . လူလည်။

ယောကျ်ားလေးတွေရဲ့ မွေးရာပါအားသာချက်လေး ဘာလေးနဲ့ ညာတတ်လိုက်တာ။

ရွှေနီကဖြင့် အဟုတ်ကြီးမှတ်ပြီး ယုံလိုက်မိတာ။

တော်တော် ပိရိပါလား။

ဖေဖေ့စီ ကိစ္စနဲ့ လာတာကိုများ ရွှေနီ့စီပဲ တကူးတက လာသလိုလို။

ဟွန့် . . . မုန်းလိုက်တာ။

ပရိယာယ်ကလည်း များလိုက်တာ . . . လဒ . . . လဒ



မကျေနပ်လွန်းလို့ ဒေါသဖြစ်မိ၏။

ရှက်လည်းရှက်မိပါသည်။

သည်လိုမျိုး လုပ်စရာလား . . . စိတ်ပုပ်။

မိုးရင့်က တစ်ချက်ရယ်မိသည်။

"ခင်ဗျားက ကိုယ့်ကိုယ်ကို အရမ်းအထင်ကြီးတယ်။ ရမ်းသမ်းပြီး ထင်ပစ်လိုက်တာပဲ . . . "

ရွှေနီ မခံချင်အောင် စ,မိသည်။

"ရှင် ဘာလို့ချော်လဲရောထိုင်လုပ်ရတာလဲ"

"မလုပ်ရင် ခင်ဗျားငိုမှာစိုးလို့"

"ဒါ . . . ငိုစရာလား . . . လုံးဝမငိုသေးဖူး . . ."

"အလကားစတာပါ ကျွန်တော် ရွှေနီစီ လာလည်မှာပါ တကယ်ပါ ယုံပါ။ တမင်သက်သက် တကူးတကလာခဲ့မှာပါ။ ရွှေနီ ကျွန်တော့်ကို ကော်ဖီတိုက်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



မိုးရင့်က ပြေရာပြေကြောင်းပြောလိုက်၏။

သူကြောင့် ဘယ်သူ့ကိုမှ မနစ်နာစေချင်ပါ။

အခုတော့ ရွှေနီ ရှက်သွားရှာပြီ။

သူတမင်လုပ်တာတော့ မဟုတ်ပါ။ မတော်တဆ အဲ့ဒီလို ဖြစ်သွားတာ။

မြားနတ်မောင်ရေ . . .

မင်း ဘာတွေ ရှုတ်လိုက်တာလဲ . . . ။

ရွှေနီ့ရှေ့တည့်တည့်ရောက်အောင် မင်းတွန်းပို့လိုက်တာလား။

မိုးရင့်ဖွဖွပြုံးမိသည်။

ကုမ္ပဏီက ပေးသော စာရွက်ကို ယူပြီး လာသာလာခဲ့မိတာ ရွှေနီ့ဖေဖေဟု မတွေးမိခဲ့ပါ။

ရွှေနီ့လိပ်စာကို အဲဒီနေ့က မှတ်မိပေမယ့် အခုမမှတ်မိတော့ပါ။ မေ့သွားခဲ့ပြီ။





ဒါကို ရွှေနီက တမျိုးထင်နေသေးသည်။

" ရှင်ဟာ တော်တော် မုန်းစရာကောင်းတဲ့သူ . . . "

" ဟုတ်လား . . . ဟုတ်မှာပါ "

သူကအောင့်သက်သက်နှင့် ပြန်ပြောမိ၏။

" ကျွန်တော်က သေးသေးဖွဲ့ဖွဲ့ဆို ညာတတ်တယ် "

" ဘာ "

" ပြီးတော့ လူတဖက်သား စိတ်ချမ်းသာမယ်ဆိုရင် ညာတတ်တယ်။ ဟက် . . . ဟက် . . . ဟက် "

" ဟွန့် . . . ရယ်တာကလည်း လူမမာ ချောင်းဆိုးတာ ကျနေတာပဲ "

အပြစ်မရှိအပြစ်ရှာပြီးနှိမ့်ချပြောလိုက်မှန်း နားလည်၏။ စည်မရလို့သာ ရှုံ့ချကဲ့ရဲ့တာ။

" သွားမယ် . . . မနက်ဖန်လာခဲ့မယ် "



www.burmeseclassic.com

www.burmeseclassic.com



" မနက်ဖန် . . . ဟုတ်လား "

" အင်းလေ . . . ညနေပိုင်းပေါ့ အလုပ်ဆင်းမှ "

" ပြီးရော "

ရွှေနီက စီးထားသော ဖိနပ်အမြင့်လေးကို တဖုန်းဖုန်းမြည်အောင်လျှောက်သွား၏။

မိုးရင့် သူမခြေထောက်ကလေးကို ကြည့်မိသည်။

ဖိနပ်က အနီရဲလေး . . . အရှပ်ကလေးလည်းပါသည်။

နှစ်ဖက်စလုံးမှာ ဖဲချိန်းဝတ်ထားပြီး ခြေသည်းနီက အပြာရောင်လေး။ ခေါင်းဘီ ဒူးဆစ်ဖုံးလေးက ခြေအလှကို ပေါ်လွင် စေ၏။ မိုးရင့်က ပြန်လှည့်လျှောက်ခဲ့ရင်း ရွှေနီဆိုသော ကောင်မလေးအကြောင်းစဉ်းစားမိသည်။

လွှာနှင့် ရွှေနီကို တွေ့တာ ငါးရက်ပဲ ရှိအုံးမည်။





ကိုယ့်ဘဝထဲကို 'လွှာ' ဝင်ရောက်လာတော့ ဒါ . . . ဖူးစာရှင်လေးပဲလား ဟုထင်လိုက်ပြီး နောက်လေးရက်အကြာမှာ ရွှေနီဆိုသော ကောင်မလေးနှင့် ထပ်ဆုံရပြန်သည်။

သူ ဘာကိုမှ တစ်ထစ်ချမယုံရဲတော့။

သူ့ဖူးစာရှင်လေးက လွှာလား ရွှေနီလား။

ဒါမှမဟုတ်နောက်ထပ်တစ်ယောက်လား။ ဘာမှမသေချာ။

ရွှေနီကလည်း သူ့အပေါ်လိုလားနွေးထွေးသည်။

ဟူး။

သူရွေးရခက်ပြီ။

တစ်ဘဝစာတစ်သက်လုံးအတွက် သူ့အပေါ်ဘယ်သူက ပိုချစ်နိုင်သလဲ။ ဘယ်သူက ပိုခိုင်မြဲစစ်မှန်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



မတွေးတတ်တော့ပါ။

ရွှေနီကို မြင်တော့လည်း သူသဘောကျ မိတာပါပဲ။

ရင်ခုန်သံက အားမနာ မနှောင့်နှေး မတွေဝေ။

တဒိန်းဒိန်းနှင့် ရင်ခုန်သံမြန်လာသည်။

ရွှေနီနှင့် စကားပြောရတာပျော်သည်။ ရန်ရှာသော ကောင်မလေးမို့ မထိတထိစရတာ ကြည်နူးစရာ။

လွှာက ရွှေနီ့လို မဟုတ်။ အေးအေးကလေးနှင့် သိမ်မွေ့သည်။

ရွှေနီကတော့ သူနှင့်လက်ရည်ညီသည်။

သူဆရာလုပ်တာ ခံမည့်ပုံမရှိ။ လွှာ့လိုမျက်လုံးဝိုင်း ကလေးနှင့်ဟုတ်လား ... ဟုတ်လား ဟု သူပြောသမျှ ယုံနေမည့်ရုပ် ကလေးမဟုတ်။ သူတို့နှစ်ယောက် လုံးဝမတူ။

တူနေတာက မိုးရင့် ရင်ခုန်သံပါပဲ။



ရင်ခုန်မိတာက နှစ်ယောက်စလုံးကို

မဟုတ်သေးပါဖူး မိုးရင့်ရာ ...

မင်း မဟုတ်သေးဖူး။

တစ်ယောက်ပဲ ရင်ခုန်သင့်တာ ...။

နှစ်ယောက်စလုံးကို ရင်ခုန်တော့ မင်းဘယ်သူ့ရွေးမလဲ။

သူ့ကိုသူ မိုးရင့်မေးမိသည်။

တဖြည်းဖြည်း စဉ်းစားတာကောင်းမည်။

အလောတကြီး ဆုံးဖြတ်လို့လည်းရမှမရတာ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

ရွှေနီက တံခါးဖွင့်ပေးပြီး သူ့ကိုဝေဖန်၏။

" ရှင်ဘယ်လိုလူစားလဲဟင် . . . "

" ဗျာ "

အကျီတွေစို့ရွဲသွားတာကို မိုးရင့်က လက်နှင့်ခါပစ်၏။

" ဒီလောက်စိုနေမှတော့ အဲ့ဒီလိုခါလည်းအပိုပဲ။ မိုးရွာရင် ထီးယူရမှာပေါ့ မိုးတာ ဂျက်ကင်ဖြစ်ဖြစ်"

" ထီးက လက်ထဲကိုင်ထားရတာ ရှုတ်တယ် . . . ဂျာကင် ဝတ်ရင် အရမ်းအိုက်တယ် "

ပြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



" ဆင်ခြေ များလိုက်တာ "

" မိုးက ဒီနားရောက်မှ ရွာတာ . . . ကြိုမပြောဖူး "

မိုးရင့်က ဆံပင်တွေသပ်ကာ နောက်ရွတ်ရွတ်လုပ်နေ၏။

" ပေါ့တီးပေါ့ဆနဲ့ "

" ထီးယူရမှာတကယ်ဝန်လေးတာ . . . ရွှေနီပဲ အမြဲ ဆောင်းပေးပေါ့ "

" ဘာ "

ရွှေနီ အသံစူးစူးကြောင့် သူက . . .။

" တိုးတိုးပြောပါ . . . နားကွဲတော့မယ် " ဟု လက်ကာ ပြ၏။

" ရှင့်ကို ဘယ်သူက ထီးဆောင်းပေးပါ့မယ်လို့ ပြောသေးလို့လဲ "

" ကြိုတင်တောင်းဆိုထားတာ "





" အင်းလေ . . . ကြည့်ရသေးတာပေါ့ "

ရွှေနီက သူ့ကို သင်ခန်းစာခက်ခက်မေးတော့မည့် ဆရာမ ပုံစံနှင့် . . .

" ကော်ဖီဆိုင်သွားရအောင် " ဟု ဆိုလာ၏။

" မိုးအရမ်းသည်းနေတယ် အိမ်မှာ ဖျော်သောက်တာ ပိုကောင်းပါတယ်။ မိုးတိတ်မှ သွားတာပေါ့"

" ခုပဲ သွားမယ် "

ဆုံးဖြတ်လိုက်သလို ထီးကလေးသွားယူလာ၏။

" ရော့ . . . သေချာ ဆောင်းပေး "

" ဟာ "

ချက်ချင်းလက်ငင်းကို စတော့တာ။

" အိုကေလေ . . . ရပါတယ် "

မိုးရင့်က ထီးကို လှမ်းယူပြီး တစ်ယောက်တည်း ဆောင်းကာရှေ့မှ လျှောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာ . . . ထီးပိုင်ရှင် မျက်နှာလည်းကြည့်အုံး"

" ဒါလား . . . ရပါတယ် . . . မီအောင် ပြေးလိုက်ပေါ့"

" ကြည့်စမ်း . . . စိတ်ပုပ် . . . လဒ "

" ဟာ . . . ခင်ဗျား ကျွန်တော့်ကို 'လဒ' လို့ ခေါ်တယ်"

မိုးရင့်က မှုန်တင်းတင်း လှည့်မေး၏။

" ထီးဆောင်းပေးစေချင်ရင် လက်မောင်းချိတ်ထား"

" အမယ် . . . မချိတ်ပါဘူး "

" ရွှေနီ မတွဲထားရင် ထီးကိုင်ရတာ လက်ညောင်းတယ်"

" ဟင့်အင်း . . . ဘာလို့တွဲရမှာလဲ ဘာဆိုင်လို့လဲ"

မိုးရင့်က ရွှေနီ့လက်ကို ဆတ်ကနဲ ဆွဲယူပြီး ထီး ထည့်ပေး၏။

" ခင်ဗျားပဲ ဆောင်း . . . ကျွန်တော် မိုးရေထဲ လျှောက်မယ် "





ရွှေနီက သူ့ကို ကြည့်ကာပြုံး၏။

" ကလေးကျနေတာလဲ "

မိုးရင့်က မိုးရေထဲ တစ်ယောက်တည်းလျှောက်နေ၏။

" ကျွန်တော့်ကို လဒလို့ ဘယ်သူမှ မပြောဖူး "

" စ,တာပါနော် "

ရွှေနီက ထီးကိုလက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာထားရင်း ပြန်ဖြေ၏။ မိုးရင့်က ဖြုန်းကနဲဆို ရွှေနီ့လက်ထဲက ထီးကို ပိတ်ပစ်လိုက်၏။

" ဟင် . . . ဘာလုပ်တာလဲ . . . ရွဲကုန်ပြီ "

" ဟား . . . ဟား . . . ဟား "

သူ့ရယ်သံက မိုးသံနှင့် ရောပြီးလွင့်သွား၏။

" ကျွန်တော့်ကိုမှ ထီးမဆောင်းပေးပဲ"

ရွှေနီက သူ့ကိုနှုတ်ခမ်းကိုက်ပြီး စိုက်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



" ဆောရီး . . . ဆောရီး . . . ပေး . . . ပေး ပြန်ဖွင့်ပေးမယ် "

မိုးရင့်က ရွှေနီတကယ် စိတ်ဆိုးမှာစိုးပြီး ကမန်းကတန်း ထီးပြန်ဖွင့်ဖို့ပြင်ပြီးမှ နွဲ့နွဲ့ကလေးရပ်နေသော ရွှေနီ့စီအကြည့်ရောက်၏။

သူ့စိတ်သူ မထိန်းနိုင်ပဲ . . . ရွှေနီ့ရှေ့တိုးရပ်ကာ ရွှေနီ့ကိုယ်လေးထို့ ရင်ခွင်ထဲဆွဲယူလျက်တင်းကြပ်သွာဖက်ထားလိုက်မိသည်။

ရွှေနီက မျက်လုံးကလေးပြူးကာ ငြိမ်နေမိသည်။သူ့ခုလိုလုပ်လိုက်မည်ဟူ မထင်သဖြင့် ရုတ်တရက်ကြောင်ငေးသွားရသည်။ သတိဝင်မိချိန်မှာ သူ့ရင်ခွင်က ရွှေနီရုန်းမထွက်ချင်။

ရင်ခုန်သံကို ရှက်စွာသိဝှက်ရင်း သူ့ရင်ခွင်ကျယ်မှာမျက်နှာအပ်ကာ သူ့ကျောပြင်ကို ပြန်ဖက်တွယ်ထားမိသည်။





သူက ရွှေနီ့ ပုခုံးစွန်းလေးကို ဖွဖွမွှေးရှိုက်သည်။

" ကျွန်တော့်ကို ရွှေနီချစ်ရမယ် "

မိုးရင့်က ပိုင်ပိုင်နိုင်နိုင်အမိန့်ပေး၏။

တကယ်ဆိုလွှာနှင့် ဦးစွာဆုံခဲ့တာပါ။

လွှာ့ကို သူက ချစ်ခွင့်ပန်ခဲ့သည်။ လွှာက ငြိုးစားပါရစေဟု ဆိုထားခဲ့သည်။

ရွှေနီနှင့် သူ ခုမှ သိကြခင်ကြတာ။

တစ်ခါတစ်လေ မထင်မှတ်လောက်အောင် မြန်မြန်ဆန်ဆန်ချစ်မိတာသည်လည်းပဲ အချစ်၏ နက်ရှိုင်းရှုတ်ထွေးသော အမိပ္ပါယ်တွေထဲက တစ်ခုတော့ဖြစ်လိမ့်မည်။

" ရှင့်ကို မချစ်ပါဘူး "

ရွှေနီ့အသံတိုးတိုးကလေးကို မိုးရေထဲမှာ သူသဲသဲကွဲကွဲကြားပါသည်။ ❀



www.burmeseclassic.com

www.burmeseclassic.com



" ဘာဖြစ်လို့လဲ "

" ရှင်က အနိုင်ကျင့်တယ် "

" ဟာ . . . ဘယ်တုန်းကလဲ "

" အမြဲတမ်းပဲ "

" မဟုတ်တာ . . . ရွှေနီက ကျွန်တော့်ကို နိုင်တာပါ "

မိုးရင့် မကျေမနပ်ပြန်ပြောမိ၏။

ရွှေနီက မိုးရင့်ကို စွာစွာစူးစူးပြန်အော်၏။

" ကျွန်မကိုချစ်ရင်တော့ ကျွန်မသည်းညည်းခံရမှာပဲ "

မိုးရင့်က တုန့်ပြန်စကားမဆိုမိပဲ ရယ်လိုက်သည်။

ချစ်မှန်းသိရင်ရောင့်တက်တတ်တာ မိန်းကလေးသဘာဝလား။

သူချင့်ချိန်တွေးဆကြည့်မိသည်။

❀ ❀ ❀ ❀ ❀

မြားနတ်မောင်စာပေ

" လွှာ "

" ဟင် . . . မမေဦး "

မမေဦး၏ အဘွားက လွှာတို့နေသောတိုက်မှာနေတာမို့ မမေဦးက တစ်ပတ်ဆယ်ရက် တစ်ခါအနည်းဆုံးရောက်လာတတ်၏။

" အဘွားစီလာတာလား "

" ဟုတ်တယ် . . . လွှာ့ကို တွေ့ပါတယ်နော် "

" ဟင် . . . ဟုတ်လား "

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မမေဦး အကြည့်က အဓိပ္ပါယ်တစ်မျိုးပါနေ၏။

“ ဘယ်မှာတွေ့တာလဲ ”

“ နေပြည်တော်ရုံရှေ့မှာ . . . ”

လွှာ ရှက်ပြုံးလေး ပြုံးလိုက်၏။

“ ဟုတ်တယ် ကော်ဖီဆိုင်သွားထိုင်တာ ”

“ လွှာ့ကောင်လေးကို မြင်ပါတယ် ချောချောကလေး”

“ မဟုတ်ပါဘူး . . . ”

မျက်နှာလေးရဲကာ ငြင်းမိသည်။

“ အသိသာကြီးပါလွှာရယ် . . . မမေဦးက နိုင်များလားလို့”

“ နိုင် မဟုတ်ပါဘူး . . . သူက ကိုမိုးရင့်ပါ ”

“ အင်း . . . မှတ်မိအောင် သေချာကြည့်လိုက်တယ် ”

လွှာမျက်နှာလေး အထားရခက်ကာ ဘာပြောရမှန်းမသိ။

“ လွှာနဲ့ သိပ်လိုက်တယ်”





“ ဟုတ်လို့လား ”

“ ဟုတ်တာပေါ့ ပြော . . . ဘယ်တော့ စားရမလဲ ”

“ ဟင် . . . အဲ့ဒီလောက်မမြန်ဘူး လွှာအဖြေမပေးသေးဘူး”

“ ဩော် . . . ဒီလိုလား ”

မမေဦးက လွှာ့ကို ရယ်သည်။

ရယ်မှာပေါ့လေ . . . မမေဦးက ကလေးနှစ်ယောက်အမေ။ အိမ်ထောင်ကျနေခဲ့တာ လေးငါးနှစ်မကတော့ပါ။

လွှာက ခုမှချစ်သူထားမလို့ စဉ်းစားနေတုန်း။

“ မဆိုးပါဘူး အဲ့ဒီကောင်လေး . . . ရုပ်က တော်တော်ချောတယ် ”

ကြည်နူးစွာပြုံးလိုက်မိတာက လွှာ။ ရင်ထဲမှာ ကျေနပ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



" လွှာ "

" ရှင် "

" မမေဦးဆိုင်ကို လာခဲ့အုံးလေ "

" အင်း "

" ပိုက်ဆံအိတ်ကလေးတွေ အသစ်ရောက်တယ် ဒီဇိုင်းဆန်းဆန်းတလေးတွေ လွှာမြင်ရင် ကြိုက်မှာ "

" ဟုတ်ကဲ့ လာခဲ့အုံးမယ် "

မမေဦးက ဗိုလ်ချုပ်ဈေးထဲမှာ အလှကုန်ဆိုင်ဖွင့်ထားသည်။ လွှာအမြဲအားပေးနေကြပါ။

ပိုက်ဆံအိတ်တို့ ပုဝါတို့ကလစ်တို့ မျိုးစုံရောင်းသည်။

" လာမယ်ဆိုပြီးမေ့နေအုံးမယ် "

" လာမှာပေါ့ လက်သည်းနီလာဝယ်မလို့ "

" အင်း . . . အင်း . . . လာခဲ့အုံး "





လွှာ့ကို မမေဦးက ခင်ပါသည်။ အိမ်ထောင်မကျခင်ကတစ်တိုက်တည်းနေကြတော့ ညီအစ်မတွေလို တရင်းတနှီး။

" လွှာ့ကောင်လေးက ဘာလုပ်လဲ "

" ( . . . ) ကုမ္ပဏီမှာ မန်နေဂျာပေါ့ "

" ဘယ်ဆိုးလို့လဲ "

လွှာ့ကို စေ့စေ့ကြည့်ကာ မမေဦးက . . .

" ဒါဆိုနိုင်ရော . . . မောင်နိုင် သနားပါတယ် " ဟုဆို၏။

" နိုင်က သူငယ်ချင်းပါ "

" သူဘက်ကတော်တော် မျှော်လင့်မှာနော် "

စာနာစွာတွေးပေးနေ၏။

" ဟုတ်တော့တုတ်ထိတယ် "

" ထင်သလိုမဖြစ်ဖူးနဲ့ တူပါရဲ့ "

" ရှင် "



www.burmeseclassic.com

www.burmeseclassic.com



" ဩော် . . . လှာ တကယ်တန်းကျရင် မောင်နိုင်နဲ့ပဲ ဆုံမှာပါလို့ မမေဦးက ထင်ထားခဲ့တာ"

" ဟုတ်လား "

" ဒါပေမယ့် ဖူးစာဆိုတာ ကျိန်းသေပြောလို့မရဖူး"

" နိုင့်ကို လှာခင်ပါတယ်"

" အဲဒီတစ်ယောက်ကို နိုင်သိလား "

" ဟင့်အင်း "

" မမြင်ဖူးသေးဘူးလား "

" ဟုတ်တယ် သူတို့ မဆုံဖြစ်သေးဖူး "

" အင်း . . . ရင်ခုန်ချင်စရာပဲ "

မမေဦးက နောက်၏။

" နိုင့်ကို နားလည်အောင်ပြောပေါ့ သူငယ်ချင်းတွေ မဟုတ်လား အခင်မင်ပျက်သွားရင် မကောင်းဖူး"





" အင်း "

လှာ့ကမျက်နှာပျက်ပျက်နှင့် ခေါင်းညှိမ့်သည်။

မိုးရင့်နှင့် သိကျွမ်းခင်မင်သွားလာနေတာ နိုင်ငံရင် စိတ်ဆိုးမှာလား မသိပါ။

နိုင် စိတ်ဆိုးမှာတော့ လှာ စိုးရိမ်မိသည်။

ဘယ်တော့မဆို လှာ့အပေါ် ကောင်းသော သူငယ်ချင်းပါ။

" အေးအေးဆေးဆေးစကားပြောရအောင် ဈေးထဲ သာခဲ့လေ "

" အင်း . . . လာခဲ့မှာပါ "

" ရွှေနီနဲ့ ချောစုရော"

မမေဦးက မေးဖို့သတိရသည်။

" လှာ့မွေးနေ့ပြီးကတည်းက မဆုံဖြစ်တာမမေဦးရဲ့။ ရွှေနီက သင်တန်းတက်နေတယ် ချောစုက သူ့အဖေစက်ရုံမှာကူ နေရတယ်လေ မတွေ့ဖြစ်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်လား "

" ဖုန်းတော့ ပြောဖြစ်ပါတယ် "

" သူတို့နှစ်ယောက်ရော ဘာထူးပြီလဲ "

" လွှာ မမေးကြည့်ဖြစ်ဘူး "

မမေဦးကမှ မေးကြည့်ဖို့စိတ်ကူးဝင်သေးသည်။

ဟုတ်ပါရဲ့။

ရွှေနီနဲ့ ချောစု . . . ချစ်သူတွေ ဘာတွေ တွေ့နေပြီလား . . . မသိ။

ဖုန်းဆက်ပြီးမေးကြည့်မှာပဲ။

လွှာကိုယ်တိုင်တောင် မိုးရင့်နှင့် ဆုံဆည်းခင်မင်သေးတာ။

သူတို့လည်းထူးခြားမှုရှိချင်ရှိနေမှာ။

လွှာ့ကိုမပြောလဲ သူတို့ ဖုံးထားချင်ဖုံးထားမှာ။



တစ်ချက်ပြုံးမိ၏။

" မမေဦး "

" ဟင် "

" အိမ်မှာ ထမင်းလာစားလေ "

" မစားတော့ပါဘူး ညီမလေးရဲ့ . . . ကလေးကို ပြန်ကြိုရ အုံးမှာ ခဏပဲ နေပြီးပြန်မယ် "

" ခါတိုင်း ဘယ်လိုလုပ်လဲ တစ်နေကုန်ဈေးထွက် နေရတာ "

" သူ့အဖေကြိုပြီး အိမ်ပြန်ပို့ပေးတယ် "

" ဩော် "

မမေဦးက ဈေးထဲက သူ့ဆိုင်လာဖို့ သေချာခေါ်၏။

ခုတလော ရွှေနီနှင့် ချောစုကလည်း မလာတော့ သုံးယောက်မဆုံဖြစ်ပဲ ဘယ်မှလည်း မသွားဖြစ်ပါ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



နိုင်က ဖုန်းဆက်ပြီး "ကိစ္စရှိလို့" ဟုဆိုကာ ကော်ဖီဆိုင်ချိန်း၏။ လွှာက ရေချိုးချိန်ပင်မရပဲ ချက်ချင်းထွက်လာခဲ့ရ၏။

" ပြော . . . ဘာကိစ္စ "

ကော်ဖီဆိုင်ကို နိုင်က ကြိုရောက်နေပါသည်။

" လွှာ . . . ငါ ခရီးထွက်ရမယ် "

" ဟင် . . . ဟုတ်လား "

နေခြည်လွှာက အံ့အားသင့်မိသည်။

နိုင့်ကို မိုးရင့်နှင့် ဆုံပြီး မိတ်ဆက်ပေးမလို့ဟာ။

ခုတော့ စိတ်ကူးပျက်ရပြီ။

" ကြာမှာလား "

" သုံးလေး ငါးလပေါ့ "

" သြော် "

လွှာက နိုင့်ကို ငေးတေးတေးလေးကြည့်မိသည်။

မြားနတ်မောင်စာပေ



" ငါ့မှာ ချစ်သူရှိနေပြီ နိုင်" ဟု ဖွင့်ဟအသိပေးရမှာ စောလွန်းသေးသည်။

လွှာမှ မိုးရင့်ကို ခေါင်းမညိမ့်ရသေးတာ။

တစ်ယောက်ကိုတစ်ယောက် တစ်သက်လုံးအတွက်ပါဟု အပြန်အလှန် ကတိမပြုရသေးတော့ ဘာမှ မသေချာသေး။ ခိုင်မာသေချာမှ ဖွင့်ဟ အသိပေးတာကောင်းလိမ့်မည်။

ဘယ်လိုပဲဖြစ်ဖြစ် လွှာ အသိပေးလိုက်လျှင် နိုင် စိတ်မကောင်း ဖြစ်သွားမှာ။

နိုင်ရယ်။

သူငယ်ချင်းလိုပဲ ခင်ပါရစေ။

" လွှာ "

" ဟင် "

" နင် ငါ့ကို ဝမ်းသာနေအောင် တစ်ခုခုပြောပါလား"

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လွှာ ဖြေရခက်သည်။

ရင်ထဲမှာ သေချာနေတာက မိုးရင့်ကို အရမ်းချစ်နေမိ

နိုင့်ကိုတော့ သံယောဇဥ်ရှိပါသည်။

မိုးရင့်ကိုမှ လွှာက တဖျတ်ဖျတ် ရင်ခုန်မိလ

နှလုံးသားက လူးလွန့်လာပြီး အချစ်ကို ဦးညွှတ်လက်ခံမိသည်

နိုင့်ကို အဲ့ဒီလိုတွေ မဖြစ်မိပါ မဖြစ်ဖူးပါ။

" ပြောလေ "

" လွှာ မဆုံးဖြတ်ရသေးဖူး "

" ကြာလိုက်တာဟ . . . စောင့်ရတာမောလာပြီ "

" နိုင် . . . နင်အရမ်း မမျှော်လင့်ပါနဲ့ "

" ဘာလို့လဲ "

" အဖြေက ဘယ်လိုလာမလဲ မသိဖူးလေ"

နိုင်က နေခြည်လွှာကို စူးစူးစမ်းစမ်းကြည့်လာ၏။





သူ့မျက်လုံးတွေကြောင့် မလုံမလဲ ဖြစ်မိသည်။

မျက်နှာလွှဲကာနေမိသည်။

သူဘာတွေအကဲခတ်မိသလဲ။

လွှာ့စိတ်ကို သူမြင်သွားမှာလား။

ရင်ထဲမှာတော့ စိုးတထင့်ထင့်။

နိုင်က သူငယ်ချင်းကောင်းတစ်ယောက်ပါ။ လွှာ့ဘက်က

စ်ခါခါ မလုပ်ရက်။ သည်လိုကိစ္စမျိုးကျတော့ မပြတ်သား

သည်း မရပြန် လွှာ့အတွက်ရော နိုင့်အတွက်ပါ ပြတ်သားဖို့

အပ်ပါသည်။

မျှော်လင့်ချက်တွေ ပုံအောထားရင်း နိုင်အရမ်းရင်နာ

မှာစိုးလို့ပါ။

" လွှာ "

" ဟင် "



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ . . . တစ်ခါမှ လွှာဒီလို မပြောဖူးဘူး"

ဟော . . . သူရိပ်စားမိပြီ။

ဟန်မဆောင်တတ်သော လွှာက ခံစားချက်မျက်နှာမှာ ပေါ်နေသည်။

နိုင်တလည်း လွှာ့အကြောင်းကို သိသူပါ။

"လွှာ ဘာဖြစ်နေတာလဲ"

"ရေရေရာရာတော့ သူလည်းမသိနိုင်။

"ငါ့ကို နင်လက်မခံဖူးဆိုတာ သေချာပြီလားလွှာ"

"မဟုတ်ပါဘူး"

"ဒါပေမယ့်နင့်စကားကြီးက တစ်မျိုးပဲ"

သူ့စိတ်ထဲမှာ ထင့်သွားခဲ့ပြီ။ မရှင်းလင်းတော့ပါ။

"လွှာ့မှာ ချစ်သူရှိနေပြီလား"

"ဟင့်အင်း"



"လွှာတစ်ခုခုဖြစ်နေတယ် ငါသိတာပေါ့"

နေခြည်လွှာက ပြန်မငြင်းပါ။

"ပွင့်ပွင့်လင်းလင်းပြောပါဟာ"

"စောသေးလို့ပါနိုင်ရယ်"

"ဘာတွေလဲဟာ"

နိုင်တကယ် ရင်ပူသွားမိပြီး လွှာ့ကို ထားခဲ့ပြီး ခရီးမှာပင် စိတ်မဖြောင့်တော့သလိုပါ။

"ငါတို့ ဖူးစာပါရင် ဆုံရမှာပေါ့ နိုင်ရဲ့"

လွှာက နိုင့်ကို စိတ်မထိခိုက်စေချင်။

ခရီးသွားခါနီး စိတ်အနှောင့်အယှက် မဖြစ်စေချင်။

ပြန်လာမှပဲဖွင့်ဟအသိပေးပြီး မိုးရင့်နှင့် မိတ်ဆက်ပေးမည်။

"ချောစုတို့ ရွှေနီတို့ကို သွားနှုတ်ဆက်ပြီးပြီလား"

www.burmeseclassic.com

www.burmeseclassic.com



နေခြည်လွှာက မမေ့အောင် သတိပေး၏။

" သွားမှာပါ " ဟု နိုင်က ပြန်ဖြေပြီး လွှာ့ကို ဆုံးရှုံးလိုက်ရမှာ ကြောက်သလိုကြည့်နေ၏။

❀ ❀ ❀ ❀ ❀

" ဟဲ့ . . . မြန်လိုက်တာ . . . နင်ကလည်း ကိုတောင် ခဏမစောင့်ဘူး "

အသံလေးတစ်ခုနှင့်အတူ သူ့ရဲ့ တီရှပ်အဖြူကို ရုတ်တစ်ရက် ဆုပ်ကိုင်လိုက်သဖြင့် မိုးရင့် အံ့သြသွားရသည်။

စက်လှေကားအတက်မှာမို့ အာရယ်ညာရယ်လည်း ရှင်းနိုင်အားသေး . . . ကောင်မလေးကဆက်ပြီး တွတ်တွတ်နှင့် . . .

မြားနတ်မောင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



" ချောဘာလုပ်နေတာလဲ သိလား ... Kanebo ကာနီဘိုမှာ နှုတ်ခမ်းနီသွားကြည့်နေတာ ... စိတ်ညစ်ပါတယ်။ ချောကိုအရောင်ဝိုင်းကူ ရွေးပေးမယ့်သူလည်းမပါဘူး ... နင်တလည်း လှစ်ခနဲဆိုပျောက်ရော ဘာမှန်းလဲ မသိဘူး ... ငါ ဆိတ်ပစ်လိုက်ချင်တယ် အဟုတ်ပဲ ..."

အင်္ကျီပေါ်ကနေ တစ်ချက်ဆိတ်ပစ်တာပင် ခံလိုက်သေးတာမို့ မိုးရင့် တစ်ယောက်အောင့်သက်စွာ ဖယ်ပစ်ဖို့ ကြိုးစားသည်။

သို့သော် ကောင်မလေးက သူ့အင်္ကျီစကိုမလွှတ် ...။

" နင်နော် ... ဘယ်တွေခြေရှည်ဦးမှာလဲ ဆိုက်ဘာကဖေးမှာ သွားဂျောက်ချမယ် မစဉ်းစားနဲ့ ... အပြန်ကျရင် ထိုင်းစားသောက်ဆိုင်မှာ ငါ့ကို နာနတ်သီး ထမင်းကြော် လိုက်ကျွေးရမယ် ... ဒါပဲ "



အမိန့်ပေးကာ အဆက်မပြတ်ပြောရင်းကပဲ စက်လှေကား ဆင်းရမှာမို့ အမြန်ဆင်းကာ ခြေလှမ်းချလိုက်ရသည်။

" နေဦးဆို ... ချော နှုတ်ခမ်းနီကြည့်ပေးဦး အရောင်နဲ့ လိုက်လားဆိုတာ ..."

စိတ်မြန်လက်မြန် မျက်နှာချင်းဆိုင်လှည့်လိုက်မှပဲ ...

" ဟင် ... ရှင် ... "

ဆုပ်ထားသော အင်္ကျီစကို ရုတ်တရက် ဖြေလွှတ်ကာ နှုတ်ခမ်းလေးဟပြီး မျက်လုံးလေးပါ ဝိုင်းသွားရသည် ...။

" ခင်ဗျား ပြောလို့ပြီးပြီလား "

ချောမောခန့်ညားသော မျက်နှာတစ်ခုမှာ လှောင်ပြုံးနှင့် ုင်သလိုလို ...

" ဆောရီးပဲ ... ချောသူငယ်ချင်းထင်လို့ပါ ... "

ရှက်အမ်းအမ်းနှင့် တောင်းပန်လိုက်ပေမယ့် သူ့မျက်လုံး မထီတထီအကြည့်ကိုဖြင့် စိတ်ထဲတယ်မခံချင်။

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်လား နှုတ်ခမ်းနီကြည့်ပေးဖို့ လိုသေးလား "

" အောင်မယ် . . . ရှင်ဘာပြောတယ် "

" မင်း ပြောတာပဲလေ . . . "

" လူကိုဘာမှတ်နေလဲဟင် . . . ကျွန်မသူငယ်ချင်းနဲ့ မှားသွားတာ ရှင်ကမယုံဘူးလား . . . "

" အဲဒီလို မပြောမိပါဘူး "

" သူ အခုတင်ရှိတာ ဘယ်ရောက်သွားလဲမသိဘူး . . . ရှင့်လိုပဲ မီးခိုးစင်းလေးတစ်ခုပါတဲ့ တီရှပ်အဖြူနဲ့ပဲ . . . ရှင်နဲ့ အရပ်လည်းအတူတူလောက်ပဲ . . . "

" ကိစ္စမရှိပါဘူး . . . ရပါတယ် . . . "

" နေစမ်းပါဦး . . . ရှင်က တော်တော်ဘဝင်မြင့်ပါလား "

" ဟ . . . ခင်ဗျား အသားလွှတ်ပဲ "

" လူမှားချင်ယောင်ဆောင်ပြီး ရှင့်ကို အကြောင်းရှိက် မိတ်ဖွဲ့တယ်လို့များ ထင်နေသလား . . . ပြောစမ်းပါဦး . . . "





ကောင်မလေးက မျက်နှာနီနီနှင့် စိတ်ဆိုးမာန်ဆိုးမေး၏။

ဆံပင်ကောက်ကောက်ဖွာဖွာလေးနှင့် ပန်းဖျော့ရောင် ဝတ်စုံလေးနှင့် ချောဆိုတဲ့ အမည်နှင့်လိုက်ဖက်အောင် အတော်ကြီး ချောမောနုနယ်နေပါသည်။

မျက်နှာလေးက ရောင်စုံခြယ်ထားတာမို့ ကော်ရုပ်လေး တစ်ရုပ်နှင့် ပိုတူသည်။

" မှားချင်ယောင်ဆောင်လည်းပဲ . . . ကိစ္စမရှိပါဘူး . . . ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး . . . "

" ဟင် . . . ရှင် . . . ရှင် "

ကောင်မလေးပို၍ စွေ့စွေ့ခုန်သွားသည်။

" ရှင်က ဘယ်လောက်များချောနေလို့လဲ မင်းသားမို့လား အဆိုတော်မို့လို့လား . . . "

" ဒါတော့မသိဘူးလေဗျာ . . . ကျွန်တော်ချောမချော ဆိုတာတော့ကြည့်တဲ့သူကပဲ ဆုံးဖြတ်ရမှာ မဟုတ်ဘူးလား "



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရဲ့ ဟန်ပန်ကြောင့် မိုးရင့်ကစချင်ဟ
မိသည်။

ပြောပြီး သူလှည့်ထွက်တော့ . . . အကျီစကို ပြန်ဆ
ဖြန်တာ . . .

" နေဦး . . . ရှင်မသွားနဲ့ဦး . . . "

" ဘယ်လိုလဲဗျ . . . ခင်ဗျားက အကျီ
လာဆွဲနေပါလား . . . ကျွန်တော့် အကျီကျေကုန်ပြီ "

" ကျေ . . . ကျေ . . . "

" ဟောဗျာ "

တော့်တော်ကြောက်ဖို့ကောင်းတဲ့ကောင်မလေး . . .

" ကျွန်မသူငယ်ချင်းအကျီဟာ ရှင်နဲ့ ဆင်တူပဲဆိုတ
ကျွန်မသက်သေပြမှယ် . . . "

" မလိုပါဘူးဗျာ"





" လိုတယ် "

" ပြဿနာပဲ "

မိုးရင့်ခုမှတကယ်ပြဿနာတက်နေရပြီ . . .။

အဲ့ရေးထဲအဲဒီ နိုင်ဟာ ဘယ်ရောက်သွားသလဲ။

ချောစုက ဟိုဒီဝေ့ဝဲရှာရင်း စိတ်ဆိုးလာသည်။

" ဆိုက်ဘာကဖေးမှာ သွားရှာမယ် . . . "

" ကျွန်တော်ပါ လိုက်ရမယ် . . . "

မိုးရင့်သူနဖူးသူရိုက်ကာ ညည်းညူမိတော့သည်။

ဒီနေ့တော့ ပြဿဒါးထင်ပါသည်။

ခပ်ချောချောကောင်မလေးက သူ့ကို
ဒေါသဖြစ်နေသည်။

" အဲဒီမှာ မရှိရင်တော့ ခင်ဗျားရှုံးပြီနော်
. . . နောက်ထပ် သက်သေမပြနဲ့တော့ ဟုတ်ပြီလား . . . "

ကြည့်စမ်း . . . ဒင်းဟာ ယောကျ်ားဖြစ်ပြီး အထက်စီး



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန်စကားကို ပြောချင်သေးတာ . . .။

" ကျွန်တော့်မှာ အချိန်မရှိဘူးဗျ . . . ဒါကြောင့်

မိုးရင့်စကားကြောင့် ကောင်မလေးက မျက်

တစ်ချက်ဒိုင်းခနဲ ရွှယ်သည်။

သူသည်ရယ်ချင်စွာ နှုတ်ခမ်းကိုက်ရင်း ချော့ဆို

မိန်းကလေးနှင့် ပလာဇာထဲအတူလျှောက်ခဲ့ရသည်။

ဒီတစ်ခါလည်း မြားနတ်မောင်က သူ့ကို ပညာ

ပေးနေလေပြီ။

❀ ❀ ❀ ❀ ❀



" မင်းမျက်နှာက တယ်ပြုံးနေပါလား မိုးရင့်ရ . . . "

" ရယ်ချင်လို့ပါဗျာ . . . ခုတလော ကျွန်တော်

တော်တော် စန်းပွင့်နေတာဗျ . . . သိလား . . . အခုပဲ

လာဇာမှာ ကောင်မလေးတစ်ယောက်က သူ့သူငယ်ချင်းနဲ့တူတယ်

ဘာညာဆိုပြီး အကျီစကို မလွှတ်တမ်းဆွဲထားတယ်ဗျ . . . "

" ဟုတ်လို့လား "



www.burmeseclassic.com

www.burmeseclassic.com



" တကယ်ပါဗျာ "

" ငါတို့ကိုတော့ အဲလိုတစ်ခါမှ လာမဆွဲပါလား"

" ခင်ဗျားရုပ်လည်း ခင်ဗျားကြည့်ဦးလေဗျာ "

" အောင်မာ ကျော်ကျော် ... မင်းက ဘယ်လောက် များ ချောနေလို့လဲ ... "

ရုံးက သူငယ်ချင်းတွေ သူ့နားဆူညံဝိုင်းဖွဲ့နေသည်

" အဲဒီကောင်မလေးနာမည်က ချောတဲ့ဗျ ... သိ

" မိုးရင့်ချည်းပဲ ကုသိုလ်ကံကောင်းနေတာ ငါတော လိုတော့ဘူး ... "

" ဒါကတော့ စိတ်လျှော့လေဗျာ ... ကိုယ့်ကု ကိုယ်ပဲ ... "

ရာဇာနေဝင်း ... ကြော်ညာထဲကအတိုင်း သူ ချော်ချော်လုပ်လိုက်သည်။



ရင်ထဲမှာ ပျော်လည်း ပျော်နေသည်။

မိန်းကလေးဆိုတာ နူးညံ့လှပသိမ်မွေ့ပြီး ယောကျ်ားလေး တွေအတွက် မရှိမဖြစ် လိုအပ်တာပဲ မဟုတ်လား ...။

" မင်းကတော့ မျက်နှာများမယ့်ကောင်ပါပဲ ... "

" ဒါကတော့ ဇာတာမှာကိုပါလာတာ ... မိန်းမ နှစ်ယောက်ရမလား သုံးယောက်ပဲရမလား ... "

" လောဘကကြီးလိုက်တာကွာ ... ခုထိတော့ တစ်ယောက်မှ မရသေးဘူးမဟုတ်လား ... "

" ကြည့်ထားလေ ကမ်းမင်းဆွန်းပေါ့ ... "

မိုးရင့်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတာထက် နည်းနည်းတော့ ပိုကြွားပစ်လိုက်သည်။

ဒီကဏ္ဍမှာ အားကျခံရတာလောက် မြောက်တက်ရတာ မရှိတော့ ...။

www.burmeseclassic.com

www.burmeseclassic.com



" အေးပေါ့လေ ...စွံတဲ့ကောင်တွေကတော့ ပြောအား ရှိတာပေါ့ ..."

" ခင်ဗျားတို့လည်း ကြိုးစားပေါ့ ... အချစ်ရေးနဲ့ စီးပွားရေး ဆိုတာ ကိုယ်တိုင်ကိုယ်ကျအားထုတ်မှရတာ မျိုးဗျ ..."

" အောင်မာ၊ တော့ကီတွေတောင်မြင့်လာပြီ ..."

" နည်းပညာလေးတွေ ပြောပြတာပေါ့ "

" လုပ်စမ်းပါဦး ... မင်းပညာသားလေးတွေ ...

" နားထောင်ချင်တယ်ဆိုရင် ဒီလိုဘယ်ရမလဲဗျ ...

" ဒါဆို လက်ဖက်ရည်ဆိုင်လစ်မယ် ... လာ ...

" ဒီလိုမှပေါ့ ..."

သူတို့အဖွဲ့တွေ ရုံးနားက လက်ဖက်ရည်ဆိုင်ဆီဆူဆူညံညံ လျှောက်လာကြသည်။

လွှာနှင့်တွေ့တာ အရင်ပြောပြရမလား ...။



ဒီလေးငါးရက်အတွင်းမှာပဲ ရွှေနီနဲ့ ချစ်သွားကြတာ ပြောရင်ကောင်းမလား...။

ဒါမှမဟုတ် အခုနောက်တစ်ယောက် ချောဆိုတာလေးနှင့် ရှု့ဆက်ရမယ့် အစီအစဉ်မရှိ အလောင်းအစား လုပ်ထား င်ရော။

မေးစေ့ကိုပွတ်သပ်ကာ မိုးရင့်ပြုံးတုံ့တုံ့ဖြစ်နေရလေသည်။

ဘာပဲဖြစ်ဖြစ် အချစ်အကြောင်းပြောရတာ နှလုံးသားမှာ အားရှိစေတာ သူ့ကိုယ်တွေ့

❀ ❀ ❀ ❀ ❀

ပြားနတ်မောင်စာပေ

ပြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ညက တိမ္ပိဂိန်းဆော့တာများသွားသဖြင့် နံနက်အိပ်ယာ

နေမြင့်နေပြီ . . . ။

သို့သော် ကိစ္စမရှိပါ။

ဒီနေ့ရုံးပိတ်တာပဲ။

ရတဲ့ အားလပ်ရက်မှာ အေးအေးဆေးဆေး အနားယူ

ဖြတာပဲ ကောင်းတာ။

ဘာကိုများ စိတ်အပင်ပန်းခံရဦးမလဲ။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးရင့်က မျက်နှာသစ်သွားတိုက်ရင်း မှန်ထဲကြည့်သည်။

ဆံပင်ကို တစ်ချက်ခါကြည့်သည်။

ခေါင်းမလျှော်ထားတော့ ဖုန်နှင့် ချွေးနှင့် စေးတန်းတန်း ဖြစ်ရောပေါ့ . . .။

မိုးရင့်က သူ့ဆံပင်ကိုဆို အမြဲလို ဂရုစိုက်နေကျ။

ရှန်ပူကောင်းကောင်းနှင့် ပျော့စင်းနူးညံ့သွားအောင် လျှော်နေကျ။

မျက်နှာကရော။

မွှေးညင်းတို့ရိပ်သင်ပုံသွင်းဖို့ လိုနေပြီ။

မြန်လိုက်တာကွာ . . .။

တစ်ပတ်တစ်ခါ လိုအပ်နေတော့တာပဲ။

အဝတ်အစားလဲ တံခါးသော့ခတ်ပြီး အောက်ဆင်းခဲ့သည်။



လက်ဖက်ရည်ဆိုင်မှာ မုန့်ဝင်စားပြီးတာနှင့် သူ့ရဲ့ တစ်နေ့တာဇယားအတိုင်း ဖြူတီဆလွန်းရှိရာ စက်ဘီးနင်းလာခဲ့သည်။

ဆိုင်မှာစမတ်ကျကျ လှဲအိပ်ပြီး ခေါင်းလျှော်ရတာ မျက်နှာသစ်ရတာ မိုးရင့်ရဲ့ အကြိုက်ပါပဲ။

ဒါက စနေနေ့တိုင်း သူ့အလုပ်တစ်ခုဆိုပါတော့။

တစ်ခါတစ်ရံလည်း ကြိုတင်ဘွတ်ကင်လုပ်ထားတဲ့ အမည်ကြီး ဆံပင်ညှပ်ဆိုင်မှာ ဆံပင်တိတာ ပုံသွင်းတာ မျက်ခုံးဖော်တာတွေ သွားလုပ်တတ်သည်။

ယောကျ်ားလေးတွေရဲ့ စတိုင်က ဒါအဓိကပဲလေ။

သူ့ကိုမြင်ရင် လူတွေက ချောတယ်၊ သန့်တယ်၊ စတိုင်ချောင့်တယ်၊ ခန့်ညားတယ် ဘာညာ လွယ်လွယ်ကလေးပြောဆိုတတ်တာ။

www.burmeseclassic.com



ဒီလိုခန့်ညားသပ်ယပ်အဆင့်မြင့်ဖို့အတွက် မိုးရင့်ဖက်ကလည်း ပေးဆပ်ရင်းနှီးရတာတွေရှိပါသည်။

သူ့မျက်နှာကို မြင်လိုက်တဲ့ သူတိုင်းတခဏမျှ ငေးမောသွားရအောင် သူ့ဖက်ကလည်း ဆွဲဆောင်မှုတော့ ရှိမှာပေါ့လေ. . . မဟုတ်ဘူးလား။

စက်ဘီးကို ဆိုင်ပြင်မှာမှေးကပ်ထားခဲ့ပြီး မှန်တံခါးကို ဘောသို့ တွန်း၍ မိုးရင့်ဗြူတီဆလွန်းထဲဝင်လာသည်။

"ဟော . . . မောင်လေးပါလား . . . ဒီနေ့ စောသားပဲဟော့ . . ."

ဆိုင်ဖွင့်စ နံနက်ခင်းမို့ မမချိုက ဆံပင်ကောက်ဆေးစပ်ဖို့ ပြင်ဆင်နေပြီ အကူကောင်မလေး ချာတိတ်ပေါက်စက မှန်တွေ သုတ်၊ ဖုန်တွေခါ သန့်ရှင်းရေးစ, တုန်းပဲရှိပါသေးသည်။

" လူများရင် ထိုင်စောင့်ရမှာ ပျင်းလို့ဗျ . . . အိပ်ယာနိုးတာနဲ့ ထွက်ခဲ့တာ. . ."

ပြားနတ်မောင်စာပေ



" ဒါဆို ကော်ဖီသောက်ဦးလေကွယ် "

" ရတယ် အစ်မ "

ကိုယ့်ဆံပင်ကို ကျစ်ဆံမြီးသေးသေးနှစ်ခု နားရွက်နား ချကာ စတိုင်လ်လုပ်ပြင်ဆင်နေဆဲ အပြင်ခန်းက အသံတွေ းတော့ မှန်ချပ်ထဲက အသာလှမ်းကြည့်မိသည်။

ဒီမှန်ချပ်တွေက အပြင်ကို သာမြင်ရပြီး ွင်းကိုမမြင်ရ။

မမချိုနားက ဆံလည်ကုလားထိုင်ပေါ် တက်ထိုင်ပြီး ယ်ကို ယိမ်းကာ ရွှေ့ကစားနေသော သူဟာ ဘယ်သူပါလိမ့် . . ကျောပေးထားသဖြင့် မျက်နှာကို မသဲကွဲ။

မမချိုအသိလား . . .။

ဆိုင်လာနေကျဖောက်သည်တစ်ဦးလား . . .။

သူမ မျက်ခုံးလေးရှုံ့ကာ ကြည့်ရင်းစူးစမ်းလိုက်ပါသည်။

ပြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ မမချိုက . . .

" ချောစုရေ . . ."

" ရှင် . . ."

" ဒီမှာတစ်ယောက် ခေါင်းလျှော်ချင်လို့တဲ့ . . . ချောလေးလျှော်ပေးလိုက်မလား . . ."

" ဟုတ်ကဲ့ "

အစ်မဝမ်းကွဲဆိုင်မို့ ချောစုက အမြဲလာ . . . ကိုယ်လည်း ဆံပင်ပေါင်းတင်လိုက် မျက်နှာရွှေသွင်းလိုက် အမျိုးမျိုးမရိုးအောင် ပြင်ဆင်သလို မမချိုဆီ သင်တန်းလည်းဆင်းထားပြီးသားမို့ ဟိုကလည်း လိုအပ်တဲ့အခါ ပိုင်းကူခိုင်းတတ်ပါသည်။

စောစောလာပြီး စောစောပြန်သည့်တိုင် တစ်ခါတစ်ရံ ခေါင်းလျှော်တဲ့သူ ပေါင်းတင်တဲ့သူ ရောက်လာရင် ဒီလိုပဲ လုပ်ပေးရတာမျိုး ရှိတတ်သည်။

ချောကလည်း ဝါသနာပါတော့ ပင်ပန်းတယ်လို့ မထင်ပါ။



" ဝင်သွားလိုက်မောင်လေး . . . ဒီနေ့ကောင်မလေးတွေ နောက်ကျနေတယ် ကြည့်လေ . . . အခုထိ တစ်ယောက်မှ မရောက်သေးဘူး . . ."

" ဒါဆို ကျွန်တော့်ကို ဘယ်သူလျှော်ပေးမှာလဲ . . . ကျွမ်းရော ကျွမ်းကျင်ရဲ့လား . . ."

" အမယ်လေး . . . ဒါစပယ်ရှယ် မမချိုညီမပါဟဲ့ . . . တော်ကြာကြိုက်သွားလို့ နောက်ဆို ချောစုနဲ့ပဲ လျှော်ပါရစေ ဖြစ်နေမယ်"

မိုးရင့်က ရယ်ရင်း ပုခုံးတွန့်ပြလိုက်သည်။

" ဒီလောက်တောင်ပဲလား စမ်းကြည့်ရတာပေါ့ဗျာ. . ."

ပိုက်ဆံအိတ်ကို ခါးကြားထဲသေချာပြန်ညှပ်ရင်း မိုးရင့်က အတွင်းဖက် ခေါင်းလျှော်ဖို့ပြင်ဆင်ထားရာအခန်းထဲ လျှောက်ဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချောစုကလည်း သူ့ကိုငေးမောအံ့အားသင့်သွားမိသည်

ချောနှင့်ရန်ဖြစ်ထားတဲ့ ပုဂ္ဂိုလ်လေး . . .

အင်း . . . တိုက်ဆိုင်မှုဆိုတာ တကယ်ပဲရှိတတ်

အရာမျိုးလား . . .

" ဟောဗျာ . . . ခင်ဗျားကိုး . . . ချောစု

ကြားပေမယ့် ခင်ဗျားဖြစ်နေမယ်လို့ မထင်မိဘူး . . . အယ်လို

. . . ဒီတစ်ခါတော့ လူမှားစရာအကြောင်းမရှိတော့

ထင်ပါတယ် . . . ဟဲ . . . ဟဲ . . . "

မိုးရင့်က သူ့ပါးသူပွတ်သပ်ရင်း မထိတထိ

ကြည့်ကာ ဆိုပါသည်။

ဟိုနေ့တုန်းက ပလာဇာမှာ နိုင်နှင့်တကယ်ပဲ မှား

အကျီစဆွဲမိတာမှန်ပေမယ့် သူဟာသေချာကြည့်တော့ နိုင်ထ

အများကြီး ပိုမိုဆွဲဆောင်နိုင်မှုရှိသော လူရည်သန့်တစ်ဦးပါ . . .





" ခေါင်းလျှော်မှာဆို . . . တက်လေ . . . "

" မိတ်ဆွေချင်းတွေ မမျှော်လင့်ပဲ ပြန်တွေ့တယ်နော်

. . "

" ရှင်သိပ်စကားများပါလား"

သူ့စိုက်ကြည့်နေသဖြင့် ချောစုက

ဘာမှမဖြစ်သလိုမျက်နှာ သုတ်ပုဝါကို တစ်ချက်ခါလိုက်သည်။

" အရင်က ကျွန်တော် ခင်ဗျားကို ဒီမှာ မတွေ့ဖူးပါလား

" အခုတွေ့တော့ ဘာဖြစ်လဲ "

" ခင်ဗျားနာမည် ချောစုတော့ မဟုတ်ပါဘူးနော် . . .

နှုတ်ခမ်းပါးတဲ့သူတွေ ရန်စွာတယ်လို့ ပြောကြတာပဲ . . . "

" အပိုတွေပြောမနေနဲ့ . . . ဒီကိုလာ . . . ဘာဝ

. . . ချော ခေါင်းလျှော်မှာမို့ ရှင်က ရှက်လို့လား . . . "



www.burmeseclassic.com

www.burmeseclassic.com



" ယောက်ျားလေးပဲဗျာ . . . ရှက်စရာလား . . . "

ဟုတ်တော့ ဟုတ်သည်။ သူက ရှက်ကိုးရှက်ကန်း ပုံမပေါ်ပါ . . . ရဲတင်းစူးရှသောအကြည့်များကိုပင် ပိုင်ဆိုင်သူပါ။

သူ့အကြည့်ရဲရဲများကို ရင်ဆိုင်ရတာ အသည်းတုန်စရာ တောင်းသည်။

သူဟာ ဘယ်လိုလူစားမျိုးလဲ . . .

ချောရဲ့ စိတ်မှာ စတင်သိချင်လာသည်။

ချောက မျက်လွှာချငြိမ်သက်သွားသဖြင့် . . .

" ကဲ . . . လျှော်မယ်လေဗျာ . . . စတော့ . . . "

မိုးရင့်က ခုံပေါ်ပက်လက်လှဲအိပ်လိုက်သည်။

ချောစုက ခေါင်းရင်းမှရပ်ကာ သူ့ဆံပင်တို့တို့ လက်ကလေးနှစ်ဖက်ဖြင့် စတင်ကိုင်တွယ်လိုက်သည်။

ယခင်က ကောင်မလေးတွေခေါင်းလျှော်ပေးတာခံစားဖူး ပေမယ့် ဒီတစ်ခါမိုးရင့်ရင်ထဲအရင်ကနှင့်မတူ။





" အား . . . ခင်ဗျားရေက အေးလိုက်တာ . . . "

ရေအေးအေးတို့စတင်လောင်းချလိုက်စဉ် သူယောင်ယမ်း အော်မိ၏။

" ဒါလေးကိုများ အေးတယ်တဲ့ ဒါဖြင့်ရေနွေးနဲ့လျှော်ရ မှာလား "

" မဟုတ်ပါဘူး . . . ရုတ်တရက်ကြီး အေးသွားလို့ပါ . . "

ချောစုက ရေနှင့်အရင်ပွတ်တိုက်ပြီးနောက် ရှန်ပူဗူး လေးကိုလက်ဖဝါးခံ၍ ညှိပ်ထည့်လိုက်သည်။

လက်ဖဝါးထဲပါလာသော ရှန်ပူတို့နှင့် သူ့ဆံပင်အနှံ့ကို ပွတ်သည်။

ဦးရေပြားကိုလက်ချောင်းကလေးနှင့် ဖွဖွနှိပ်နယ်သည်။

ဒါသင်တန်းမှာ သင်ပေးထားတဲ့အတိုင်း နှိပ်နယ်ပြီး လျှော်တဲ့ ပုံစံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဦးရေပြားမှာရှိတဲ့ ကြေးညှော်တို့ ကင်းစင်ပြီး ချွေးပေါက်တွေလည်းပွင့်သွားအောင် သန့်စင်အေးမြခြင်းနှင့်အတူဖွဖွလေး နှိပ်နယ်ပေးတော့ လန်းဆန်းပေါ့ပါး အကြောပြေသွားရသည် မဟုတ်လား . . . ။

သူ့ကိုမို့ ချောကလက်တို့က ပိုမိုပြင်သာအောင် ဂရုစိုက်နေမိသလား ထင်နေဆဲ . . . သူက . . .

" ရေလော့င်းဆေးရှင်နားထဲဝင်မယ်နော် . . . "

" အမယ်လေး မဝင်စေရပါဘူး . . . ၊ တစ်ချို့ဆိုနားကို ရေဆေးပေးပါလို့တောင်ပြောတာ . . . "

" မလုပ်နဲ့ . . . ကျွန်တော်က မကြိုက်ဘူး . . . "

" သိပ်ကြေးထူးပါလား နောက်တစ်ခါကိုယ့်အိမ်မှာပဲ ကိုယ်လျှော်တော့ . . . "

" ဟဲ . . . ကတ်စတာမာကိုဒီလိုပဲပြောရလား . . မချိုနဲ့ တိုင်လိုက်ရမလား . . . "

မြားနတ်မောင်စာပေ



" တိုင်ပေါ့ . . . ဘာဖြစ်လဲ "

" ခင်ဗျားဟာလေ . . . လူကိုတော်တော်စေနာ ကင်းတဲ့ ...ဲ . . . "

" သိရင်ပြီးရော . . . "

" ကြာလို့ ကျွန်တော်အအေးမိရင် ခင်ဗျားတာဝန်ပဲ . . . "

" ဆေးခန်းတွေဘာလုပ်ဖို့လဲ . . . သွားပေါ့ . . . "

" မလုပ်ပါနဲ့ဗျာ . . . အိမ်မှာတစ်ယောက်ထဲနေရတဲ့ ...ောင်ပါ၊ ပြုစုမယ့်သူမရှိဘူး . . . "

" ဟွန်း . . . "

ချောစုက မျက်နှာလေးရှုံ့လိုက်သည်။

သူ့ကိုပဲ ပြန်သနားရမယ့်ပုံ။

ရုပ်ကိုက . . . ။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကော်ဒစ်ရှင်နာနှင့်ထပ်လျှော်ရေပြန်ဆေးပြီးတဲ့အခါ မှာတော့ သူ့ဆံပင်ပျော့ပျော့တွေက အတော်နူးညံ့တောက်ပ သွားတော့သည်။

သူသည်ယောက်ျားလေးဆိုသော်ငြားဆံပင်တွေက ကြမ်းရှဖို့ဝေးလို့ စိုလက်ပျော့ပျောင်းနေတာ။ ပင်ကိုပျော့ပျောင်း သော ဆံပင်မျိုးပါ။

သူ့မျက်လုံးများကလည်း ကြည်လင်နက်ရွှန်းသည်။

ပြောရမည်ဆိုလျှင်တော့ သူဟာပင်ကိုယ်ရုပ်ရည်က အတော်ကြီးဘဝပေးကုသိုလ်ကောင်းတာ။

သူ့အမေက သားချောလေးမွေးပါစေဟု ဆုတောင်းပြီ များ မွေးခဲ့သလားမသိပါ။

တဆက်တည်းတွေးမိသည်မှာ သူ့ကို မိန်းကလေးတွေ ဝိုင်းစိတ်ဝင်စားလိမ့်မည်ဆိုတာကိုပင်။





" ခင်ဗျားက မယုံလို့လား "

ချောစုကမဖြေ။

" မယုံရင် အိမ်ကိုလိုက်ကြည့်လေ . . . "

" အမယ် . . . ဘာလို့လိုက်ရမှာလဲ "

" လူလွတ်ဆိုတာ ယုံကြည်အောင် . . . "

" စိတ်မဝင်စားပါဘူး . . . "

" တကယ်လား . . . "

သူ့ဆံပင်ကို သဘက်ဖြူဆွတ်ဆွတ်နှင့် ဖွဖွသုပ်ရင်း ားပြောနေခိုက်မှာ မမချိုအခန်းဝမှာ ပေါ်လာပြီး . . .

" ချောစုရေ စက်ရုံကဖုန်းလာတယ် "

" ချော ဒီနေ့မလာဖြစ်ဘူးလို့ ပြောပေးပါ မမချို "

" အင်း . . . အင်း . . . "

မမချိုထွက်သွားလျှင်သူက . . .



www.burmeseclassic.com

www.burmeseclassic.com



" ရည်းစားဆက်တာတော့ မဖြစ်နိုင်ဘူး . . . "

" ဖေဖေ့စက်ရုံကပါ "

စိတ်လိုလက်ရ ပြောပြမိသည်။

" သြော် . . . "

" ဖေဖေက ချောကို သူ့စက်ရုံမှာပဲ အလုပ်ခိုင်းချင်တာ ချောက ဝါသနာမပါဘူး . . . အလှပြင်ဆိုင်ပဲ ဖွင့်ချင်တယ် . . . "

" ချောလို မိန်းကလေးက အလှပြင်ဆိုင်နဲ့ပဲ ပိုပြီးအပ်စပ်ပါတယ် . . . "

" ဘာလို့လဲ "

" ချောက ချစ်ဖို့ကောင်းတယ်မဟုတ်လား . . . ကျွန်တော်ဆိုင်တွေမှာ ခေါင်းလျှော်ဖူးပေါင်းများပြီ ဒါပေမယ့် ဒီနေ့ ချော လက်ရာကို အကျေနပ်ဆုံးပဲ . . . "

သူ့ဆီက ချီးမွမ်းစကားကြားရတော့ မထင်မှတ်အောင်ပဲ ရင်ထဲမှာ ကြည်နူးလှိုက်ဖိုသွားမိသည်။



"အပိုတွေပါ . . . "

" တကယ်ပါဗျာ . . . နောက်လာမယ့် ဆက်တဒေးကျရင်လည်း ကျွန်တော် ဒီအချိန်ပဲလာခဲ့မယ် . . . "

ချောမျက်နှာကို သူစိုက်ကြည့်နေသဖြင့် ချောက ရှန်ပူဘူးတွေစင်ပေါ်ပြန်တင်ကာ အလုပ်ရှုပ်သယောင်ဟန်ဆောင်နေမိသည်။

တကယ်တော့ သူနှင့် မျက်လုံးချင်းဆုံကြည့်ရတာ ချော ရှက်သည်။

တွေ့စ, ကအမြင်ကပ်သလိုရှိပေမယ့် အခုတော့ သူ့ရဲ့ စကားပြောဟန်နှင့် . . . မျက်လုံးပင့်ဟန် . . . စူးခနဲ စိုက်ကြည့်ဟန် တို့ကို နှစ်သက်လာမိတာ ဘာကြောင့်လဲ။

လူဆိုတာ အပြောင်းအလဲမြန်တဲ့ သဘောထား . . .

ချောကိုယ်ချော နားမလည်။

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း မပြန်ချင်သေးပုံဖြင့် မှန်ထဲကြည့်သလိုလိုနှင့် ချောကို ခိုးကြည့်နေသည်။

" ဘယ်လောက်ကျလဲ "

" ခါတိုင်းလာလျှော်နေကျဆို . . . မမချိုနဲ့ရှင်းပေါ့ . . . "

ဟုတ်သည်။

တကယ်တော့ ကိစ္စကပြီးပြီ။

မမချိုထံ ပိုက်ဆံရှင်းပြီး အိမ်ပြန်ရုံပဲရှိသည်။

သို့သော် ထိုကောင်မလေးအနားမှာ သူဆက်ပြီးနေချင်မိ သလိုလို . . .။

မိုးရင့် . . . မိုးရင့် . . .

မင်းတော့မလွယ်တော့ဘူး . . .။

လက်သုတ်ပုဝါနှင့် လက်ချောင်းလေးတွေကို သုတ်ကာ သူနှင့်အကြည့်ချင်းမဆုံရဲသလိုလို ဟန်မူယာလေးကို မိုးရင့် စိတ်လှုပ်ရှားမိသည်။



ချောစုဘက်ကရော ဘယ်လိုရှိမလဲ။

သူ သိချင်လာသည်။

အခုနေ . . . ရှေ့နည်းနည်းတက်ကြည့်ရင် . . .

အင်း . . . ဒါမှမဟုတ် နောက်မှပဲ ဇာတ်လမ်း ဆက်ရမလား . . .။

မိုးရင့်မဝေခွဲတတ်တော့ . . .။

" ကျွန်တော်ပြန်မယ် . . . "

" ကောင်းပါပြီ . . . "

" ဆီးယူ . . . အိုကေ . . . "

ချောစုက ခေါင်းလေးညိတ်ကာ သူထွက်သွားတော့ ကျောပြင်ကို ဘာရယ်မဟုတ်လိုက်လံ ငေးကြည့်နေမိသည်။

သံယောဇဉ် အမျှင်တန်းငယ်အချို့ရှိနေသလိုပင်။

မမချိုကို နှုတ်ဆက်ပြီးသူပြန်သွားသောအခါချောစုရင်မှာ ခုခုလစ်ဟာသွားသကဲ့သို့ ခံစားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

" မိုးရင့် . . . မင်း ဖုန်း . . . "

" ဘယ်သူလဲ ကိုကျော် . . . "

" မသိဘူး . . . ကောင်မလေးတစ်ယောက်အသံပဲ "

ရုံးမှာတစ်ခုကောင်းတာက ကောင်မလေးဖုန်းဆိုရင်

သိုက်သိသိခေါ်ပေးတာပဲ။

ပြီးရင်ဘေးကဝိုင်းနားထောင်မည်။

နောက်ပြောင်ရယ်မောမည် . . . ဒါပဲလေ . . .။

ဒီကောင်တွေ အလုပ်က . . .။

www.burmeseclassic.com

www.burmeseclassic.com



"လာလိုက်ရင် မိုးရင့်ဖုန်းချည်းပဲ . . . အမြင်ကပ်လာပြီ"

မိုးရင့်က ပြန်မချေပနိုင်အောင်ပဲ ဖုန်းကိုအပြေး သွားထူးသည်။

"ကျွန်တော်မိုးရင့်ပါ . . . ဘယ်သူလဲ မသိဘူး . . ."

"ရှင်က အသံကို မမှတ်မိဘူးပေါ့ . . ."

"ဟာ . . . စိတ်မဆိုးနဲ့ . . . ပြော . . ."

"ဟွန်း . . . ပိုက်ဆံအိတ်တောင် ပြန်မပေးချင်တော့ဘူး တကယ်ထဲ . . ."

"ဟာ . . . ချော"

"ဘာချောလဲ၊ အခုမှ ဖုန်းကခေါ်ရခက်လိုက်တာ . . ."

"ကျွန်တော့်ရုံးဖုန်းဘယ်လိုသိလဲ"

"ဘယ်လိုသိရမလဲ . . . ပိုက်ဆံအိတ်ထဲကကဒ်မှာ ကြည့်လိုက်တာ . . ."

မြားနတ်မောင်စာပေ



"ချစ်ဖို့ကောင်းတယ်ဗျာ . . ."

"ဘာရယ် . . . ရှင့် . . ."

"သြော် . . . ပိုက်ဆံအိတ်ကလေးကိုပြောတာပါ . . ."

"နမော်နမဲ့နဲ့ . . . ကိုယ့်ပိုက်ဆံအိတ်တောင်ပျောက်လို့ ပျောက်မှန်းမသိဘူးမို့လား . . ."

မိုးရင့်ကတစ်ယောက်ထဲခေါင်းမော့ရယ်ကာ . . .

"ဟဲ . . . ဟဲ . . . ပျောက်တာမဟုတ်ဘူး . . . ကျွန်တော်တမင်ထားခဲ့တာ . . ."

"ဘယ်လို . . ."

"ချော . . . ကျွန်တော့်ဆီဖုန်းဆက်မဆက် သိချင်လို့"

"ဟင် . . . ကြည့်စမ်း . . . ရှင်တော်တော် လူလည် သုပ်ပါလား . . . တော်ပြီ ပြန်မပေးတော့ဘူး . . . ဒါပဲ . . ."

"ချော . . . ချော . . . နေဦးလေ . . ."

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



" ရှင့် ပိုက်ဆံအိတ်ဆိုင်မှာလာယူလိုက် . . . ဒါပဲ"

" နေပါဦး . . . ကျေးဇူးလေးတော့ ဆပ်ပါရစေ . . ."

" ဘာကျေးဇူးလဲ . . . လုပ်မနေနဲ့ . . ."

" တစ်ခုခုကျွေးချင်လို့ပါဗျာ . . . Feel (3) ဖီးလ်သရီးကို လာခဲ့မလား . . . ကျွန်တော်စောင့်နေမယ် . . . ဒါမှမဟုတ် ဆိုင်မှာ လာခေါ်ရမလား . . ."

" မလိုဘူး . . . နေပစေ . . ."

" အဲလိုမလုပ်နဲ့လေဗျာ . . . ကျွန်တော်လာခေါ်မှာပဲ မရဘူး . . ."

" ရှင်တကယ်မေ့ကျန်ခဲ့တာ မဟုတ်ဘူးလား . . ."

" တကယ်မေ့ကျန်တာမို့လို့ ကျေးဇူးတင်ရတာပေါ့ဗျာ . . . ချောစုကို ကျွန်တော်က ခင်လို့မင်လို့စ,တာပါ . . . အဲဒီ အိတ်ထဲမှာ ကျွန်တော့်မှတ်ပုံတင်ပါ ပါတယ် . . . ပေါ့ဆပ့်မလား . . . စဉ်းစားကြည့် . . ."

မြားနတ်မောင်စာပေ



" ရှင့်စကားက ယုံရခက်ခက်ပဲ . . ."

" ကျွန်တော်က ပျော့တတ်လို့ပါ လိမ်ညာတတ်လို့ မဟုတ်ပါဘူး . . ."

" ထားပါတော့ . . ."

" ဒါဆို ဖီးလ်ကိုလာမလား . . ."

" ကောင်းပြီ လာခဲ့မယ် . . ."

" သုံးနာရီလောက်နော် ကျွန်တော် စောင့်နေမယ်၊ ဒီကော . . ."

" ဘိုင့် ဘိုင် "

❀ ❀ ❀ ❀ ❀

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ခပ်းက ဆိုင်ထဲမှာချစ်သူစုံတွဲလေးချည်း စားသောက်နေကြတာမို့ မိုးရင့်နှင့် ချောစုတို့သည်လည်း စုံတွဲဖြစ်သွားရသကဲ့သို့ရှိသည်။

အများအမြင်မှာစုံတွဲလေးလို့ ထင်ကြမှာကို မိုးရင့်က ပြုံးစိစိနှင့် သဘောကျနေသလို ချောလည်း ရင်ထဲတိတ်တိတ်တခိုးကြည်နူးမိတာ အမှန်။

သူ့နှံဘေးနားရှိတာကို ဘာကြောင့် သာယာပျော်ရွှင်မိသလဲ မသိတော့ပါ။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အကြင်နာဆန်သော မျက်လုံးအကြည့်များကိုလည်း ချောရင်ဖိုမိသည်။

ပိုက်ဆံအိတ်ပြန်ပေးဖို့ဟာ အကြောင်းပြချက် တစ်ခုထဲဖြစ်ပြီး နှစ်ဦးသားအတူထိုင်စကားပြောရခြင်း၌ တမေ့တမော အချိန် ကြာမြင့်သွားရသည်။

ချောတကယ်မမျှော်လင့်မိပါ။

သူဟာ ရယ်ဟဟနှင့် စကားပြောကောင်းသူ တစ်ယောက်ပါ . . .။

" ရည်းစားမရှိသေးဘူးဆိုတာ တကယ်လား . . . အိပ်မက်တွေတော့ မပေးနဲ့နော် . . . "

သွယ်ဝိုက်သောနည်းနှင့်ချောကို ပြုံးစစမေးသည်။

" ဘာကြောင့်အိပ်မက်ပေးရမှာလဲ "

" ဒါဆို အပြင်မှာ တကယ်လက်တွေ့ပေးမယ်ပေါ့ . . . "



" ဘာကိုလဲ "

" ချောပေးနိုင်တဲ့ တစ်ခုခုပေါ့ဗျာ . . . "

" ကိုမိုးရင့်နော် . . . ချောကို ဝေ့လည်ကြောင်ပတ်လိုက်မစ,နဲ့ . . . "

" ဒါဆို တစ်ခုပဲပြော . . . ချောပြောတဲ့ နိုင်ဆိုတာ သူငယ်ချင်းပဲလား၊ ပိုသေးလား . . . "

" ပိုသေးရင်ရော . . . "

" ရင်နာနာနဲ့ နောက်ဆုတ်ရမှာပေါ့ . . . "

" သံယောဇဉ်တော့ ရှိတယ် . . . "

"ချစ်သူလား . . . "

" ဟင့်အင်း . . . "

" ဒါဆိုပြီးရော . . . ဆက်မပြောနဲ့ . . . ရတယ် . . . "

" ကိုမိုးရင့်မှာရော . . . ရည်းစားဘယ်နှစ်ယောက်ရှိလဲ"

" သိချင်လား . . . "

www.burmeseclassic.com

www.burmeseclassic.com



" သိချင်လို့ မေးတာပဲ . . ."

" များတော့များတယ်"

" ချောတို့ ပြန်ကြရအောင် . . ."

" စိတ်ဆိုးတာလား . . ."

ချောစုက အကြည့်လွှဲနေလိုက်သည်။

" နှုတ်ခမ်းဆူထားရင် မလှဘူး "

" မလှပစေနဲ့ပေါ့ . . ."

" ချောကချစ်ဖို့ကောင်းတယ် . . . အဲဒီတော့ ကျွန်တော် ညာချင်လာတယ် . . ."

" ဘာမှ မဆိုင်ဘူး . . ."

" ရည်းစားရှိခဲ့ရင် ခွင့်မလွှတ်နိုင်ဘူးလား . . . ကျွန်တော့်ကိုအဆုံးစွန် နားလည်ပေးနိုင်တဲ့ မိန်းကလေးမျိုး တွေ့ဖူးချင်တယ်။ မိခင်နဲ့တူသော မိန်းမပေါ့ . . . မိခင်တစ်ယောက်ဟာ သူ့သားသာဘာလုပ်လုပ်ဘယ်လောက်





ဆိုး စိတ်ထဲမှာ အပြစ်မယူဘူး . . . အမြဲတမ်း ခွင့်လွှတ် တာချည်းပဲ . . . ဘာအကြောင်းနဲ့မှ ပစ်လည်းမထားနိုင်ဘူး . . . ပစ်ထားလောက်တဲ့အကြောင်းတရား ဆိုတာလည်း ရင်ထဲမှာမရှိဘူး . . . အဲဒီမေတ္တာမျိုးဟာ ဘာမှ ပြည့်စွက်ဖို့မလိုအောင် ပြီးပြည့်စုံတယ်၊ အဲလိုမျိုး ကျွန်တော့်ကို ချစ်နိုင်မယ့် မိန်းမကျွန်တော်လိုချင်တယ် . . . မိုးရင့်ဆိုတာ လောက်ကံကောင်းနိုင်မလား . . ."

" ရှင်တော်တော် အတ္တကြီးတာပဲ . . ."

သူ့စကားကြောင့် သူ့အတ္တကို ချောစုလန့်သွားသည်။

" ဟုတ်တယ် လောဘကြီးတယ်လို့လည်း ပြောနိုင် သေးတယ်"

" ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်ရင် တဖက်သတ်လောဘ ကြီးလို့ မရဘူးကိုမိုးရင့်ရဲ့ ရှင့်ဖက်ကရော ဘာတွေပေးဆပ် မလဲ . . . ဒါကို ရှင်အရင်ကြိုတွေးထားသင့်တာ . . ."

www.burmeseclassic.com



" သူ့ဖက်က ကျွန်တော်လိုချင်နဲ့ မေတ္တာမျိုးသာရှိစမ်းပါစေ ... ကျွန်တော့်ဖက်က ဘာမဆိုပေးဆပ်ရဲတယ်ဗျာ ... ဒါတော့ သေချာတယ် ..."

" ပေးဆပ်တယ်ဆိုတာ ပါးစပ်ကလေးနဲ့ ပြောသလောက် မလွယ်ဘူး "

" ဒါဆိုရင် တကယ်အနွံအတာခံမခံစမ်းသပ်ကြည့်လိုက်ပါလား ချော ... တကယ်ချစ်မကြည့်ပဲနဲ့ အချစ်ကြောင်းကို ဘယ်လိုမှ ကောင်းကောင်းမသိနိုင်ဘူး ..."

" ရှင် နစ်နာနေဦးမယ်နော် ..."

ချောက မျက်နှာလေးရှုံ၍ ငေါ်တော့တော့ဆိုသည်။

" ရတယ်ဗျာ ... အနစ်နာခံပါ့မယ် ..."

" ဟွန်း ..."

ချောသူ့ကို မျက်စောင်းရွယ်လိုက်မိသည်။





" ဘယ်လိုသဘောရလဲ ..."

" ပြန်မယ် ..."

ချောကိုယ့်အိတ်ကိုယ်ကောက်လွယ်ကာ ပြန်ဖို့ပြင်သည်။

" ကျွန်တော်လိုက်ပို့ပါ့မယ် ... ဖြေးဖြေးပေါ့ဗျာ ..."

ချောကရှေ့က ထွက် ... သူကနောက်က ကမန်းကတန်းထက်ကြပ်မကွာပါလာသည်။

လာတုန်းကတတ္တစီနှင့် လာခဲ့ပေမယ့် အပြန်ကျတော့ ချောတခဏခြေစုံရပ်နေမိသည်။

" ကားပေါ်တက်လေ ..."

မီးရင့်ကသော့လေးကိုင်မြောက်ရင်း ပြောသဖြင့် ချောမျက်ခုံးပင့်ကာ ...

" ကားပါတယ် ... တကယ် ..."

" သူငယ်ချင်းကားကို ခဏဆွဲလာတာပါ ... ကျွန်တော့်မှာဘယ်ရှိမလဲ "



www.burmeseclassic.com

www.burmeseclassic.com



" ဩော် . . . ပိုင်တာ မပိုင်တာ ဘယ်သူမေးလို့လဲ . . . ခုလောလောဆယ်စီးစရာရှိရင် ပြီးရောပေါ့ . . . အဲဒါကို ဝမ်းသာတာ . . . "

တော်သေးတာပေါ့ ကောင်မလေးရယ် . . . ။

မိုးရင့်က ကားထဲဝင်ထိုင်တုန်းရှိသေး . . . သူမက လော့ခ်ဖြုတ်ပေးဖို့ မှန်ကို ပုတ်နေပြီ . . . ။

ဒီလိုဆိုတော့လည်း ချောစုက ဟန်မဆောင်တတ် . . . အိုက်တင်မခံ . . ။

" သူ့နေရာသူဝင်ထိုင်ဖို့ပဲအရင် . . . ဒါနဲ့များပေးဆပ်မယ်တဲ့၊ ဒီရုပ်ကြီးလား သူ့ဖို့ပဲ သူသိမယ့်ရုပ်မျိုးပါ . . . "

" ဟာ့ဗျာ ပျစ်ပျစ်နှစ်နှစ်ကို ဝေဖန်တာပဲ "

မိုးရင့်မျက်နှာရှုံ့မဲ့သွားရသည်။

ကိုယ်ဟာ မိန်းကလေးတစ်ဦးကို ဖေးမဂရုစိုက်ဖို့ တစ်ခါတစ်ရံမေ့လျော့ကောင်းမေ့လျော့မည်။



သို့သော် ကိုယ်အချစ်မလျော့ပါ . . . ဒါဆိုပြီးပြီ ဟုတ်လား . . . ။

" ဘယ်သွားချင်လဲ "

" ဟင်း . . . ဟင်း . . . သူများကားနဲ့ မြို့တစ်ပတ် မောင်းချင်သေးလို့လား . . . "

ချောစုရယ်တော့ မိုးရင့်ပါရောရယ်ပြီး . . .

" ခင်ဗျားဘေးနားပါရင် မောင်းချင်တာပေါ့ဗျာ . . . တစ်မြို့လုံးဘယ်ကမလဲ . . . ကမ္ဘာအနှံ့တောင်သွားချင်တယ်"

" သိပ်စိတ်ကူးမယဉ်နဲ့ . . . "

" စိတ်ကူးယဉ်တာပဲ . . . ဘာဖြစ်လဲ ခင်ဗျားဆီက တောင်းရဦးမလား . . . "

" ခွင့်တောင်းသင့်ရင် တောင်းရမှာပေါ့ . . . "

" ဒါဆိုရင် ခင်ဗျားကို နမ်းချင်တယ်ဆိုရင်ရော . . . "

www.burmeseclassic.com

www.burmeseclassic.com



ချောခေါင်းငုံ့ နှုတ်ဆိတ်သွားသဖြင့် သူရယ်လိုက်သည်။

ထိုရယ်သံကို စိတ်တိုတိုနှင့် ချောက သူ့ပုခုံးကို လက်သည်းနှင့် ဖိတ်ဆိတ်ပစ်လိုက်သည်။

" ဟ . . . ကားမောင်းနေတယ် . . . "

ချောတကယ် လက်တန့်သွားရပြန်သည်။

ထိုအခါ သူကသဘောတကျ ရယ်မောပြန်သည်။

ချောနှုတ်ခမ်းလေးကိုက်ကာ တစ်ဖက်သို့ လှည့်နေလိုက်တော့သည်။

မိုးရင့်က ဘာမှထပ်မဆိုပဲ ကားကိုမောင်းနေပေမယ့် ထွက်လာပြီး ဘယ်လောက်မှမကြာခင် ကားက တုန့်ခနဲ တုန့်ခနဲ ဖြစ်ဖြစ်သွားသည်။

" ကောင်းကောင်း မောင်းပါလား "

" ဟ . . . မောင်းနေတာပဲ . . . သူ့ဘာသာ ဆိုမလိုက်တာလား . . . ဘာလား . . . ကျွတ် . . . ဒီကားစုတ်တော့ကွာ"





လီဗာကို နင်းပေမယ့် ကားက ထစ်ငေါ့တုန့်ရပ်သွားပြန်၏။

သူက စက်ပြန်နှိုးကြည့်သည် မရ။

အရေးထဲကွာ . . . ။

ဘေးမှာကောင်မလေးပါနေချိန်ကျမှပဲ ကားကလာဒုက္ခပေးသည်။

မိုးရင့်အတော်စိတ်ပျက်စွာ ခေါင်းကိုပင်ဖွကုတ် တ်မိသည်။

" ဟောတော့ ဘာလုပ်နေတာလဲ"

" နှိုးလို့မှ စက်မနှိုးတော့ပဲ "

" ဆင်းကြည့်မယ်လေ . . . "

" ရတယ် . . . ချောထိုင်နေပါ . . . "

ဒီလိုတော့လည်း မိုးရင့်က မြန်မြန်ဆန်ဆန်ကားတံခါးဖွင့် တ်ကာ စက်ဖုံးသွားဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် ကားထဲ ဟိုရှာ ဒီရှာ . . .။

" ဆီပြတ်သွားတာလား. . . "

" မဟုတ်ပါဘူး . . . "

မိုးရင့်က ခဏမျှဟိုဒီစစ်ဆေးပြီး . . .

" ဖန်ကဖြစ်တာဆိုရင်တော့ ဆားဗစ်စင်ပို့ရမှာပဲ အခြေအနေကြည့်လိုက်မယ် . . . "

ကားထဲက ပန်ကာကို သူမသင်္ကာ သို့သော် ပန်ကာကြောင့် မဟုတ်မှန်း သူခန့်မှန်းလို့ရသွားသည်။

ဆီပိုက်ထဲကို ဆီမလိုက်တာ . . .။

တအောင့်ကြာမျှရပ်ထားပြီး ပြန်နှိုးကြည့်တော့ ရမလို ဖြစ်လာသည်။

" နည်းနည်းတွန်းလိုက်မယ် . . . "

" မိုးရင့်က ကားလက်ကိုင်ကိုတစ်ဖက်က ထိန်းရင်း တစ်ဖက်က တွန်းသည်။



စီယာတိုင်ကိုထိန်းရင်းတွန်းလည်းတွန်းနေရတော့ ချောစုမနေသာတော့ပါ . . .။

သူမပါ အမြန်ဆင်းပြီး နောက်ကသွားတွန်းသည်။

လက်နှစ်ဖက်နှင့် အားစိုက်ကာ တွန်းနေပုံလေးက ရယ်စရာ . . .။

" ချော . . . ရတယ် . . . ကျွန်တော့်ဘာသာ တွန်းမယ်"

" ဟင့်အင်း . . . ချောလည်းတွန်းမှာပဲ "

နှစ်ယောက်သား ရယ်ရယ်မောမောတွန်းလိုက်ရာ ကိုက်နှစ်ဆယ်လောက်ပဲရောက်ဦးမည်. . . ကားစက်နိုးသွားတော့ ပျော်လိုက်ရတာ . . .။

" ဟေး . . . ရပြီ . . . မြန်မြန် . . . "

ကားထဲ မြန်မြန်ဝင်ထိုင်ကြသည်။

မိုးရင့် သူမကို သဘောကျသွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးရယ်လို့ အိုက်တင်မခံ . . . ရဲဖော်ရဲဖက်စိတ် ရှိသည်။

" ကားတွန်းရတာ မရှက်ဘူးလား . . . "

" မရှက်ပါဘူး "

ဖြေပုံလေးက ချစ်စရာ။

" ချွေးပျံသွားရပြီ မဟုတ်လား "

" ရပါတယ် . . . ဘာဖြစ်လဲ . . . "

" အားနာလိုက်တာဗျာ . . . "

" ကိစ္စမရှိပါဘူး . . . "

မိုးရင့်က သူကားသူယုံကြည့်စိတ်ချသွားသလို ဘေးတ ရပ်လိုက်သည်မို့ . . .

" မောင် . . . ဘာဖြစ်ပြန်ပြီလဲ "

" ကား ဘာမှ မဖြစ်ဘူး . . . ဖြစ်တာက ကျွန်တော်

မြားနတ်မောင်စာပေ



. . "

ပြောပြောဆိုဆို မိုးရင့်က သူမချွေးသုတ်ဖို့ တစ်သျှူးတစ်စ ထုတ်ပေးသည်။

" ကောင်မလေးတစ်ယောက် သနားပါတယ် . . . ဝင်ပန်းသွားတယ် မဟုတ်လား . . . "

သူနှုတ်က ဖွဖွလေးရေရွတ်ကာ ချော့စု ခေါင်းလေးကို တလေးငယ်လိုမျိုး ချစ်စနိုးပွတ်သပ်လိုက်တာမို့ ချော့ရင်ထဲ ဘာဖြစ် သွားမှန်းမသိ . . .။

သူ့အကြင်အနာမှာ နှလုံးသားတွေ အရည်ပျော်သွားရပြီ ထင်ပါသည်။

ရုတ်တရက် မမျှော်လင့်ပါပဲ သူပုခုံးကို မှီလိုက်မိတဲ့အထိ ချော့စိတ်လှုပ်ရှားသွားမိသည်။

ဆံနွယ်လေးတွေကို ပွတ်သပ်ပြီး "မိုးရယ် . . ." ဟု သူခေါ်လိုက်သောအခါ ချော့ရင်မှာ ဘာမှမလိုအပ်တော့အောင်

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံလုံခြုံသွားသည်။

ကြင်နာတတ်သော ရင်ခွင်တစ်ခုမှာ ချောစု ငြိမ်သ

သွားရသည်။

" မိုး " ဆိုသော အခေါ်အဝေါ်လေးက နူးညံ့နွေးထွေ

ပျော့ပျောင်းလွန်းတာမို့ ရင်ထဲမှာ ဘယ်မျှကျေနပ်နှစ်သိမ့်သွာ

ရသလဲဆိုတာ ချော သေချာပြောမပြတတ်တော့ပါ။

ထိုအချိန်ကစလို့ မိုးရင့်က ချောစုနှလုံးသားသို့ သိမ်းပို

သွားနိုင်ခဲ့တာလည်း ဖြစ်သည်။

❀ ❀ ❀ ❀ ❀

မြားနတ်မောင်စာပေ

မနှီ့ကားလေးက စက်သံမကြားရအောင်ပင် ငြိမ့်ညောင်း ခန့်ထည်သည်။

ကားထဲမှာ အရုပ်မျိုးစုံနှင့် ရေမွှေးမျိုးစုံတို့ကြောင့် ရှုပ်ယှက် ခတ်နေသလိုရှိပေမယ့် မွှေးပျံ့ပျံ့နှင့် သီချင်းသံတိုးတိုးငြိမ့်ငြိမ့် လေးနှင့် စီးရတာမဆိုးပါ ။

အဲကွန်းလည်း တော်တော်အေးသည်။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေနီက ဆံပင်တွေကို ဘီးကုတ်အပြားကြီးကြီးနှင့် ပင့်တင်ကာ ကားကိုကြော့ကြော့မော့မော့လေးမောင်းနေသည်။

ဘေးကထိုင်စီးနေပေမယ့် သူမကားမောင်း ကျွမ်းကျင်တာကို မိုးရင့် အသိအမှတ်ပြုရသည်။

တော်ရုံနှေးတုံ့ကားလေးတွေကို အသာကလေးဖြတ်ကျော်တက်လာသည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုအပြည့်နှင့်။

သူမမျက်နှာမှာ လွှာနှင့်ချောစုနှင့် လုံးဝမတူသော မာ မာနတစ်မျိုးလည်း ရှိနေသည်ဟုထင်မိသည်။

ဒီရည်းစားလေးက ချမ်းသာပြည့်စုံသည်ကိုး ။

ဝတ်စားပြင်ဆင်ပုံစတိုင်လ်ကိုကြည့်တာနှင့် သူဌေးသမီးလေးမှန်းသိသာနေသည်။

မြားနတ်မောင်စာပေ



ရွှေနီလို မိန်းကလေးမျိုးနှင့် သွားလာပတ်သက်ရသောအခါမှ စိတ်ကျဉ်းကျပ်ခြင်းအရသာကို မိုးရင့် လက်တွေ့ခံစားရသည်။

ပထမတော့ သူက လှတာ စွတ်တာလေးကိုပဲ သဘောကျမိခဲ့တာလေ။

သူမမှာရှိတဲ့ အလှဂုဏ်၊ ဥစ္စာဂုဏ်၊ ပညာဂုဏ်တွေအကြောင်း သိပ်မစဉ်းစားမိတာ ဝန်ခံပါသည်။

အတူတူသွားလာရတော့မှ ဒါတွေကလည်း ဦးနှောက်စားရာဖြစ်လာသည်။

ကော်ဖီလေးတစ်ခွက်သောက်ဖို့ကို ထရိတ်ဒါးထဲ၊ ဒါမှမဟုတ် ဆန်းမစ်တို့ ယုဇနတို့မှ သွားသောက်တာဖြစ်သည်။

မိုးရင့်မှာ ကုမ္ပဏီမှာ မန်နေဂျာသာဖြစ်ပြီး ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက် မဟုတ်ဘူးလေ။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဂစ်တာလို၊ ဖူဂျီ

သူမစိတ်ကြိုက်ဆိုင်တွေချည်းပဲ အမြဲလိုက်မပို့နိုင်။

" မောင် . . . "

" ဟင် . . . "

" ဘယ်ဆိုင်သွားရမလဲ "

မီးရင့်က မျက်ခုံးရှုံ့ရှုံ့နှင့် ခဏတွေနေပြီးမှ . . .

" မီးသဘောပဲလေ . . . "

" မောင့်ကိုညစာကျွေးချင်လို့ လာခေါ်တဲ့ဥ

မောင်ကြိုက်တဲ့ဆိုင်ရွေးပေါ့ . . . "

" ရတယ် မောင်ကဘာပဲဖြစ်ဖြစ် . . . "

" ဒါဆို ယုဇနမှာ ဘူဖေးသွားစားမလား . . . "

ခေါင်းသားညိတ်လိုက်ရပါသည်။

ရွှေနီက ကားကို ယုဇနဟိုတယ်ဖက်သို့ ဦးတ

လိုက်သည်။





မီးရင့်စိတ်တွေဟာ လွှာဆီတချက်ပြေးလိုက်၊ ချောစုကို

တိရလိုက်နှင့် ရှိနေသည်။

ရွှေနီနှင့် ဟိုတယ်ကြီးတွေမှာ ထမင်းအတူစားရတာဟာ

ာနှင့်အတူလမ်းဘေး လက်ဖက်ရည်ဆိုင်က ထိုင်ခုံပုလေးမှာ

စ်ယောက်ကိုတစ်ယောက်ကြည့်ကာ ရေနွေးကြမ်းသောက်ရ

ာလို ကြည်နူးစရာမကောင်း . . .။

လွှာမျက်နှာလေးငေးကာ ပျော်ရွှင်ရသော ခံစားမှုဟာ

ိပ်လွတ်လပ်တာအမှန် . . .။

ချောစုနှင့်အတူ ကားတွန်းရတာကိုလည်း မီးရင့်မမေ့

. .။ ချောစုလည်း ချစ်စရာကောင်းသည်။ သူနှင့် လိုက်လျော

တွေရှိသည်။

ရွှေနီနှင့်မတူ။

" မောင် . . . ရောက်ပြီလေ . . . ဘာတွေငေးနေတာလဲ "



www.burmeseclassic.com

www.burmeseclassic.com



" ဩော် . . ."

" လာလေ . . ."

သူ့လက်မောင်းကိုချိတ်ကာ ရွှေနီဝင့်ဝင့်တားတား ကြွကြွရွရွလေး လှမ်းလာသည်။

သူတို့အတွဲကို ဘေးလူတွေက သိပ်လိုက်ဖက်တယ်ထင်နေသလား . . .။

မိုးရင့်ရင်ထဲမှာရော . . .။

တစ်ဘဝစာလက်တွဲသွားရမယ့် ချစ်သူလေးဟာ ရွှေနီဖြစ်မလား. . .။

ထိုအဖြေကို သူမသိ။

မြားနတ်မောင်အပေါ် လွှဲချထားလိုက်တာပဲ အေးမည်။

လောလောဆယ်ပျော်ပျော်နေ . . . ဒါပဲပေါ့ . . .။

အချစ်ဆိုတာပျော်ရွှင်ခြင်းကို သယ်ဆောင်လာတာလို့ပဲ လက်ခံ ထားလိုက်မည်။





မိုးရင့်သည် အချစ်ကြောင့် ဗျာများချင်လို့တော့ဖြင့် ဘုတ်ပါ . . .။

လွှာရယ် . . .

မောင်မှားများမှားနေပြီလား. . .။

လွှာ့မျက်နှာလေးမြင်ယောင်မိသော အခါသူ့နှလုံးသားမှာ မြစ်မကင်းသလို ခံစားလာရသည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

" ဟက်လို . . . "

" မောင်လား . . . "

တိုးဖွဖွအသံဟာ တယ်လီဖုန်းထဲမှာ မိုးရင့်အတွက် ရုတ်တရက် မသဲကွဲလှ။

" ကျွန်တော် မိုးရင့်ပါ . . . "

" မောင် . . . ရွှေနီပါ . . . "

" ဪ . . . မီး . . . ပြော . . . "

အခုမှပဲ ရွှေနီ့အသံဖြစ်မှန်း မိုးရင့်သိသွားရသည်။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားအများကြီးထားနိုင်တဲ့ ကောင်လေးတွေရဲ့ ဦးနှောက်ကို မိုးရင့် ချီးမွမ်းသည်။

သူ့မှာတော့ နှစ်ယောက်၊ သုံးယောက်နဲ့တင် အတော်ကြီး စိတ်ရှုပ်နေရပြီ ...။တကယ်တမ်းမှာ မလွယ်ကူပေ။

" မနက်ဖန် မောင်အားလားဟင် "

" အင်း ...မနက်ဖန် "

မိုးရင့်က မျက်မှောင်ကုတ်ရင်း ဘယ်လိုမှမဖြေသေးပဲ အချိန်ယူနေသည်။ ကတိတစ်ခုကိုပေးဖို့ စဉ်းစားရပြီ ။

" ရုံးပိတ်ရက်လေကွာ ... မောင်တို့ ကုမ္ပဏီလည်း ပိတ်တယ်မို့လား ..."

" အင်း ..."

" ဒါဆို ရွှေနီ သံလျှင်သွားစရာရှိလို့၊ လိုက်ပို့မှာလား "





"ပို့တာက ပို့ချင်ပါတယ် ..."

" ဒါဖြင့် ဘာဆင်ခြင်ပေးဦးမှာလဲ "

မနက်ဖန် ချောစုနှင့် ချိန်းထားပြီးသားဖြစ်နေပြီ။

ရွှေနီနှင့် ထပ်ချိန်းဖို့မလွယ်။

တရက်တည်း ဟိုပြေး၊ ဒီလွှားဆိုရင် မှားကွက်ရှိနိုင်သည်။

" မောင့်ဘော်စ်လေကွာ ... သူ့ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခု မောင့်ကို ခိုင်းထားတာရှိလို့ပါ ..."

" ဒါဆို မအားဘူးဆိုပါတော့ ..."

ရွှေနီ့အသံလေးက မာဆတ်လာသည်။

သူမဟာ နဂိုကတည်းက အလှနတ်သမီး ... မာနခဲ အနားမှာ ခစားလိုသူတွေလည်း မနည်းမနောရှိသူပါ။

" အလုပ်ကိစ္စပြီးတာနဲ့ မောင်ဖုန်းဆက်လိုက်ပါ့မယ် ဟာမဆိုးပါနဲ့ မီးရယ် ... နော် ..."

မိုးရင့်က ထုံးစံအတိုင်းချော့မော့နှစ်သိမ့်စကားဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



" ပြီးရော . . . သူ့ကိုမေးလိုက်ရင် မအားတာချည်းပဲ . . . ဟွန်း . . . "

" ဒါကတော့ . . . "

" တော်ပါပြီ . . . သိပါတယ် . . . "

" တနင်္ဂနွေ ရွှေနီဘယ်သွားချင်လဲ . . . မောင်လိုက်ပို့မယ်နော် . . . မီး . . . စိတ်တော့ မကောက်လိုက်ပါနဲ့ . . . "

ရွှေနီ ပြန်မဖြေ . . .။

သီးချင်းဖွင့်ထားသံအကျယ်ကြီးတစ်ခုပဲ ကြားနေရသည်။

x x x ဝေးကြရမှာလား . . . ရွှေဆက် ချစ်နိုင်မလား x x

x x x သိခွင့်မရတဲ့ တို့ရဲ့မနက်ဖန်လေးတွေ x x x

အလွမ်းနဲ့ဆုံးမှာလား x x x

အချစ်နဲ့ဆုံးမှာလား x x x

သိခွင့်မရတဲ့ တို့ရဲ့မနက်ဖန်လေးတွေ x x x

❀ ❀ ❀ ❀ ❀



'လွှာ' က မိုးရင့်ပေးသော ခေါင်းစည်းပုဝါအနီရောင်ကလေးကို သေချာကြည့်ပြီး ကျေနပ်စွာပြုံးလိုက်၏။

" ဘာအတွက်လဲ "

" ဟင် "

" ဘာအထိမ်းအမှတ်အတွက်ပေးတာလဲလို့ "

မိုးရင့်က ခေါင်းရမ်းသည်။

" ဒီလိုပါပဲ . . . လှတာနဲ့ ဝယ်ပေးချင်စိတ်ဝင်လာတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အနီရောင်ပေါ်မှာ အဖြူအသည်းပုံလေးတွေနှင့် ပုဝါလေးက နွမ်းညှို့ပါးလွှင့်ပြီး ချစ်စရာကောင်းသည်။

" လွှာ ကြိုက်ရဲ့လား "

" အင်း "

လွှာက သူ့ရှေ့မှာပဲ ခေါင်းပေါ်ပုဝါစလေးကို စည်းနှောင်ကြည့်သည်။

" ပေး . . . ကျွန်တော်လုပ်ပေးမယ် "

" ဟာ . . . နေ . . . နေ ရတယ် "

မိုးရင့်က ရုတ်တရက်အနားမှဖယ်ခွာသော လွှာ့ကို မိုးရင့် ခပ်စူးစူးကြည့်မိ၏။ အဖြစ်သည်းလိုက်တာ။ ဒါလေးများ ရင်ထဲမှာ ဘဝင်မကျ။

လွှာက သူ့အကြည့်ကို နားလည်သည်။

နားမလည်တာက သူဘာလို့ အဖြေမတောင်းသေးတာလဲ။

မြားနတ်မောင်စာပေ



ရည်းစားစကားကိုအလောတကြီး အလျှင်စလိုပြောခဲ့ပြီး အဖြေတောင်းဖို့ကျတော့ အရမ်းနှေးပြီး သွေးအေးနေတာကို ဘယ်လိုမှ နားမလည်ပါ။

တကယ်ဆို အဖြေတောင်းသင့်ပြီနော် . . .။

လွှာက သည်လောင်အကြာကြီးစဉ်းစားခွင့်တောင်းတာမှ မဟုတ်ပဲ မိုရင့်ဘာလို့ မသိချင်ယောင်ဆောင်နေရတာလဲ။

အလိုမကျဖြစ်မိသည်။

ပွင့်ပွင့်လင်းလင်းချစ်သွား ကြပြီဆိုသူခုဏတုန်းကလို ပုဝါလေးစည်းပေးခွင့်တောင်းတာကို လွှာက ငြင်းမှာမဟုတ်။

လောလောဆယ်အနေအထားက သူနှင့်လွှာဘာမှ မဆိုင်ကြသေးပါ။ လွှာ ခေါင်းမညိတ်ရသေးဘဲ သူဘက်က ဘယ်လို ပိုင်ဆိုးပိုင်နင်း ပြုမူတာကိုပဲ ဖြစ်ဖြစ် လွှာက လက်မခံချင်။

ဒါ . . . လွှာမှားနေသလား။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



" လွှာ အသားအရမ်းဖြူတယ်လေ . . . အနီရဲလေး
ဆို အရမ်းလှမယ် "

"မမြှောက်လည်းကော်ဖီတိုက်မှာပါ "

မိုးရင့်က လွှာကို စိုက်ကြည့်နေမိ၏။

လွှာ့ကို သူအရမ်းချစ်သည်။

လွှာ့ရှေ့ရောက်လျှင် သူ့ဘဝတစ်ခုလုံးအစစအရာရာ
ပြည့်စုံသွားသလို အေးချမ်းမိသည်။

" လွှာ "

" ဟင် "

" ကျွန်တော်တို့နှစ်ယောက် ဘယ်တော့မှ ဘာကြောင့်မှ
မခွဲဘူးကွာ . . . သိလား . . . ဘယ်အရာကမှ ဟန့်တားဖျက်ဆီး
လို့ မရဘူး "

ဟော . . . တစ်ယောက်တည်း တစ်ဖက်သပ်ပြော
ပြန်ပြီ။ သူ့ကို လွှာလက်မခံသေးဖူးဆိုတာ မေ့ပြီလား။





လွှာ့ လက်ထဲက ပုဝါကိုယူပြီး သူ့လက်ကောက်ဝတ်မှာ
စည်းကြည့်၏။

" ကောင်းလား "

" မကောင်းပါဘူး "

" ဟင် . . . ဘာလို့လဲ "

" လွှာ မကြိုက်လို့ပေါ့ "

နေခြည်လွှာ၏ စကားကြောင့် လက်ကောက်ဝတ်က
ပုဝါကိုသူက ပြန်ဖြည်ပြီး လည်ပင်းမှာပြောင်းချည်သည်။

" ခုရော "

" လုံးဝမကောင်းဖူး "

လွှာက နှုတ်ခမ်းလေးကိုက်ပြီး ခေါင်းရမ်းသည်။

" လှပါကယ် "

" လွှာ့မျက်စိထဲမှာ မလှပါဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆိုလည်းရော . . . "

မိုးရင့်က ပုဝါလေးကို လွှာ့စီပြန်ပေးသည်။

" ခုတလော ဘာလို့ အလာကြဲတာလဲဟင် "

" မအားလို့ "

" တကယ် "

" တကယ်ပေါ့ . . . စိတ်ကအမြဲလာပါတယ် . . . လွှာ မတွေ့ဖူးလား "

" ဟင့် "

" စိတ်ကမခံစားမိဘူးလား "

" ဟင့်အင်း "

အပြုံးလေးနှင့် ခေါင်းခါတော့ မိုးရင့် ဘဝင်မကျ။

" စိတ်ချင်းဆက်သွယ်မှုဆိုတာရှိကိုရှိရမယ် "

" ဘာမှ မဆိုင်ဘူး "

မြားနတ်မောင်စာပေ



" လွှာ "

သူက အသံမာမာနှင့်ခေါ်၏။

" ဒီနေ့ ဘာလို့ဆန့်ကျင်ဘက်ပဲပြောနေရတာလဲ "

မိုးရင့် စိတ်တိုမိပြီ။

သူ့မှာဖြင့် လွှာ့ကိုသတိရလွန်းလို့ပြေးလာမိတာ။

ဖုန်းဆက်သော ရွှေနီ့စီလည်း မသွားခဲ့မအားဖူးဟု ညာလိုက်ပြီး ချောစုဆီလည်း မလာဖြစ်တော့တာ ပြန်ဖုန်းဆက်ပြီး အေးတိအေးစက်နေနိုင်လွန်းသော လွှာ့စီပြေးလာခဲ့မိတာ။

ရွှေနီ စိတ်ဆိုးမှာ ချောစု စိတ်မကောင်းဖြစ်မှာ ဂရုမစိုက်နိုင်။ သူ့စိတ်က လွှာ့ကို မြင်ချင်စိတ်ပြင်းထန်နေခဲ့သည်။

" လွှာ "

" ဟင် "

" ဘာလို့ဖုန်းမဆက်တာလဲ "

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“ ကိစ္စမှ အထွေအထူးမရှိတာ ”

“ အော် . . . အော်”

မိုးရင့်စိတ်ထဲမှာမခံချင် လွှာ့စကားကို လုံးဝမကြိုက်။

“ လွှာ သတိမရဖူးလား ”

“ ရပါတယ် ”

လွှာက မှုန်တည်နေသော မိုးရင့်မျက်နှာကိုကြည့်မိ၏။

မျက်လုံးချင်းဆုံမိတော့ တော်တော်နှင့်မလွှဲနိုင်။

“ ဘာဖြစ်နေတာလဲ ပူစပ်ပူလောင်နဲ့”

လွှာမေးမိသည်။ မိုးရင့်မျက်နှာကြည်လင်လာ၏။

လွှာ . . . မင်းဟာ သွေးအေးသတ္တဝါမလေးလား မယုံချင်ဘူး။

❀ ❀ ❀ ❀ ❀

“ ရွှေနို့စကားကြောင့် ချောစုက မျက်စောင်းလေး ရွယ်သည်။

“ ဟွန်း . . . မတရားဖူး ”

လွှာက သူတို့နှစ်ယောက်ကိုကြည့်ကာရယ်နေမိသည်။

“ ရယ်မနေနဲ့ လွှာကရော ဘယ်တော့ မိတ်ဆက်ပေးမှာလဲ”

ချောစုက လွှာ့ဘက်လှည့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



" ဖြည်းဖြည်းပေါ့ . . . "

စ,ချင်စိတ်နှင့် လွှာက ဖြေမိသည်။

" ကြည့်စမ်း . . . နှစ်ယောက်စလုံး လျှို့ချင်တယ် ပြီးရောချောစုလည်း မောင့်ကို မလာဖို့ ဖုန်းဆက်လိုက်မယ်"

ချောစုက ခုမှထဖို့ ပြင်တာမို့ နှစ်ယောက်သားဝိုင်းဆွဲပြီး တားထားရသည်။

" ဟွန်း . . . မကျေနပ်ပါဘူး . . . ချောစုက ချိန်းထား ပြီးသားဖြစ်နေလို့ပေါ့ . . . မဟုတ်ရင် တွေ့မပေးဘူး"

နေခြည်လွှာနှင့် ရွှေနီက ရယ်နေသည်။

" အရမ်းမုန်းဖို့ကောင်းတယ် "

ရွှေနီက မျက်လုံးကလေးထောင့်ကပ်ကာ ချော မနာလိုဖြစ်အောင်ကြွားလိုက်၏။

" ရွှေနီ့မောင့်က အရမ်းချောတာ သိလား "



" ဟင့်အင်း . . . ချောစုမောင့်ကို မီမယ်မထင်ပါဘူး "

လွှာကဝင်ပြိုင်မငြင်းပဲ ပြုံးသက်နေလိုက်၏။

စိတ်ထဲမှာတော့ ယုံကြည်နေမိသည်။ လွှာ့ချစ်သူက အချောဆုံးဖြစ်မှာပါ ဒါကို သူတို့မြင်သွားလျှင်လက်ခံမှာပါ။

" မောင်က ချောစုကို "မီးမီး" နဲ့ အရမ်းချစ်တာ"

ချောစုစကားကို ရွှေနီက မျက်နှာကလေးမော်ပြီး . . .

" ဒါ ဘာဆန်းလို့လဲ . . . ချောစုမောင်မှ မီးတာ မဟုတ်ဘူး ရွှေနီ့မောင်ကလည်း မီး . . . မီးနဲ့ ပါးစပ်ဖျားက မချဖူး "

လွှာက သူတို့စကားကိုနားထောင်နေမိသည်။

အမှန်တိုင်းဝန်ခံရလျှင် လွှာနှင့် ကိုမိုးရင့်က မီးနှင့်မောင် အဆင့်ကို မရောက်သေးပါ။

လွှာက ခေါင်းမညိမ့်ရသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာဒါကိုစနိုးစနောင့်ဖြစ်ရ၏။

ဖုန်းသံမြည်လာတော့ ချော့စုက ပြေးသွားပြီးထူး၏။

" ဟင် . . . မောင်လား . . . မလာသေးဖူးလား ကြာတယ်"

လွှာနှင့်ရွှေနီက ချော့စုအသံပစ်ပစ်ချွဲချွဲကိုကြည့်ကာ တစ်ယောက်ကိုတစ်ယောက် မျက်စပစ်မိ၏။

ဖုန်းပြောနေတာပင် ခြေကဆောင့်လိုက်သေး။

ချော့စုကို ရွှေနီနှင့်လွှာရယ်ချင်သည်။

" အင်းပါ . . . မြန်မြန်လာ . . . သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမလို့ပါဆို "

ဖုန်းချပြီးချော့စုမျက်နှာက ပြုံးပြုံးနေ၏။

" မှိုရတဲ့မျက်နှာ"

ရွှေနီက အရမ်းအစ, သန်သည်။





" စောစောက အသံက ဘာဖြစ်သွားတာလဲ"

" ဘာဖြစ်လို့လဲ "

" ညှုသံပေါက်လွန်းတယ် "

" အံမယ် . . . မနာလိုမရှိနဲ့ "

ချော့စုနှင့် ရွှေနီက ဒါနိုင်မခံအရှုံးမပေးပါပဲ. . .

" လွှာရေ "

" ဟင် "

" မောင့်ကို ချစ်သူဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ရွှေနီတစ်ခုခု ဝယ်ပေးချင်တယ် လွှာလိုက်ခဲ့နော် "

" အင်း "

လွှာက ခေါင်းညိမ့်သည်။

" ဟဲ့ . . . နေကြအုံးလေ . . . ချော့စု 'မောင်' ကို မြင်ဖူးအောင်စောင့်ပါအုံး"



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်သူက မစောင့်ဖူးပြောလို့လဲ "

ချောစု မေမေ ကျွေးသော လက်ဖက်သုတ်ကိုစားရင်း စကားပြောရင်း ချောစု၏ ချစ်သူလေးရောက်အလာကို စောင့်နေမိကြ၏။

ဟော . . .

နာရီဝက် တစ်နာရီကြာတော့ ဖုန်းဝင်လာပြန်သည်။

" ဟင် . . . မောင်ကလည်း . . . ဖြစ်ရပြန်ပြီ . . .

ချောစုအသံလေးက အလိုမကျ။

" ဒီမှာ မီးက သူငယ်ချင်းတွေစောင့်ခိုင်းထားတာ"

လွှာနှင့်ရွှေနီတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိ၏။

" မီး ဘယ်တုန်းက စိတ်ကောက်ဖူးလို့လဲ"

ချောစုကိုကြည့်ရတာ သူ့ချစ်သူကို တော်တော် သည်းသည်းလှုပ်လွန်း၏။ ဟိုဘက်ကတော့မသိ။



ရွှေနီနှင့်လွှာ့ကို ချောစုက . . . ဖုန်းချပြီး လှမ်းပြောလာကာ

" မောင် ဒီနေ့မလာဖြစ်ဘူး" တဲ့ ဟု ဆိုလာ၏။

" ကောင်းတာပေါ့ . . . ငါတို့အပြင်သွားရအောင်လေ"

ရွှေနီက သူ့ချစ်သူဖို့ အမှတ်တရတစ်ခုခု ဝယ်ပေးချင်သည်လေ။

လွှာတို့ သုံးယောက် ဗိုလ်ချုပ်ဈေးဘေးက FMI စင်တာကို လာခဲ့ကြ၏။

မှတ်မှတ်ရရ . . . ရွှေနီက ပြောက်ကျားလက်ပတ်ကြိုးနှင့် ခိုင်ခွက်အညိုရောင် နာရီဆန်းဆန်းကလေးကို ဝယ်လိုက်၏။

လွှာရော ချောစုရော ရွှေနီပါ သုံးယောက်စလုံးကြိုက်ပြီး ရွေးဝယ်မိတာ။

ထိုနာရီလေးက ရှားရှားပါးပါး တစ်လုံးတည်းရှိနေသည်။ တစ်ခြားဆိုင်တွေမှာလည်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com



" မှောင်က ချောတော့ ဘာမဆို လိုက်တယ် ကြည့်ကောင်း တယ်သိလား" ဟု ရွှေနီက ကြွားနေသေး၏။

" လှ္ဝာ "

" ဟင် "

" ရက် တစ်ခုခုသတ်မှတ်ရအောင် "

" ဘာအတွက်လဲ "

" ရွှေနီတို့ စုံတွဲ သုံးတွဲ စုံပြီး ထမင်းစားကြမယ်လေ"

လှ္ဝာ့အပြုံးလေးက ဖျော့နေသည်။

" စောပါသေးတယ်"

ချောစုက နှုတ်ခမ်းစူ၏။

" ဘာလို့လဲ လှ္ဝာရဲ့ "

" ဒီထက် ခိုင်မာသေချာပြီဆိုမှ အဲ့ဒီလိုဆုံတာ ပိုအဓိပ္ပါယ်ရှိတယ်"





နေခြည်လှ္ဝာ၏ စကားကို ချောစုနှင့် ရွှေနီခေါင်းညိတ်မိ၏။

သည်လိုသာဆို လှ္ဝာ . . . မိုးရင့်ကို မြန်မြန်ခေါင်းညိတ်မိ ရတော့မှာလားမသိ။

လှ္ဝာတို့က အတိအလင်းချစ်သူတွေ မဟုတ်သေးဖူးလေ။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

ချောစုနှင့်ချိန်းထားပြီးမှ ဖျက်ကာ လွှင့်စီလာခဲ့မိသော စိတ်ကို မိုးရင့် သိပ်နားမလည်ချင်တော့ပါ။

တကယ်ဆိုချောစုနှင့် ရွှေနီက ချစ်သူဖြစ်နေခဲ့ပြီး လွှာက အဲဒီအဆင့် မဟုတ်သေး။

ရွှေနီနှင့် ချောစုကိုဆို လက်ဖျားလေးဆွဲ ပုခုံးလေးဖက်နှင့် ပိုရင်းနှီးပေမယ့် လွှာ့ကိုထိုင်ဖြီးကြည့်နေရတာလောက် သူ့ရင်ထဲမှာ မကြည်နူးမိပါ။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုတာလည်း ဆန်းလှသည်။

လွှာနှင့်ထိုင်စကားပြောနေရလျှင် အချိန်တွေကုန်လို့ကုန်မှန်းမသိ။ အရာရာကို သူမေ့လျော့နေပါသည်။

သူမှာ ရှုတ်လိုသောစိတ် ပွေလိုသော ဆန္ဒမရှိပါ။ ကောင်မလေးသုံးယောက်နှင့် ပတ်သက်ခဲ့ပြီ။

ဘာလို့သည်လိုဖြစ်ရတာလဲ။

လွှာနှင့် ချစ်သူတွေမဟုတ်သေးပေမယ့် လွှာ့မျက်လုံး တာလေးတွေကိုလည်း သူနားလည်သည်။

လွှာလည်း သူ့ကိုချစ်ပါသည်။

သူဘာလို့ ရည်းစားသုံးယောက် ဖြစ်သွားရတာလဲ။

သူမျက်နှာများတဲ့ ယောက်ျားမျိုးလား။

တကယ်ကို မရည်ရွယ်ပဲ မထင်မှတ်ပဲ ဖြစ်ခဲ့ရတာ။

ကောက်ကျစ်ယုတ်မာချင်သောဆန္ဒလည်းမရှိပါ။





ရွှေနီနှင့်ချောစုရှိနေတာ လွှာသိလျှင် စိတ်ဆိုးမှာလား။ သူ့ကိုရှောင်ဖယ်မုန်းသွားမှာလား။

စိတ်ပူမိပါသည်။ ချောစုနှင့် ရွှေနီလည်း သူ့ကိုချစ်ကြတာပါပဲ။ သူမတရားသလိုဖြစ်နေပြီလား။

မိုးရင့်အတွေးများနှင့် မောလာ၏။

လွှာက ရောက်မလာသေးသဖြင့် သူထိုင်စောင့်နေရသည်။

လွှာ ဘယ်တွေသွားနေသလဲ။

သူ့အပြင်တွယ်တာရင်ခုန်စရာ၊ လွှာ့မှာရှိနေသလား။ ကိုထူးပြောပြဖူးတာတော့ 'နိုင်' ဆိုသော လူတစ်ယောက်လွှာမှာရှိသတဲ့။

သူလွှာ့ကိုမေးကြည့်တော့ လွှာက . . .

" မိတ်ဆက်ပေးမလို့ပဲ . . . ခရီးထွက်သွားလို့ " ဟုဆိုပါမည်။ လွှာ အဲ့ဒီနိုင်ဆိုသော သူနှင့်အပြင်ထွက်တာများလား။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ ပူလောင်မိသည်။

လွှာ့ဘဝထဲမှာ သူတစ်ယောက်တည်းရှိချင်သည်။ တစ်ခြားလူမရှိစေချင်။

အရမ်းလောဘကြီးနေမိတာလည်း လွှာ့ကိုချစ်လို့ပါ။

အကြာကြီး စောင့်နေရတော့ သူ့မျက်နှာ မကြည်သာတော့။

လွှာဘာလို့ ဒီလောက်ကြာရတာလဲ။

❀ ❀ ❀ ❀ ❀

မြားနတ်မောင်စာပေ

လွှာ လျှောက်လာနေတာကို အဝေးကြီးကတည်းက လှမ်းမြင်လိုက်တော့ သူ့ရင်ခုန်သံတွေ တဒုန်းဒုန်းနှင့် အခုန်မြန်လာ၏။

ထိုင်မနေတော့ပဲ လွှာ့စီလျှောက်သွားမိသည်။

သူ့ကိုမြင်တော့ လွှာက နှုတ်ခမ်းလေးပွင့်ဟအဲ့ပြုံး၏။

" ရောက်နေတာ ကြာပြီလား "

" အင်း "

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူက လွှာ့ကို စူးစူးကြည့်ကာခေါင်းညိတ်၏။

" ဘာဖြစ်လို့လဲ "

သူ့အရိပ်အကဲကို လွှာနားလည်နေပါရောလား။

" ဘယ်တွေလျှောက်သွားနေတာလဲ"

သူ့အသံက ငေါက်ဆတ်ဆတ်။

" ဘာလဲ . . . ဘာဖြစ်လို့လဲ "

" စောင့်နေတာ ကြာလှပြီ"

" လာမယ်လို့မှ မပြောထားပဲ "

" ဘယ်သွားတာလဲ ဘယ်သူနဲ့လဲ၊ ဘာကိစ္စလဲ "

နေခြည်လွှာက နှုတ်ခမ်းလေးတွန့်ရှုံ့ပြုံး၏။

လမ်းပေါ်မှာ ဒေါသတွေကြီးပြီး ဟိန်းဟောက် လိုက်တာ လွှာ့ကိုသူချစ်သူများမှတ်နေသလား။

သတိလည်းထားပါအုံး ကိုမိုးရင့်ရယ်။



လွှာက မျက်လွှာချပြီး တလှမ်းချင်းလျှောက်နေတော့ မိုးရင့်စိတ်မရှည်နိုင်။ ဒေါသတွေ စူပွက်လာ၏။

" ဘာလဲ ဟို 'နိုင်' ဆိုတဲ့ကောင် ပြန်ရောက်လာပြီလား သူနဲ့သွားနေတာလား"

" ဟောတော့"

လွှာက မျက်လုံးကလေးပြူးသွား၏။

သူသဝန်တိုစိတ်မချ ဖြစ်နေတာလား။

" မေးတာဖြေလေ"

" ဘာဖြေရမှာလဲ "

" အမှန်အတိုင်းဖြေပေါ့ "

နေခြည်လွှာက မိုးရင့်ကို မျက်လုံးလေး ဝေ့ကာကြည့် ာ၏။

" တကယ်မသိဘူးလား "

www.burmeseclassic.com

www.burmeseclassic.com



မိုးရင့်မျက်လုံးတွေကို လွှာလန့်မိသည်။ ကပျာကယာ မျက်နှာလွှဲမိ၏။

"စောင့်နေရတာကြာလှပြီ . . . အလုပ်ကိစ္စတွေပြီးပြီးချင်း ပြေးလာတာ . . . လွှာ့ကို တွေ့ချင်လွန်းလို့"

"တွေ့ချင်လို့ "

"ဟုတ်တယ် "

"မတွေ့ရတာ ဘယ်နှစ်ရက်ရှိသေးလို့လဲ "

"နေ့တိုင်းတွေ့ချင်တယ် "

လွှာက ပင့်သက်ရှိုက်သည်။

"အရမ်းပိုင်စိုးပိုင်နင်းနိုင်တယ်နော်"

"မသိဘူး "

မိုးရင့်ပုံစံကို လွှာရယ်ချင်မိသည်။

"ဝဋ်လည်မှာမကြောက်ဘူးလား"



"ဟင် . . . ဘာလို့ ဝဋ်လည်ရမှာလဲ "

"အဲ့ဒီလို လုပ်နေလို့"

မိုးရင့်က လက်တစ်ဖက်ကို ကွေးကာ ဝိုက်ကာသွား သလို လုပ်ပြ၏။

"ရှင်က အဖြေမှ မတောင်းသေးပဲ "

"စဉ်းစားမယ်ဆို "

"စဉ်းစားပြီးပြီ "

"ကျွန်တော့်ကိုချစ်တယ် မဟုတ်လား "

လွှာ့လက်ကလေးကို ဆုပ်ထွေးဖျစ်ညှစ်ကာမေးမိသည်။

မိုးရင့်မျက်နှာက လပြည့်ဝန်းလို တောက်ပသွား၏။

"ကျွန်တော်ပျော်တယ် . . . လွှာ့ကိုကျွန်တော်အရမ်း တယ်"

နေခြည်လွှာခေါင်းလေးငုံ့ကာ ရယ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လွှာလည်း ပျော်တာပါပဲ မိုးရင့်ရယ်။

ပျော်လွန်းလို့မူးလဲသွား မလားလို့တောင် စိုးရိမ်မိပါရဲ့။

❀ ❀ ❀ ❀ ❀

လုံးဝ မရည်ရွယ်ပါပဲ . . . မထင်မှတ်ပါပဲ . . . ချစ်သူကလေး သုံးယောက်ရှိလာတော့ မိုးရင့်က သုံးယောက်စလုံးကို 'မီး'ဟု ခေါ်ခဲ့ပါသည်။ သူ့ကိုသူတော့ မောင်ဟု ထည့်ပြောမိသည်။

ဒါဆို အမှားအယွင်းမရှိနိုင်တော့ပါ။

လွှတ်ကနဲ မှားခေါ်မိမှာ ပူစရာမလိုတော့။

မိုးရင့်က လွှာ့ကို မီးဟုပြောင်းခေါ်ခဲ့တော့ လွှာအံ့အားသင့်သည်။ ရင်ထဲမှာ ကြည်နူးသလိုလို။ ဘာလိုလိုတစ်မျိုးလေး ခံစားရသည်။





www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတော့ လွှာက မောင်ဟု မခေါ်ဖြစ်သေးပါ။ ခေါ်ရမှာ မဝံ့မရဲ ဖြစ်မိသည်။

တစ်ခါလောက်ခေါ်ကြည့်ပါဟု မောင်က တောင်းဆိုတတ်၏။

" မခေါ်ချင်ပါဘူး "

" ဘာလို့ "

" ရှက်စရာကြီး "

" ဟင် . . . မောင့်ကို မောင်လို့ခေါ်ရမှာ ရှက်တယ် ဟုတ်လား "

" အင်းပေါ့ "

လွှာသည် အရှက်အကြောက်အလွန်ကြီးသော ကောင်မလေး တစ်ယောက် ဖြစ်နေခဲ့၏။

ရွှေနီနှင့်ချောစုလိုမဟုတ်။ ဘာလေးမဆို ရှက်တတ်သည်။





" မျက်နှာပူတယ် ကိုမိုးရင့်ရဲ့ "

" ဟာ . . . မရဖူးကွာ . . . ခေါ်"

" အင်း . . . ရှင် မကျေနပ်ရင် ဖုန်းပြောတဲ့အခါစ, မြီး ခေါ်ကြည့်မယ် . . . မကောင်းဘူးလား"

" မကောင်းဘူး "

" ကိုမိုးရင့်ရယ် . . . လွှာ့ကိုနားလည်ပေးပါ "

" နားလည်မပေးနိုင်ဘူးကွာ"

မနေ့တုန်းကလည်း လမ်းကူးတုန်းလက်ဆွဲမိတာကို ဆတ်ကနဲဖယ်ချပစ်ခဲ့၏။

သူ့ရင်ထဲမှာ အောင့်သက်သက်နှင့် တမျိုးကြီးဖြစ်သွားသည်။

" ဘာဖြစ်လဲကွာ . . . လက်ကလေးဆွဲတာပဲ။

" လူတွေကြည့်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ ဟာ . . . ကြည့် ကြည့်ပေါ့ ”

“ ရှက်တယ် ”

“ ကျွတ် . . . ဘာကြီးမှန်းလည်း မသိဘူး”

လွှာက သူ့ဘက်ကို ထည့်မတွေးတာလား။ သူဘယ်လိုဖြစ် သွားမလဲ စဉ်းစားမိပါရဲ့လား။

ဟိုတစ်ရက်ကလည်း သူနှင့်အတူတူလမ်းလျှောက်နေတုန်း လွှာခလုတ်တိုက်ပြီး ခြေသည်းကကျိုးကာ ခြေဖမိုးလည်း ခေါက်သွား၏။ ဒါကိုသူက စိတ်ပူပြီး လွှာ ခြေထောက်ကလေးကို ကြည့်မိတော့ . . . လွှာက ချက်ချင်းပဲ ခြေမျက်စိဖုံးအောင် ဝတ်ထားသော ထမီရှည်ရှည်ပျော့ပျော့ကလေးကို ခြေထောက်ပါ လုံအောင် ဆွဲအုပ်ပြီး . . .

“ မကြည့်နဲ့ ” ဟု ယတိပြတ်ပြော၏။

“ လွှာ့ ခြေဖမိုးထိသွားပြီ ခြေသည်းကျိုးပြီးသွေးထွက်နေပြီလေ. . . ပြပါ မောင်ကြည့်ပေးမယ် ဆေးခန်းသွားမလား”





“ မသွားပါဘူး . . . ကြည့်လည်းမကြည့်နဲ့ ”

နေခြည်လွှာက နာကျင်နေတာကို ဟန်ဆောင်တင်းထားပြီးဆို၏။

“ လွှာ . . . မောင်က လွှာ့ချစ်သူလေ ”

မိုးရင့် စိတ်ပျက်စွာ ဆိုမိ၏။

“ ခြေဖမိုးလေး မောင်ကြည့်တာပဲ ဘာဖြစ်လဲ ဆေးခန်းသွားပြလည်း ဆရာဝန်က သေချာစစ်ဆေးကြည့်မှာပဲ”

“ ဆရာဝန်က ဆရာဝန်ပဲ ”

“ ဟင် ”

“ မောင် မကြည့်နဲ့ . . . လွှာ ရှက်တယ်”

မိုးရင့် လွှာ့ကို စူးစူးစိုက်စိုက်ကြည့်မိတော့သည်။

လွှာက နှာခေါင်းလေးရှုံ့ပြသည်။

“ လွှာရယ် . . . မောင့်ကို ဒီလောက်အထိလည်း မရှက်သင့်ပါဘူး . . . လွှာအရမ်းပိုနေပြီ”



www.burmeseclassic.com

www.burmeseclassic.com



" မသိဖူးကွာ "

လွှာက မိုးရှင့်ကို ကြည့်ကာရယ်၏။

ဘယ်လိုချစ်သူကလေးလဲ. . .။

" ရှင်က လွှာ့ကို မိုး . . . မိုးလို့ ဘာလို့ ခေါ်တာလဲ . . . ဖုန်းဆက်ရင် မိုးလားလို့ အမြဲမေးတယ် "

" မိုးက မကြိုက်ဖူးလား"

" မသိဖူးလေ . . . လွှာလို့ ဘာကြောင့် မခေါ်တာလဲ"

" မခေါ်ချင်လို့ပေါ့ . . . လူတိုင်းခေါ်တာ "

" အော် . . . ကိုမိုးရှင့်က သူများတွေခေါ်သလိုမခေါ်ချင်ဖူးလား ဟုတ်လား"

" ဒါပေါ့ "

နေခြည်လွှာက ဖွဖွပြုံးနေ၏။

" လွှာက မိုးလို့ခေါ်တာ မကြိုက်လို့လား " ဟု သေချာအောင်ထပ်မေး၏။





" မဟုတ်ပါဘူး "

" မောင်က လွှာ့ကို သူများတွေခေါ်သလို မခေါ်ချင်ဖူး ထူးထူးခြားခြား ဖြစ်စေချင်တာပါ။ ခေါ်သံကို နားထောင်လိုက်တာနဲ့ မောင်တို့ချစ်သူတွေဆိုတာ သိစေချင်တယ် "

" အဟင်း "

မိုးရှင့်က ကြွားချင်တာလား ဂုဏ်ယူချင်တာလား မဏ္ဍပ်တိုင်တပ်ပြချင်တာလား။

လွှာကတော့ မိန်းကလေးပီပီ သိုသိုသပ်သပ်လျှို့လျှို့ ဝှက်ဝှက်ပဲ ကြိုက်သည်။

ရှေ့အနာဂတ်ဆိုတာ ကြိုမြင်နိုင်တာမဟုတ်။

မတော်မဆ လွဲသွားခဲ့ရင် . . . ပတ်ဝန်းကျင်ကပြောစရာ ကျန်ရစ်မှာ ကြောက်မိသည်။

သည်နေ့ ချစ်နေပေမယ့် မနက်ဖန် မရေရာ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်သဘောထားချင်းတိုက်ဆိုင်ဖို့ တစ်ယောက်ကို တစ်ယောက်ကသည်းခံခွင့် လွှတ်နိုင်ဖို့ လိုအပ်တာတွေ အများကြီးပါ။ ဘာလို့မှန်းမသိ လောလောဆယ် မိုးရင့်ကို လွှာ စိတ်မချနိုင်သေးပါ။

ယုံကြည်နိုင်စွမ်းအားတွေ မရှိသေးပါ။

ခုမှချစ်သူဖြစ်ကာစ သူ့စိတ်သဘောကို လွှာသိပ်နားမလည်သေးပါ။ ပြီးတော့ လွှာ့အနားမှာသူကအမြဲရှိတာမဟုတ်။ ကွယ်ရာမှာ သူကြိုက်သလို နေနိုင်သည်လေ။

ချစ်သူကို မယုံကြည်နိုင်သေးတာ စိတ်မချနိုင်တာလည်း သဘာဝပဲ မဟုတ်လား မိန်းကလေးသဘာဝပဲလေ။

❀ ❀ ❀ ❀ ❀

သည်နေ့ မနက်ခင်းအပြင်ထွက်ကြဖို့ ပြောခဲ့ကြတာမို့ လွှာက စောစောနိုးလာခဲ့ပြီး ရေမိုးချိုးပြင်ဆင်သည်။

ကိုမိုးရင့်နှင့် ဘုရားသွားမည်။ ပြီးလျှင် ရန်ကင်းစင်တာ . . . နေ့လည်ရောက်တော့ ထမင်းစား . . . သမတ္တာ ရုပ်ရှင်တစ်ပွဲ ကြည့် ညနေပိုင်းမှ အိမ်ပြန်မည်။

သည်နေ့ မိုးရင့်လည်းအား လွှာလည်းအားတာမို့ သည်အစီအစဉ်ကို ဆွဲခဲ့ကြတာပါ။

www.burmeseclassic.com

လွှာတက်တက်ကြွကြွ အလှပြင်မိသည်။

ခါတိုင်းထက်ပိုလှချင်သည်။

နှုတ်ခမ်းနီရွှေရောင်ကလေးကို ဆန်းအောင်ဆိုးမိသည်။ မျက်တောင်ပေါ်မှာ မက်ကာရာအပြာရောင်ကလေး ခြယ်မိ၏။ လွှာဝတ်မည့်တွင်း(စ်)အင်္ကျီ (နှစ်ထပ်အင်္ကျီ) လေး အထဲမှာအပြာရောင် အပေါ်မှာ အဝါဖျော့ဖျော့ စကော့အ ကလေးကလည်း အဝါဖျော့ဖျော့ အနားမှာ အပြာရော လိုင်းတွန့်ဖတ်ကလေး နှစ်ခုပါသည်။

ဖိနပ်ကိုတော့ ခြေဖမိုးပေါ်မှာ ဖဲပြားပွင့်ကလေးပါ ခွာချွန်ကြိုးသိုင်းရွှေရောင်ကလေးရွေးထား၏။

လယ်သာအိတ်ပျော့ပျော့ကလေးထဲကို ဘီးရောမှုန် ပိုက်ဆံရော မျက်မှန်ရော အကုန်ပါအောင် ထည့်မိ၏။

လွှာအဆင်သင့် ဖြစ်သည့်တိုင်အောင် မိုးရင့်က မလာသေးပါ။ သူဘာလို့နောက်ကျနေသလဲ။ လွှာစဉ်းစား



တကယ်ဆိုသူစောစော ကြိုရောက်သင့်တာ။

ပင့်သက်ကလေးရှိုက်ကာ လွှာဆိုဖာမှာထိုင်ချမိသည်။ ပိုက်ဆံအိတ်အနက်ကလေးကို စားပွဲပေါ် လှမ်းတင်ထားမိ၏။

နာရီကို လှမ်းကြည့်ပြီးလွှာ နှုတ်ခမ်းကိုက်မိသည်။

သည်လိုနောက်ကျနေတာကို လုံးဝအလိုမကျ။

ပထမဦးဆုံးဒေါသထွက်သည်။

ဒုတိယဝမ်းနည်းသည်။

တတိယမှာတော့ စိတ်ထိခိုက်စွာငိုချင်သည်။

မလာဖြစ်လျှင်လည်း မချိန်းသင့်ပါ။

လတ်တလော အရေးကြီးကိစ္စပေါ်လာလျှင်လည်း ဖုန်းဆက်သင့်သည်။ စောင့်နေရတာ ဘယ်လောက်မောသလဲ။ ဒါကိုသူ စာနာတတ်ရဲ့လား။

မျက်နှာကလေးပျက်ကာ လွှာမပျော်နိုင်တော့ပါ။ စိတ်ထဲမှာ ရှုပ်ထွေးနောက်ကျိလာ၏။

www.burmeseclassic.com



ဒီလိုမလုပ်သင့်ဘူးဟု အကြိမ်ကြိမ်တွေးမိသည်။

မိုးရင့်လာမှာပဲဟု လွှာက ကျိန်းသေမျှော်လင့်ခဲ့သည်။

လွှာ မှားနေပြီလား။

မိုးရင့် လွှာ့ကိုဂရုမစိုက်ဘူးလား။

ထင်ထားသလောက် လွှာ့အပေါ် သူ့အလေးအနက် ရှိပါရဲ့လား။

ရင်ထဲမှာ ကြေကွဲစရာတွေ ဝင်လာ၏။

ထိုင်နေရတာ မောလာသလို မတ်တတ်ရပ်ပြီး ဟိုဘက် သည်ဘက် လျှောက်နေမိသည်။

ကိုယ့်ဘက်က အဖြေလေးပေးလိုက်တာ သိပ်စောသွား သလား တုန့်ပြန်လိုက်တာ မြန်သွားပြီလား။

အစကတည်းက အိုက်တင်ခံတတ်သူမဟုတ်။

လျှောက်နေရတာ မောလာတော့ ပြတင်းပေါက်ဘေး သွားရပ်မိသည်။



မထင်မှတ်သောတိုက်ကွက်တစ်ခုကို လွှာ အငိုက်မိစွာ ခံလိုက်ရပြီ။ သူ့ကို ယုံကြည်စွာနှင့် လွှာက အလှပြင်ဆင် စောင့်နေမိသည်။

အကယ်၍များ သူက နောက်ကျနေတာမျိုးမဟုတ်ပဲ လာဖြစ်တော့တာဆိုလျှင် . . .

လွှာ မျက်လုံးလေး ပြူးသွား၏။ နဖူးမှာချွေးလေးစို့လာ၏။ ရင်ထဲမှာကတုန်ကယင်နှင့်။

ကပျာကယာခုံမှာ သွားပြန်ထိုင်ပြီး ဘာဆက်လုပ်ရမလဲ တွေးမိ၏။ ရွှေနို့စီသွားရင် ကောင်းမလား ချောစုစီဖုန်းဆက်ရင် ကောင်းမလား ဒါမှမဟုတ် ဘာမှမဖြစ်သလိုအဝတ်စားပြန်လဲကာ အိပ်ရာပေါ် ထက်ခွေနေရမှာလား။

ဆုံးဖြတ်လို့မရ။

သေချာတာကတော့ လွှာမိုးရင့်ကို လျှော့တွက်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူဘာလို့ရောက်မလာတာလဲ။

လူရောက်မလာလျှင် ဖုန်းတော့ဆက်သင့်သည်။

ဖုန်းလည်းဝင်မလာ။ ဘာကြောင့်များလဲ။

လွှာက ဖုန်းဘေးနား ရောက်သွားပြီး ကောက်ကိုင်နားထောင်ကြည့်သည်။

ဖုန်းများပျက်နေမလားလို့ပါ။

လွှာ ခြောက်ခြားတုန်လှုပ်စွာနှင့် စိတ်မအေးနိုင်။

ထိုအချိန်မှာလဲ တံခါးခေါက်သံဖွဖွ ကြားရ၏။

လွှာ ဘယ်လောက်ပျော်သွားမိသလဲဆိုတာ ကိုယ်တိုင်ပဲသိသည်။ ချက်ချင်းပဲနှုတ်ခမ်းစူကာ ကျောပေးရပ်မိ၏။

" ဘယ်အချိန်ရှိပြီလဲ ကြာလိုက်တာ"

ရန်တွေ့မိသည်။ ခုဏကမောပန်းစိတ်ရှုပ်ခဲ့ရတာတွေ လွင့်ပြေးသွား၏။



" ဆောရီးကွာ . . . မောင် အလုပ်ကိစ္စတစ်ခု အရေးကြီးပေါ်လာလို့ပါ။ စိတ်မကောက်ပါနဲ့ကွာ မောင်ချက်ချင်းပြေးလာခဲ့တာ မောနေပြီ "

မိုးရင့်က တောင်းပန်ချော့မော့၏။

လွှာက သူ့ကိုလှည့်ကြည့်ပြီး . . .

" ဘယ်သူက စိတ်ကောက်လို့လဲ " ဟု ပြန်မေးကာရေခဲသေတ္တာဆီ လျှောက်သွားလျှက် ရေခဲပုလင်းဆွဲယူလာပေး၏။

" အရမ်းလိမ္မာတယ်"

မိုးရင့် လွှာ့ကို မမှိတ်မသုန် ကြည့်ကာဆိုမိသည်။

ဘယ်တော့ပဲဖြစ်ဖြစ် လွှာ့စီမှာ ပူလောင်မှုမတွေ့ရ။

သူ့ကိုရန်လုပ်ပြဿနာရှာတော့မည်ထင်ထားခဲ့တာ။

လွှာက နှုတ်ခမ်းကလေးစူရုံနှင့် စိတ်ပြေသွားသည်။

သူ့အပေါ် လွှာအရမ်းကောင်းပါလား။

www.burmeseclassic.com

www.burmeseclassic.com



မိုးရင့် လိပ်ပြာမလုံ၊ လွှာ့ကိုအားနာစွာကြည့်မိသည်။

လွှာ့စီလာမလို့ ပြင်ဆင်နေခိုက် ရွှေနီရောက်လာပြီး နံနက်စောစောစားဖို့ ဒွတ်ခေါ်သွားခဲ့တာ။

သူဘယ်လိုမှ မတတ်သာပဲ ပါသွားခဲ့ရသည်။

ရွှေနီစိတ်ဆိုးမှာလည်းကြောက်မိသည်။ ပြင်းလိုက်လျှင် သူ့ကို ရန်လုပ်အပြစ်ရှာတော့မှာ။

" မောလာတယ်ဆို . . . ရေသောက်လိုက်အုံး "

လွှာက သူ့အတွက်ရေတစ်ခွက်ထည့်ပေးသည်။

လွှာရယ် . . .

အင်မတန် သိမ်မွေ့ နူးညံ့တဲ့ မိန်းကလေးတစ်ယောက်ကို ကိုယ်ချစ်ခွင့်ရနေတာပါလား။

" ခဏနားအုံးလေ . . . အမောပြေပြီဆိုမှ သွားကြတာပေါ့"



လွှာက ရေခဲသေတ္တာထဲက လိမ္မော်သီးလေးတွေ သွားယူလာပြီးအခွံနွှာအမျှင်တွေဖယ်ကာ သူ့ကိုခွံကျွေး၏။

မိုးရင့် ရင်ထဲမှာ အေးမြလန်းဆန်းလာ၏။

" အလုပ်ကိစ္စရှိလည်း နောက်ကျမယ်လို့ ဖုန်းဆက်ဆိုက်ရင်ရသားပဲ"

ဖြစ်သင့်တာကို အေးအေးဆေးဆေးရှင်းပြလာ၏။

" လွှာ စိတ်လည်းပူတယ် အရမ်းလည်းစိုးရိမ်တယ်။ စိတ်လှုပ်ရှားတယ် မောင့်ကိုမမြင်ရခင်အထိ လွှာဘယ်လောက်မောနေသလဲ မောင်သိမှာမဟုတ်ဖူး။ အဲဒါကြောင့် မောင်အရမ်းမောနေတယ်ဆိုတဲ့ ခံစားမှုကို လွှာနားလည်တယ်"

" လွှာရယ် "

မိုးရင့်က နေခြည်လွှာ့ကို ရင်ခွင်ထဲဆွဲယူကာ တင်းတင်းကြပ်ကြပ်ဖက်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



“ မောင့်ကိုမြင်လိုက်ရတော့ လွှာက မောနေတာတွေ ပျောက်သွားပြီ . . . သိလား။

ကြည်နူးစွာရယ်မိသူက မိုးရင့်

“ မောင့်ကို မောင်လို့ လေးခါတိတိ ခေါ်ပြီးသွားပြီ ”

“ ဟင် ”

လွှာက ခုမှ ရှက်စနိုးလေးပြုံးမိ၏။

“ မသိတော့ပါဘူး . . . အဲ့ဒီလိုခေါ်မိတာလည်း လွှာသတိ မထားမတော့ဖူး ကိုမိုးရင့်ရဲ့ ”

“ ဟာ . . . သွားပြန်ပြီ ”

မိုးရင့်ဟု လွှာခေါ်လိုက်တော့ သူဘာဝင်မကျ။

“ နာရီလည်း ကြည့်အုံးအရမ်းနောက်ကျတာပဲ”

မိုးရင့်က လက်မှာပတ်ထားသောနာရီကို မြှောက်ကြည့်၏။ လွှာလည်း ကြည့်မိကာ မျက်လုံးဝိုင်းသွား၏။





မိုးရင့် လက်မှာပတ်ထားသော နာရီလေးက လွှာ့ကို အနည်းငယ်မကရင်ခုန်မြန်စေပါသည်။

“ ကိုမိုးရင့် . . . နာရီလေးက လှတယ်နော် ”

“ အင်း ”

“ ဘယ်ကဝယ်တာလဲဟင် ”

“ လက်ဆောင်ရတာပါ ”

မိုးရင့်မျက်နှာကို လွှာကြည့်မိသည်။

“ သူငယ်ချင်းတစ်ယောက် လက်ဆောင်ပေးတာ ”

“ ကြာပြီလား”

“ အင်း . . . သိပ်တော့ မကြာသေးဖူး ”

လွှာဘာဆက်မေးရမှန်းမသိ။

“ ယောကျ်ားလေးသူငယ်ချင်းပါ ” မိုးရင့်ကဆက်ပြီး ပြောလာ၏။ လွှာက ငြိမ်သွားသည် ။



www.burmeseclassic.com

www.burmeseclassic.com



မောင့်လက်က နာရီက ရွှေနီ့ချစ်သူကို လက်ဆောင်ပေးဖို့ ချောစုရော် လှပါ ဝိုင်းရွေးပေးခဲ့သော ပြောက်ကျားကြိုးနှင့် ဒိုင်ခွက်အညိုရောင်ကလေး ဖြစ်နေသည်။

တစ်လောကလုံးမှာ သည်လိုပြောက်များစွာ ရှိနိုင်ပေမယ့် လှဘဲ့ရင်ထဲမှာ ထင့်ကနဲ ဖြစ်၏။

တိုက်ဆိုင်မှုက ဆန်းနေသည်။

" ကဲ . . . သွားကြမယ်လေ "

" အင်းပါ "

မောင်နှင့်အတူယှဉ်လျှောက်ရ , မောင့်လက်ကို စိတ်ပါ လက်ပါဆွဲမိချိန်မှာ မောင်ပတ်ထားသော နာရီလေးကို ထိမိသည်။

လှဘ ကပျာကယာငုံ့ကြည့်ပြီး မောင့်လက်ကိုဖြေလွှတ်မိ၏။

နာရီလေးက လှဘ့ကို မောင်နှင့်ဝေးဝေး ကင်းကင်းနေဖို့





အချက်ပေးနေသလို သတိထားမိစေသည်။

မထင်စကောင်းထင်စကောင်း . . . လှဘတွေ တွေးထင်နေမိသလဲ . . . အဓိပ္ပါယ် မရှိတာတွေ . . . "

မိုးရင့်က ယှဘ့လက်ဖျားလေးကို လာဆုပ်ကိုင်သည်။ လှဘနှင့်မိုးရင့် အကြည့်ချင်းဆုံမိကြ၏။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

“ ဟင် မမေဦး ”

လှေခါးမှာ လွှာနှင့် မမေဦးဆုံမိကြသည်။

“ အဘွားဆီလာတာလား မမေ ”

“ ဟုတ်တယ် . . . ဖျားနေတယ်ဆိုလို့ ”

“ ဟင် . . . ဟုတ်လား . . . လွှာတို့တောင်မသိဘူး ”

နေခြည်လွှာက အားနာစွာ ပြန်မေးမိ၏။

မြားနတ်မောင်စာလ

www.burmeseclassic.com

www.burmeseclassic.com



" ဖျားပေမယ့် အဘွားက ဈေးသွားမပျက်ဖူးလေ ဘယ်သိပ်မလဲ . . . အိပ်ရာထဲမလှဲချင်ဘူး "

"အင်း . . . အဲ့ဒါကြောင့် ဖြစ်မယ် "

မမေဦးက လွှာ့ကို သေချာကြည့်၏။

" ပြောရအုံးမယ် "

" ဘာများလဲ မမေဦးရဲ့ "

" လွှာ့ ကောင်လေးဟိုတစ်လောက ဆိုင်မှာ ခေါင်းစည်း ပုဝါလာဝယ်သွားတယ်။ လွှာ့ကို ချစ်ပုံရပါတယ်။

လွှာက ရှက်ရှက်နှင့် ကျေနပ်သွား၏။

" ဆိုင်ကကောင်မလေး ရောင်းပေးလိုက်တာ မမေဦး သူက မသိဖူးလေ . . . "

" မိတ်ဆက်ပေးမယ် "

လွှာက ဆိုလိုက်၏။ မမေဦးက ခေါင်းညှိမ့်ကာ . . .



" ခေါင်းစည်းပုဝါသုံးခု ဝယ်သွားတယ်။ ဈေးမဆစ်ဖူးဟု ရယ်ပြီးပြောပြ၏။

" သုံးခု ဟုတ်လား "

"အင်း . . . အနီရဲလေးရယ် အပြာနုလေးရယ် နောက်တစ်ခုက အဖြူရောင်ကလေး . . . လွှာ့ကိုပေးတယ် မဟုတ်လား"

" အင်း "

ခေါင်းညှိမ့်ရင်း လွှာ့မျက်နှာမပြုံးနိုင်တော့ပါ။

ကျန်နှစ်ခုက လွှာ့စီမရောက်။ ဘယ်လိုဖြစ်ရတာလ။

ရင်ထဲမှာ တဒုတ်ဒုတ်နှင့် ပူလောင်လာ၏။

မောင့်လက်မှာ ပတ်ထားသော နာရီလေးကို ဖျတ်ကနဲ မြင်ယောင်လာမိ၏။ ပြောက်ကျားကြိုးနှင့် အညိုရောင် ဒိုင်ခွက်နာရီကလေး။

www.burmeseclassic.com

www.burmeseclassic.com



ဘုရား . . . ဘုရား . . .

တစ်ယောက်က ရွှေနီများလား။

ဒါဆို နောက်တစ်ယောက်ကရော။

မမေဦးနှင့် စကားပင်မဆိုနိုင်ပဲ လွှာ့နှုတ်ခမ်းတွေ ခြောက်သွေ့သွား၏။

" လွှာ "

" ရှင် "

" လာခဲ့အုံးလေ စကားပြောရအောင် "

မမေဦးခေါ်မှ သတိဝင်လာသလိုပါ။

" ဟုတ်ကဲ့အသွားကိုလည်း ကြည့်ရှင်းနဲ့တော်ကြာလာခဲ့မယ်။ မမေဦးမပြန်သေးဘူး မဟုတ်လားဟင် "

" အင်း "

မမေဦးကို နှုတ်ဆက်ပြီး လွှာဆင်းလာခဲ့၏။

မြားနတ်မောင်စာပေ



ရင်ထဲမှာ တစ်ခုခုကိုဆုံးရှုံးလိုက်ရသလို နင့်နေသည်။

ရွှေနီရယ် . . .

မထင်လိုက်တာ . . . မဟုတ်ပါစေနဲ့။

မောင်နဲ့ ရွှေနီ လုံးဝ မဟုတ်ပါစေနဲ့။

လွှာ အကြိမ်ကြိမ်အခါခါ ဆုတောင်းမိပါသည်။

သို့ပေမေယ့် . . . နောက်တစ်ရက်မှာ . . .

❀ ❀ ❀ ❀ ❀

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ရွှေနီက လွှာ့စီ ရောက်လာခဲ့၏။ ချောစုမပါလာ။

" လွှာရေ . . . ဘာလုပ်နေလဲ "

ရွှေနီက နေခြည်လွှာ့ကို ခါးကလေးလာဖက်ကာ မေးလာ၏။

လွှာငြိမ်သက်နေမိရင်း . . . ပင့်သက်ရှိုက်ကာ ရွှေနီ့လက်ကို ငုံ့ကြည့်သည်။ ရင်ထဲမှာ လစ်ဟာနေမိသည်။ မချိမဆန့်နှင့်။

ဝိုးတဝါးအထင်က သေချာသွားခဲ့ပြီ။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေနီက အပြာနုပေါ် အသည်းပုံ အဖြူလေးတွေပါသော ခေါင်းစည်းပုဝါကို ဆံပင်မှာ ချည်ထား၏။

ထိုပုဝါလေးကို မြင်လိုက်ရတော့ လွှာအသည်းခိုက်အောင် နာကျင်မိပါသည်။ ဖြေလို့မရအောင် ရင်ထဲနင့်၏။

ဘာလို့ ဒီလိုဖြစ်ရတာလဲ ရွှေနီရယ်။

ရွှေနီက လုံးဝ သိပုံမပေါ်။

အရင်သိတဲ့လူက ဘာလို့လွှာဖြစ်ရတာလဲ။

လွှာနောက်ဆုတ်ပေးသင့်သူလား။ ရှောင်ပုန်းသင့်တဲ့ သူလား။

မိုးရင့်နှင့် ရွှေနီက အရင်ချစ်ခဲ့ကြတာပါ။

ထိုအတွေးက လွှာ့အသည်းကိုတစစီမွကြေစေသည်။

ဟင့်အင်း . . . လွှာ နောက်မဆုတ်ချင်ဖူး။

မိုးရင့်ကို လွှာနှစ်နှစ်ကာကာ ချစ်ခဲ့မိတာပါ။ တစ်ဘဝလုံး အတွက်ပါ။ လွှာ့မှာ နောက်ဆုတ်နိုင်စွမ်းအားလည်းမရှိဖူး။





" လွှာ "

ရွှေနီက အာလေးလျှာလေးလုပ်ခေါ်၏။

" ရွှေနီ "

" ဟင် "

" ရွှေနီ့လူက နာရီလေးကို သဘောကျရဲ့လား"

" အင်း . . . အမြဲလက်မှာပတ်ထားတယ် "

လွှာအသက်ရှူရပ်မတတ်မွန်းကြပ်သွား၏။

ပြောစရာစကားတွေ ပျောက်ဆုံးကုန်ပြီ။

ဖွင့်မမေးရဲအောင် တွန့်ဆုတ်နေမိသည်။ အမှန် တကယ်တော့ မကြားရဲတာ မမေးရဲတာ မသိချင်တော့တာ။

မေးစရာပင်မလိုအောင် သေချာခဲ့ပြီ။

မမေဦးပြောခဲ့သော စကားရယ်။ မိုးရင့်လက်မှာ ပတ်ထားသော နာရီရယ် ပြီးတော့ ရွှေနီ့ခေါင်းပေါ်က ပုဝါစအပြာလေးရယ် သည့်ထက်ပဲ သေချာစရာလိုအုံးမလား။



www.burmeseclassic.com

www.burmeseclassic.com



ရွှေနီ့အပြင် နောက်ထပ်တစ်ယောက်လည်း ရှိနိုင်သေးသည်။ ပုဝါဖြူဖြူလေးကို ရရှိထားတဲ့ ကောင်မလေး။

ဝေ့တက်လာသော မျက်ရည်စတွေကို မျက်တောင်ခတ်မိသည်။ ရွှေနီပြင်သွားမှာစိုးလို့ပါ။ ရွှေနီ့ကို စိတ်မဆင်းရဲစေချင်။

တိတ်တိတ်ကလေးနောက်ဆုတ်ပေးရမှာလား ရွှေနီရယ် လွှာက အရှုံးပေးနောက်ဆုတ်လိုက်လျှင်ရော ရွှေနီပျော်ခွင့်ရမှာလား။ ရွှေနီအနေးနှင့်အမြန် စိတ်ဆင်းရဲရမှာပဲလေ။ ဘာလို့လည်းဆိုတော့ မိုးရင့်မှာ လွှာ့အပြင် ရွှေနီ့အပြင် အခြားကောင်မလေး တစ်ယောက်ရှိသေးသည်လေ။

ရွှေနီ့ကို လွှာဘယ်လိုဖွင့်ဟ အသိပေးရမလဲ။

ချက်ခြင်းကြီးဆိုတော့ ထူပူပြီး အဖြေရှာမရသေးပါ။

ပြီးတော့ ကိုယ်ချင်းစာသည်။ ချစ်သူမှာ ကိုယ့်အပြင်တခြားမိန်းကလေးရှိနေတာ သိလိုက်ရချိန် ဘယ်လောက်နာကျင်





ကြေကွဲ ရသလဲဆိုတာ . . . ထိုဝေဒနာဆိုးကို ရွှေနီခံစားရစေလို့။

" လွှာ . . . ဘာဖြစ်နေတာလဲ "

" ဘာမှ မဖြစ်ပါဘူး"

" ဘာလို့ လွှာ ဟိုဒင်းနဲ့ မကြည်ဖူးလား"

" ဘာ ဟိုဒင်းလဲ "

" အဟင်း . . . ဟင်း . . . ဟင်း"

ရွှေနီက ရယ်နေနိုင်သည်။ ဘာမှ မသိသေးတာသူ့အတွက်ကောင်းသည်။

" ဟင်း "

"ဟောတော့အဘွားကြီးကျနေတာပဲ ဒီလောက်သက်ပြင်းချသလားနော် . . . ဘာဖြစ်လို့လဲ . . . ပြော "

လွှာက ရွှေနီ့ကို သေချာကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



“ ရွှေနီ့ ”

“ ဟင် ”

“ ရွှေနီ့ လူကို ရွှေနီ ယုံသလားဟင် ”

“ လွှာအမေးကြောင့် ရွှေနီ ငြိမ်သက်တွေဝေသွား၏။

“ ယုံရမှာပေါ့ ”

“ ဘယ်လို ”

“ ယုံထားရမှာပဲ . . . မယုံရင် စိတ်ပင်ပန်းတယ် ”

“ အော် . . . ရွှေနီတို့တကယ်ချစ်တာ သေချာလား” သည်တစ်ခါတော့ ရွှေနီရယ်၏။

“ ဟင်း . . . ဟင်း . . . ဘာတွေက သေချာလို့လဲ လွှာရယ်ယောကျ်ားတွေဆိုတာ မိုးတိမ်နဲ့ တူတယ်တဲ့ ”

သည်လိုဆိုတော့လည်း ရွှေနီက တစ်ခုခုဆို လွှာ့ထက် ဖြေသာလိမ့်မည်။ သူကပိုရင့်ကျက်နေပါရောလား။

မြားနတ်မောင်စာပေ



“ ရွှေနီအရမ်းအစွဲအလန်းမထားပါဘူး . . . ရွှေနီ့ဘဝကို အဆင်ပြေသလို လျှောက်မယ်။ ဘယ်သူကြောင့်မှ ပုံကျယိုင်လဲသွားမှာ မဟုတ်ဘူး ”

လွှာ . . . ဘာလို့ ရွှေနီလောက်သွေးမအေးတာလဲ။ မိုးရင့် အကြောင်းကို မထင်မှတ်ပဲသိလိုက်ရတော့ အရမ်းတုန်လှုပ်ချောက်ခြားမိသည်။ ခံနိုင်ရည်တစ်စက်မှမရှိ။ ဘဝကြီးတစ်ခုလုံး အခိပ္ပါယ်မယ့်သွားသလို ခံစားရသည်။ တစ်ယောက်တည်း သူးလိုမ့်ကာ ငိုရှိုက်ရင်း အဖြေတစ်ခုကိုရှာမရ။

လွှာ့ကို ဘာလို့သည်လိုလုပ်ရတာလဲဆိုပြီး အရမ်း ခမ်းနည်းသည်။ ဖွင့်လည်းမမေးချင်၊ သူဝန်ခံလိုက်မှာ ကြောက်သည်။ သူ့စကားကို မကြားရဲပါ။

“ ဘာလဲ လွှာ့လူက တခြားတစ်ယောက်တွဲနေလို့လား”

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေနီက ချက်ချင်းတွက်ဆပြီးတောက်မေး၏။

" ဟုတ်တယ် "

" ဟယ် . . . တကယ် "

ရွှေနီခုမှ မျက်လုံးပြူးသွား၏။

" လွှာရယ် ဖြစ်မှ ဖြစ်ရလေ "

ဂရုဏာမျက်လုံးတွေကို လွှာမခံယူချင် နှုတ်ခမ်းလေးဖိကိုက်ထားမိ၏။ ရွှေနီကမေးလာတော့လည်း မပြောပဲမနေနိုင်။ လွှတ်ကနဲ ပြောလိုက်မိပြီ။ စိတ်တွေက သည်းခံနိုင်စွမ်းအားမရှိတော့။

" လွှာ့အပြင် သူ့မှာ နောက်ထပ်နှစ်ယောက်ရှိနေတယ်"

" ဘုရားရေ . . . နှစ်ယောက် "

ရွှေနီက ရင်ဘတ်ကလေးဖိသည်။ လွှာက ပါးပေါ်စီးကျလာသော မျက်ရည်ကို လက်နှင့်သုတ်ပစ်သည်။

" အချစ်ဆိုတာကို ရွှေနီဘယ်လို နားလည်လဲ "





ချက်ချင်းပဲခေါင်းခါ၏။ မဖြေပါ။ လွှာ့ကိုငေးကြည့်နေပြီးမှ " အဲ့ဒီလောက် ခက်ခက်ခဲခဲကြီး မဖြေတတ်ဘူး" ဟုဆို၏။

လွှာကအေးစက်စွာ တစ်ခွန်းချင်းဖြေ၏။

" အချစ်ဆိုတာတကယ်တော့ မီးတောက်တစ်ခုပဲ ရွှေနီ . . . အဲ့ဒီမီးက နှလုံးသားကို ဝါးမျိုမယ့်မီး . . . မီးစွဲနေပြီဆို ညှိမ်းလို့လည်းမရတော့ဘူး"

" လွှာရယ်

ရွှေနီမသက်မသာခံစားရသည်။ အခင်ဆုံးသူငယ်ချင်းသုံးယောက်မှာ လွှာအသည်းခွဲခံရပြီလား။ ရင်နာစွာတွေးမိသည်။

" ခုထက်ထိလွှာ အဲ့ဒီမီးကို ညှိမ်းအောင်မလုပ်နိုင်သေးဘူး။ ရွှေနီလည်း သတိထားအုံး"

ဘာမှထပ်မပြောမိအောင် လွှာချုပ်ထိန်းမိသည်။

လွှာ့ကြောင့်တော့ ရွှေနီ့ကိုစိတ်မဆင်းရဲစေချင်ပါ။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

လွှာ့စိက ပြန်လာပြီး ရွှေနို့စိတ်တွေလေးပင် မွန်းကြပ် အိုက်လှောင်နေ၏။ လွှာ့ကို ဘယ်လိုအားပေးနှစ်သိမ့်ရမလဲဆိုတာ ထပ်တလဲလဲ တွေးရင်း အဖြေရှာမိသည်။

လွှာသနားပါတယ်။

ရင်ထဲမှာတကယ် ထိခိုက်ခံစားမိသည်။

သူငယ်ချင်းတွေမို့ နားလည်သည်။ ပေါ့ဆဲဆချစ်ခဲ့မိတာမဟုတ်။ တစ်ဘဝလုံးအတွက် ရွေးခဲ့တာပါ။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သင့်ပါဖူး ဒီလိုမဖြစ်သင့်ဖူးလွှာရယ်။

ရွှေနီဘယ်လိုကူညီရမှန်းမသိ။ ဘာလုပ်ပေးရမှန်းမသိ

စိတ်ညစ်ညစ်နှင့် ချောစုစီ ထွက်လာမိ၏။

ချောစုကို ဖွင့်ဟပြောပြီးတိုင်ပင် ဖြေရှင်းပေးမည်။

ရွှေနီတစ်ယောက်တည်းဆို မစဉ်းစားတတ်ပါ။

ရုတ်တရက်မောင့်ကိုလည်း သတိရမိသည်။

ရွှေနီတစ်ယောက်တည်းကိုပဲ ချစ်တာဖြစ်ပါရစေဟုလည်း ဆုတောင်းမိသည်။ လွှာ့လိုဖြစ်မှာအရမ်းကြောက်သည်။

ပါးစပ်ကသာ ရင့်ကျက်တည်ငြိမ်နေတာ တကယ်တ ကြုံလာလျှင် ဘယ်လောက်လောင်မြိုက်ရင်နာမိသလဲ။

တစ်ယောက်တည်းပင့်သက်အခါခါ ရှိုက်မိသည်။

ချောစုကိုဖွင့်ဟ တိုင်ပင်လိုက်ရလျှင် အနည်းငယ်ပေါ့ သွားမည်။

❀ ❀ ❀ ❀ ❀

ချောစုတို့ ခြံရှေ့ရောက်တော့ ရွှေနီက ကားကိုအရှိန် လျှော့ပြီးရပ်လိုက်မိ၏။ ခြံထဲကိုလှမ်းကြည့်ကာကားကို အပြင်မှာရပ်ခဲ့ဖို့ တွေး၏။ ပိုက်ဆံအိတ်ကို ဆွဲယူကာ ကားတံခါး ဖွင့်ဆင်းသည်။

ကားတံခါးကိုညင်သာစွာပိတ်သည်။ အားမပါသော ခြေလှမ်းတွေနှင့် တလှမ်းချင်းလျှောက်လာမိ၏။

ဧည့်ခန်းကိုလှမ်းအတက်မှာ ကြည်နူးသော ရယ်သံနှစ်ခုကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရယ်သံတွေက ရွှေနီနှင့်အရမ်းရင်းနှီးနေသလိုပ

ကောင်မလေးရယ်သံက ချောစုအသံ။ ကောင်လေးက

ဘယ်သူများလဲ နိုင်များပြန်ရောက်နေတာလား။ ဒါမှမဟုတ်

ချောစုကောင်လေးလား။

ရွှေနီက ခြေစုံရပ်ပြီး ကျောပေးထိုင်နေသော နှစ်ယောက်

ကြည့်မိ၏။ လူက ကျောက်ရုပ်လိုတောင့်တင်းအေးစက်တာ

မြင်လိုက်ရတာကိုမယုံ။

အမယ်လေး။

ခေါင်းထဲမှာ မိုက်ကနဲဖြစ်သည်။

ထိတ်လန့်မှုက တကိုယ်လုံးကို လွှမ်းခြုံသွား၏။

မောင် . . . မောင်ပါလား။

ချောစုနှင့်မောင်က . . .

ရွှေနီ နှုတ်ခမ်းကိုက်ကာ စိတ်ကိုတင်းထားမိသည်။





မျက်လုံးအိမ်ထဲမှာ ဘယ်အချိန်က မျက်ရည်တွေ

ပြည့်သွားမှန်းမသိ။ အမြင်အာရုံတွေဝေဝါးသွားပြီး ပါးပြင်လေး

ပူနွေး စွတ်စိုသောအသိကြောင့် ငိုမိပြီဆိုတာ သတိပြုမိသည်။

ရွှေနီဆတ်ကနဲ ပြန်လှည့်ထွက်လာခဲ့သည်။

ကားစီဘယ်လိုပြန်ရောက်လာမှန်းပင် မသိ။

ကားထဲဝင်ထိုင်ပြီး သော့ဖွင့်စက်နှိုးလို့မရအောင်

လက်တွေတဆတ်ဆတ်တုန်နေသည်။ နှုတ်ခမ်းတွေလည်း

တဆတ်ဆတ် တုန်နေ၏။ အံကြိတ်ပြီး စိတ်ကိုထိန်းထားမိသည်။

မောင်နှင့် ချောစုရှေ့မှာ လဲကျမသွားချင်။ ပေါက်ကွဲ

မပြချင်။

မောင် . . . မောင်ရယ် . . . ရက်စက်လိုက်တာ။

ရင်ထဲမှာ မချိမဆန့်နာသည် ချက်ချင်း လွှာမျက်ရည်တွေ

မြင်ယောင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လွှာရယ် . . . ရွှေနီ့ကို ဖွင့်မပြောရက်လို့လား။

ချက်ချင်းပဲ နားလည်မိသည်။

ရွှေနီရော . . . ချောစုကို ဘယ်လိုပြောရက်မှာလဲ။

ချောစု မသိခင် ချောစုမမြင်ခင် လွှာပြေးထွက်ခဲ့တာ ကြည့် . . . ရွှေနီ့ကြောင့် ချောစု ရယ်သံလေးတွေ ဆိတ်သုန် မသွား စေချင်ပါ။ ချောစုကို ဘယ်လိုမှ စိတ်မဆင်းရဲစေချင် ချောစုက ဘာမှမသိရှာသေး။ သိသွားလျှင် သူဘယ်လိုခံစား ရမလဲ။ ရွှေနီ နားလည်သည်။

နားမလည်နိုင်တာက မောင့်ကို ကိုမိုးရင့်ကို။

" မီး " ဟု တဖွဖွခေါ်ပြီး ဂရုစိုက်ကြင်နာ သယောင် ယောင်နှင့်မထင်လောက်အောင်ပင်အေးစက်မာကျော၏။

တွေ့ကြသေးတာပေါ့မောင်ရယ်။

ရွှေနီက မောင်လှည့်စားသမျှ ငုံ့ခံနေမတဲ့လား။

ဖြားနတ်မောင်စာပေ



မောင်ရဲ့ မီးမှာ ဘယ်လောက်ပြင်းထန်တဲ့ အပူရှိန်ရှိသလဲ ဆိုတာ မောင်စောင့်ကြည့်။

ရွှေနီက ကားသော့ကို ထည့်စက်နှိုးပြီးကားကို ညင်သာစွာမောင်းထွက်လာခဲ့၏။ လွှာ့ကို တနင့်နင့်မခံစားနိုင်။

မောင့်ကိုလှလှပပ လက်တုန့်ပြန်မည်။

ရွှေနီ့ကို လျှော့တွက်ထားသလားမောင် . . .။

ရွှေနီ့ဘက်က သစ္စာရှိရှိတစ်ယောက်တည်း ချစ်ခဲ့တာပါ။

အဲ့ဒီအချစ်ကို မောင်စော်ကားတယ်။ လွှာ့အပေါ်လည်း မောင်ရက်စက်တယ်။

လွှာရယ် . . . အဲ့ဒီလူကို မေ့ပစ်လိုက်စမ်းပါ။

ရွှေနီက လွှာ့အိမ်ကိုဦးတည်ပြီး မောင်းလာခဲ့၏။

❀ ❀ ❀ ❀ ❀

ဖြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ရွှေနီ သိပ်မကြာပဲ ပြန်ရောက်လာတော့ နေခြည်လွှာ အံ့အားသင့်မိသည်။ ရွှေနီ့မျက်လုံးတွေ နီရဲလို့ပါလား။ ရွှေနီ့ မျက်နှာက ရေခဲဖြင်လိုအေးစက်မာကျောနေ၏။ ဘာဖြစ်လို့ ပါလိမ့်။

" လွှာ "

" ဟင် "

" ဘာလို့ ပွင့်ပွင့်လင်းလင်း မပြောတာလဲ "

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လွှာက ရွှေနီ့ကို ငေးကြည့်နေသည်။ ရွှေနီဘာတွေ သိသွားပြီလဲ။

" နောက်ထပ်တစ်ယောက်က တခြားလူမဟုတ်ဘူး ချောစုပဲ . . . ရွှေနီတို့အခင်ဆုံး သူငယ်ချင်းချောစုပဲ "

" ဘယ်လို "

ရွှေနီ့စကားတွေကို လွှာမယုံနိုင်အောင် ဖြစ်သွားရသည်။

ရွှေနီက ခုံမှာဝုန်းကနဲ ထိုင်ချသည်. ဆိုဖာလက်ရမ်းကို တဘုန်းဘုန်းထုပစ်သည်။

" မကျေနပ်ဘူး မကျေနပ်ဘူးကွာ . . . အဲ့ဒီလူကိုမုန်းတယ် သတ်ပစ်ချင်လောက်အောင်မုန်းတယ်"

" ရွှေနီ "

လွှာကရွှေနီ့ကိုပြေးပြီးတားသည်။ လက်တွေနာကျန်မှာ စိုးလို့ပါ။ ရွှေနီက စိတ်ကြီးသည်မဟုတ်လား။





" တကယ်ပဲ ချောစုလားဟင် "

သေချာအောင်ထပ်မေးမိသည်။ လွှာတို့ သူငယ်ချင်းသုံးယောက်ကိုမိုးရင့် ဘာမကျေနပ်လို့လဲ။ ဒါမှမဟုတ် တိုက်ဆိုင်မှုများလား။ ဘယ်လိုနားလည်ရမလဲ မိုးရင့်ရယ်။

ဖြစ်လာသမျှက အမှန်တရားပေမယ့် လက်မခံနိုင်။ နှလုံးသားက တကယ်ပါဟု လက်မခံချင် လက်မခံရဲပါ။

" လွှာ . . . ရွှေနီကမကောင်းဘူး "

ရွှေနီ မချိမဆန့် ရေရွတ်သည်။ အံကြိတ်သည်။

" မုန်းတယ် . . . အရမ်းမုန်းတယ် လုံးဝမကျေနပ်ဘူး မကျေနပ်ဘူး လွှာရယ် . . . ရွှေနီတကယ်မကျေနပ်ဘူး "

နေခြည်လွှာက ရွှေနီ့ဘေးမှာ ဝင်ထိုင်ကာ တုန်ခိုက်နေသော ရွှေနီ့ပုခုံးလေးကို ဖက်ထားမိသည်။

အရမ်းခံစားနေရပြီဆိုတာ နားလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအားပေးနှစ်သိမ့်ရမှန်းမသိ။

ပြင်းပြင်းထန်ထန်တုန့်ပြန်မှာ လွှာလန့်နေသည်။

နွေနီက လွှာ့ကို စူးကနဲ ကြည့်သည်။

" လွှာ "

တအံ့တသြလေးခေါ်၏။

နေခြည်လွှာက ပင့်သက်ရှိုက်သည်။

" နွေနီဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဖူး"

ဘယ်လိုမှလည်းနားလည်မှာ မဟုတ်ပါဘူး နွေနီရယ်။

မနှိုင်းကောင်း နှိုင်းကောင်း နှိုင်းပြောရမယ်ဆိုရင် လွှာက မိုးရင့်ကို မိခင်နဲ့တူတဲ့ မေတ္တာမျိုး . . . ဘယ်လိုပြောရမလဲ . . . မတရားတာပဲလုပ်လုပ် မဟုတ်တာပဲလုပ်လုပ် ဘာပဲလုပ်လုပ် သည်းခံခွင့်လွှတ်ရင်းနဲ့ အချစ်မပြယ်နိုင်တဲ့ ထာဝရမေတ္တာမျိုး . . . အပြစ်မယူရက်တဲ့ မေတ္တာမျိုး . . . အေးမြသန့်စင်ပြီး အရောင်အစင်းမရှိတဲ့ မေတ္တာမျိုးနဲ့ ချစ်ခဲ့တာပါ။

မြားနတ်မောင်စာပေ



အမေတစ်ယောက်က သားဘာပဲ လုပ်လုပ် ဘယ်လိုပဲ နေနေ မနာကြည်းနိုင်ဖူး။ သည်လိုလုပ်ရက်လိုက်တာဟု ခံစားရတာက ခံစားရတာသပ်သပ် . . . သူက ဒီလိုလား တွေကြသေးတာပေါ့ "ဟု သူစိမ်းတွေလို မတေးနိုင်ဖူး မတုန့်ပြန်ရက်ဖူး။

ယူကျုံးမရ ကြေကွဲပေမယ့် ခုလိုလုပ်ရတာ သူပျော်ရွှင်ကျေနပ်နေတယ်ဆိုရင်လည်း ပြီးတာပါပဲ။

အမုန်းတရားတွေ အမျက်ဒေါသတွေနဲ့ ဆတ်ဆတ်ခါနာပြီး ပူလောင်နေမယ့် အစား နားလည်ပေးလိုက်တာ စိတ်အေးချမ်း ပါတယ်။

" လွှာ . . . သူ့ကို လွှာတကယ်ချစ်တာပဲနော် "

" ဟင် "

" လွှာပဲ သူ့ကိုလက်ထပ်လိုက်ပါ။ ချောစုတော့မသိဖူး နွေနီတော့ လွှာ့လိုခွင့်မလွှတ်နိုင်ဘူးသိလား "

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



" ရွှေနီရယ် "

ဘာတွေများဆက်ဖြစ်လာမလည်းလို့ ရင်တထိတ်ထိတ်နှင့် လန့်နေမိ၏။

ရွှေနီ ဒေါသတွေကို လွှာက သိနေပြီလေ။

နေခြည်လွှာ့ကို ကြည့်ကာ ရွှေနီ ခေါင်းရမ်းသည်။

" ရွှေနီက တစ်သက်လုံးနောင်တရသွားအောင် သင်ခန်းစာပေးချင်တာလွှာရဲ့ . . . ဒါပေမယ့် ရွှေနီလက်လျှော့လိုက်ပါပြီ လွှာအရမ်းချစ်တဲ့ လူတစ်ယောက်ကို ရွှေနီ ဘာမှ မလုပ်ပါဘူး စိတ်ချ"

နေခြည်လွှာက ငိုမဲ့မဲ့နှင့် ပြုံးလာ၏။

" လွှာ . . . တကယ်ပြောတာပါ ရွှေနီ သူ့ကို ဘာမှ မလုပ်ဖူး ရွှေနီ့လမ်းကို ရွှေနီလျှောက်မယ် "

ခုမှပဲ လွှာ့ရင်ထဲမှာ အေးမြလန်းဆန်းသွား၏။





ဘာပဲဖြစ်ဖြစ်ချောစုက ရွှေနီလောက်စိတ်မကြီး။ သဘောထားကြီးသည်။ ခွင့်လွှတ်နားလည်နိုင်သည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

"မောင့်ကိုစိတ်ကောက်နေတာလား"

မိုရင့်အမေးကိုရွှေနီက ပြန်မဖြေပဲ ငေးစိုက်ကြည့်နေ၏။ စောစောတုန်းက ပိုက်ဆံအိတ်ဖွင့်လိုက်တော့ ဓါတ်ပုံးလေးတစ်ခု အမှတ်တမဲ့ တွေ့မိသည်။ သေသေချာချာ မမြင်လိုက်ရတော့ ဘယ်သူမှန်းမှသိလိုက်ပါ။

ချော့စုလား . . . လှသာလား . . . လှသာဖြစ်ဖို့ကများသည်။ လှသာ၏ ထုထည်ကြီးသော အချစ်တွေကို မိုးရင့်ဘယ်လိုမှ ခံနိုင်ရည် ရှိမှာမဟုတ်။ လှလှပပ ပြန်လည်တွယ်ငြိနေမှာပါ။ ချော့စုဖြစ်လိမ့်မည်လို့ ရွှေနီ သိပ်မထင်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေနီက ပင့်သက်ကလေးရှိုက်ကာ . . .

" မောင် "ဟု ခေါ်မိ၏။

ဟိုတုန်းကတော့ ရင်ထဲက တလှိုက်တလှဲ ခေါ်မိသလား။ ဘာလားမသိ။ ခုတော့ နှုတ်ခမ်းဖျားက ခေါ်မိတာ။

" ဒီခုံကို ဟိုဘက်ရွှေ့ပေးပါ နေပူလာပြီ"

" အိုကေ "

ရွှေနီထင်ထားသလိုပင် မောင်က လက်ထဲက ပိုက်ဆံအိတ်ကလေးကို စားပွဲပေါ် တင်ကာ ခုံကို လက်နှစ်ဖက်ဖြင့်မကာ ရွှေ့၏။

ဖျတ်ကနဲ ပိုက်ဆံအိတ်ကိုကောက်ယူကြည့်မိ၏။

လှပစွာပြုံးမိသည်။ ရွှေနီထင်တာမလွဲ။ လွှာပုံလေးပါ။ မိုးရင့်နှင့်လွှာအတူတူရိုက် ထားသောဓါတ်ပုံကလေး။

ရွှေနီ ချက်ချင်းပဲ ထုတ်ယူထားလိုက်၏။

မြားနတ်မောင်စာပေ



ပြီးတော့ ကြေကွဲစွာရယ်မိသည်။

မောင်ကတော့ သူ့ပိုက်ဆံအိတ်ထဲက ဓါတ်ပုံပျောက်တာ သိမှာမဟုတ် သေးပါဘူး။ သိလျှင်လည်း ရွှေနီ ယူလိုက်တာလို့ သိမှာ မဟုတ်။

❀ ❀ ❀ ❀ ❀

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ချောစုက စတော်ဘယ်ရီဖျော်ရည်တစ်ခွက်ကို ရွှေနီ့စီ လှမ်းပေးရင်း . . .။

" ကဲ . . . ဆို . . . ဘာလဲ အရေးတကြီးကိစ္စဆိုတာ " ဟု မေးလိုက်၏။ ရွှေနီ ပြောရခက်သည်။

ချောစုမျက်နှာလေးကို မြင်လိုက်ရချိန်မှာ ပိုပြီး ပြောရခက်၏။ နှုတ်ခမ်းတွေလေးနေသည်။

သနပ်ခါးပါးကွက်ကလေးနှင့် ချောစုမျက်နှာလေးက အေးမြလတ်ဆတ်နေ၏။ ဘာဝေဒနာမှမရှိ။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေနီတို့ အညာခံလိုက်ရတာ ချောစုမှ မသိသေးပဲ။

" ရွှေနီ . . . ပြောလေ . . . ဘာလဲဆို "

ရွှေနီက ခြောက်ကပ်စွာရယ်လိုက်၏။

အဓိပ္ပါယ်မယ့်သော ရယ်သံ . . .။

" လွှာနဲ့ သူကောင်လေးဓါတ်ပုံယူလာတယ် ကြည့်မလား"

" ဟင် . . . တကယ်လား ကြည့်မှာပေါ့"

ချောစုက အားတက်သရော စိတ်ပါလက်ပါ။

" ဘယ်မှာလဲ . . . ပြလေ "

ရွှေနီက ဓါတ်ပုံကလေးကို စားပွဲပေါ်တင်ပေးသည်။

ချောစုက သေချာကောက်ယူကြည့်၏။

ချောစု မျက်နှာကို တစိမ့်စိမ့်မကြည့်ရက်သလို ရှိတာ ကျောပေးပြီးပြတင်းပေါင်ဘေး သွားရပ်နေလိုက်သည်။

မိုးရင့် ရင်ထဲမှာ တကယ်တန်းရှိတာက နေခြည်လွှာ ချောစုရယ် . . . ရွှေနီတော့ ရင်နာစွာသိခွင့်ရလိုက်ပြီ။

မြားနတ်မောင်စာပေ



ချောစုစီမှ ဘာသံမှ ထွက်မလာ တော်တော်ကြာအောင် ငြိမ်သက်နေ၏။ ပြီးမှ ချောစု ရွှေနီ့နောက်မှာ လာရပ်သည်။

" ဒီဓါတ်ပုံဘယ်ကရတာလဲ "

ရွှေနီဖြေရခက်သည်။ ညာလို့လည်း မဖြစ်။ လွှာပေးလိုက်တာမှ မဟုတ်ပဲ။ မထင်မှတ်ပဲ ချောစုမေးခွန်းက ရွှေနီ့ကို တုန်လှုပ်စေသည်။

" မောင် . . . အဲ . . . ကိုမိုးရင့်စီက ရတာပေါ့ဟုတ်လား"

ရွှေနီနှုတ်ဆိတ်နေ၏။

" သူ့ပိုက်ဆံအိတ်ထဲကလား . . . ဟုတ်လား "

ဒက်ထိပြောနိုင်တာ ဘာကြောင့်လဲ။

" ရွှေနီ ပေးထားတဲ့ နာရီလေးက ဓါတ်ပုံထဲမှာ ပိုထောင်လှသေးတယ်နော် "

ချောစုက ရွှေနီထင်ထားတာထက်အဆများစွာ စေ့စပ်သေချာတိကျနေပါရောလား။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ကနဲ ချောစုကို လှည့်ကြည့်မိသည်။

ချောစုပါးကွက်မှာ မျက်ရည်စီးကြောင်းနှင့် ပျက်နေပြီ။

ချောစုရယ် . . .။

မခံစားပါနဲ့တော့ . . .

မေ့လိုက်ပါတော့။

မေ့လိုက်ကြရအောင် . . .

ခွင့်လွှတ်နားလည်စွာနဲ့ လွှာ့အတွက် မိုးရင့်ကိုမေ့လိုက်ကြစို့ သူငယ်ချင်းရယ်။

အောင့်သီးအောင့်သက်နဲ့ ဘယ်လောက်ခံရခက်ဆိုးရွားတဲ့ ဝေဒနာလည်းဆိုတာ သိပါတယ်။

" ရွှေနီ ဘာဆက်လုပ်မလဲ "

" ချောစုရော . . . "

တစ်ယောက်မေးခွန်းကို တစ်ယောက်မဖြေနိုင်။



" သူတို့က အပြန်အလှန်တကယ်ချစ်ကြတာပေါ့ ဟုတ်လား ရွှေနီ . . . အဲ့ဒီလိုလား "

ရွှေနီ ခေါင်းညိတ်မိမှတော့ ချောစု ငိုင်တွေသွား၏။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

" အဲ့ဒါ ဘာလဲ "

မိုးရင့် ထိတ်ကနဲ ဖြစ်ကာမေးမိသည်။ ပန်းနုရောင် အိတ်ကို လှမ်းယူကြည့်ဖို့ လက်တွန့်သည်။

" မေမေတို့ ဆန္ဒကို ရွှေနီ ဦးစားပေးလိုက်တယ်။ ခွင့်လွှတ်ပါ မောင် . . . မီးကို မေ့လိုက်ပါတော့ "

" လွယ်လှချည်လား"

ရွှေနီက ဘာတစ်ခုမှ မပေါက်ကွဲအောင် သိမ်မွေ့နူးညံ့စွာ သိမ်းခွဲဖို့ ကြိုးစားမိသည်။

မြားနတ်မောင်စာစေ

www.burmeseclassic.com

www.burmeseclassic.com



လွှာက ရွှေနီ့ သူငယ်ချင်းမဟုတ်လား။

မိုးရင့်က လှည့်စားခဲ့တာဖြစ်ဖြစ် ရက်စက်ခဲ့တာပဲ ဖြစ်ဖြစ် အပြစ်ရှိပေမယ့် လွှာ့ချစ်သူတစ်ယောက်အဖြစ်ကျတော့ ဖွေယူလို့မရ. အညှိုးထားလို့မရ။

" ဘာလဲ . . . မင်းက အဲ့ဒီလူကိုချစ်လို့လား"

" ရမယ်ထင်တာပဲ "

" ဘာတွေလျှောက်လုပ်နေတာလဲ မီးရာ "

မိုးရင့်က စိတ်ပျက်စွာရေရွတ်၏။

မောင်ရယ် . . . မီးမှားတယ်ပဲထားလိုက်တော့။

မီးဘက်က လွန်တယ်ပဲ ရှိစေတော့။

လွှာနဲ့ မောင်က တကယ့်ကိုအနှစ်သာရရှိရှိ ချစ်ကြသူတွေပဲ၊ ပေါင်းဖက်ကြပါတော့။

ရွှေနီပဲ လူကြမ်း . . . မိန်းမကြမ်းကြီးဖြစ်စေတော့။



" လုံးဝ အဓိပ္ပါယ်မရှိဘူး "

မိုးရင့်က ရေရွတ်သည်။ ရွှေနီလက်ထပ်တော့မယ်ဆိုတော့ မောင်ထိခိုက်ခံစားရတယ် မဟုတ်လား။ ဒါပေမယ့် အရမ်းကြီး မဟုတ်ဘူး သည်နေရာမှာ လွှာဆို မောင်ဘာဖြစ်သွားမလဲ။

မောင်တွေးကြည့်လိုက်စမ်း။

ရွှေနီ့ကိုတော့ မောင်သွေးအေးစွာ စွန့်လွှတ်နိုင်တယ် မဟုတ်လား။

" မောင့်ကို ရွှေနီ မချစ်ဘူး "

" ဘာ "

မခံမရပ်နိုင်စွာအော်ပြီးမှ တဟက်ဟက်ရယ်သည်။

" ငါကလည်းမချစ်ပါဘူး"

ရွှေနီခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ . . . အချစ်ဟာ သစ်ပင်တစ်ပင်လို အချိန်ကြာမြင့်စွာ ပျိုးထောင်လာခဲ့ပြီးမှ ရင်ထဲရှင်သန်နေခဲ့တာဆိုလျှင် အမြစ်ကနေ ဆွဲထုတ်ခံလိုက်ရချိန် ဖြစ်လိမ့်မည်။

ရင်ထဲမှာဗလာ နှလုံးသားထဲမှာ မိုးရင့်အတွက် ဘာမှမရှိတော့ အားလုံးသေဆုံးသွားပြီ။ အချစ်မရှိ အမုန်းမရှိမျက်ရည်မရှိ ဘာဆိုဘာမှမရှိတော့ပါ။

ရွှေနီက ညာပြောတာပါ မောင်ရယ်။

ဒါပေမယ့် မောင်က တကယ်ပြောလိုက်တာ။

" သွားတော့မယ် "

" ကောင်းပြီလေ . . . စိတ်ချ . . . ငါဆက်ဆက်လာခဲ့မယ် . . . မင်း . . . စင်မြင့်ထက်မှာ လှလှပပအောင်ပွဲခံပေါ့"

မိုးရင့်က ရီသဲ့သဲ့ဆို၏။ ဆုံးရှုံးရတာကို ကြေကွဲနှစ်မျောခြင်းကတဖက် ကိုယ့်သိက္ခာကို စော်ကားလေခြင်းဟု ခံစား





ရခြင်းက တစ်ဖက် လွှာနှင့် အနာဂါတ်မှာ တစ်စုံတစ်ခုအနှောင့်အယှက်ကင်းသွားသလို ခံစားရခြင်းကတစ်ဖက်။

သို့ပေမယ့် ရွှေနီနှင့် ဝေးသွားရတာကို နှလုံးသားက မခံစားရပါ။

သည်နေရမှာ 'လွှာ' ဆို

သူဆက်မတွေးဝံ့ပါ။

တုန်လှုပ်ခြောက်ခြားသွားမိ၏။

လွှာ့ကို လက်ထပ်ခွင့်တောင်းတော့မည်။

ဘာကြောင့်မှ လက်မလွှတ်ချင် အဆုံးရှုံးမခံနိုင်။

သူ ပူလောင်စွာ တွေးမိလာ၏။

ဆုံးဖြတ်ချက်ကို တိကနဲ ချမိသည်။

ချောစုရော . . .

ချောစုကို ဘယ်လိုရှင်းပြရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြောရခက်နေသည်။ အားတုံ့အားနာဖြစ်နေ၏။

သူဘာလို့ သည်လိုတောါလုပ်မိတာလဲ။

နောင်တက ရင်ထဲ ခိုဝင်လာ၏။

သူအရမ်းမှားသွားခဲ့ပြီ။

လွှာ့ကိုချစ်လျှင် ဒါမျိုးတွေသူရပ်သင့်တာကြာပြီ။

လွှာရယ် . . .

မောင့်ကိုခွင့်လွှတ်ပါ . . .

❀ ❀ ❀ ❀ ❀



နေခြည်လွှာက မိုးရင့်ကို လက်ကလေးထောက်ကာ ငေးငေးကလေး ကြည့်နေ၏။

" မြေပါ . . . မောင့်ကို လက်ထပ်မယ် မဟုတ်လား "

လွှာကမဖြေ မိုးရင့် ရင်ခုန်မြန်လာမိသည်။

" သေချာပြန်စဉ်းစားပါအုံး "

တဖက်ကိုလှည့်သွားပြီး ပြောလိုက်သောစကားက သူ့ကို ရှာယာခတ်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



" လွှာ "

ချက်ချင်းပဲ လွှာ့ပခုံးလေးကို ဆွဲကာ သူ့ဘက်လှည့်စေ၏။

လွှာနှင့် မိုးရင့်မျက်လုံးခြင်းဆုံမိသည်။

" ကိုမိုးရင့် "

" ဟင် "

" လွှာ့စကားကို ကျေးဇူးပြုပြီး လေးလေးနက်နက် နားထောင်ပေးပါ။ လွှာတောင်းပန်ပါတယ်"

နေခြည်လွှာက မျက်လွှာလေးချပြီးတိုးတိုးကလေး ပြောလာ၏။

" ဘယ်သူ့ မျက်ရည်နဲ့မှ လွှာတို့ လမ်းကို မတည် ဆောက်ချင်ဘူး . . ကိုမိုးရင့် နားလည်မှာပါ"

ပုခုံးကိုအုပ်ထားသော လက်တွေကို ဆွဲဖယ်ချပြီး လွှာ အပြတ်ဆိုလာ၏။





" ရှင့်ဇာတ်လမ်းတွေအရင်ရှင်းခဲ့ပါ။ လွှာစောင့်နေမှာပါ"

မိုးရင့် တုန်လှုပ်စွာ လွှာ့ကိုကြည့်မိ၏။

" ရှင့်ကို လွှာချစ်ပါတယ်။ သစ္စာရှိရှိ ချစ်တာ တန်ဖိုးထားပြီး ချစ်တာ . . . အော် . . . လွှာ မေ့နေလို့ . . . မွေးနေ့တုန်းက ရိုက်ထားတဲ့ ဓါတ်ပုံတွေ မရွေးရသေးဘူး ကိုမိုးရင့်လမ်းကြုံရင် ဝင်ရွေးခဲ့ပေးပါလား "

ဘောင်ချာစာရွက်ပေးကာ ပြောလာ၏။

မိုးရင့်က တိတ်တဆိတ်လွှာ့ကို ကြည့်နေမိ၏။

မျက်နှာကလေး ညှိုးနေတာ သူ့ကြောင့်လား။

လွှာစိတ်ဆင်းရဲအောင် သူလုပ်မိပြီလား။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

လက်ထဲရောက်လာသော ဓါတ်ပုံတွေက သူ့ကို မိုးကြိုး ပစ်ချလိုက်သလို ချိန်းကနဲ ချုန်းကနဲ ဖြစ်စေသည်။

ဟာ . . . သွားပါပြီ။

လှာနဲ့ ချောစုနဲ့ ရွှေနီနဲ့ သူငယ်ချင်းလား။

သူ့နှုတ်ခမ်းတွေ ခြောက်သွေ့လာ၏။

မြားနတ်မောင်ရေ

မင်း ဒီတစ်ခါ မိုးရင့်ကို အလဲထိုးချောက်ချလိုက်ပြီလား . . . မင်းရက်စက်တယ်ကွာ . . .

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည့်လောက်တိုက်ဆိုင်ဖို့ မကောင်းဖူး။

မိုးရင့် ရင်ထဲမှာ အပူလုံးကြီးတစ်ခု လှိုက်တက်လာ၏။

လွှာ . . . ကိုယ့်ကိုခွဲမသွားပါနဲ့။

လွှာ့ မေတ္တာတွေနဲ့ ဝေးရင် ကိုယ်တစ်ခုခုဖြစ်သွားလိမ့်မယ်။ ကိုယ် အသက်ဆက်ရှင်နေဖို့ နေခြည်လွှာလိုအပ်တယ်။

လွှာမရှိပဲ ကိုယ်မနေချင်ဘူး မနေတတ်ဖူး။

ဒါကို လွှာယုံပေးပါ။

❀ ❀ ❀ ❀ ❀

ချောစုစီက စာတစ်စောင်ရောက်လာတော့ မိုးရင့် ဆိတ်လန့်မိမြန်သည်။ ရင်ထဲမှာ မအေးချမ်းနိုင် ချစ်သူတွေ ဖြစ်ကြတယ်ဆို ဖေမယ့် ကိုယ်တို့ချင်း သူငယ်ချင်းတွေလိုသွားလာ အားသောက်ရုံကလွဲပြီး ဘာမှမပိုခဲ့တာ အခွင့်ရေးမယူခဲ့တာ အားလုံးအသိပါပဲ။

ချောစုစာကို တုန်လှုပ်စွာဖတ်မိသည်။

ကိုမိုးရင့် . . .

www.burmeseclassic.com

www.burmeseclassic.com



ချောစု . . . ဖေဖေ့စကားကိုနားထောင်ပြီး နယ်ကို သွားရမယ်။ ဖေဖေ့ လုပ်ငန်းတစ်ခုအတွက်ပါ။

ကိုမိုးရင့် ခုလောက်ဆိုအမှားအမှန်ကို ရှင်းရှင်းလင်းလင်း သိနေလောက်ပြီ ချောစုကို မေ့လိုက်ပါ။

" မီးလို့ ခေါ်တတ်တဲ့ မောင့်ကို အိမ်မက်ထဲမှာ ကြုံခဲ့တယ် လို့ပဲ မှတ်ယူလိုက်ပြီ။

ချောစုဘဝမှာ မောင်ဆိုတာ တကယ်မရှိခဲ့ပါဘူး။

ကိုမိုးရင့်ကို ချောစု ခွင့်လွှတ်ပါတယ်။

" ချောစု"

မိုးရင့်က စာရွက်ကိုခေါက်ပြီး သက်ပြင်းမောရှိုက်သည်။

လွှာရယ် . . .

သူတို့ နောက်ဆုတ်ပေးလိုက်ကြပြီ။



ကိုယ်တို့နှစ်ယောက် စစ်စစ်မှန်မှန်ချစ်တာ သိသွားလို့လား ဘာပဲဖြစ်ဖြစ် လွှာ . . . ကိုယ့်ကိုလက်ခံဖို့မျှော်လင့် မိတာပါ။

www.burmeseclassic.com

www.burmeseclassic.com

ရေတံခွန်လိုအေးမြကြည်လင်စွာ တသွင်သွင် စီးဆင်းနေတဲ့ အချစ်တွေနဲ့ လွှာက မိုးရင့်ကိုလက်ထံမှာလား၊ ခွင့်လွှတ်နိုင်မှာလား။

မိုးရင့်ရင်ထဲက အချစ်စစ်အချစ် အချစ်မှန်တွေက လွှာ့ကိုပျော့ပျောင်းနူးညံ့စေမှာလား။

" လွှာ "

ရိပ်ကာနဲ့နောက်ကို ရောက်လာပြီး ခြေစုံရပ်နေသော မိုးရင့်ကို လှည့်မကြည့်ပေမယ့် 'လွှာ' မြင်သည်။

www.burmeseclassic.com



ရွှေနှီဖိတ်စာကို သူရရှိပြီးလောက်ပြီ။

ချောစုအလုပ်ကိစ္စနဲ့ နယ်ကိုသွားတာလည်း သူသိပြီးလောက်ပြီ ။

လွှာ့အခင်ရဆုံးသူငယ်ချင်းနှစ်ယောက်ဆိုတာလည်း မိုးရင့် သိပြီးလောက်ပြီ။ ဓါတ်ပုံတွေရွေးပြီးလောက်ပြီ။

ကိုမိုးရင့်ရယ် . . . ။

ရှင်ပဲပြောပါ။

ရှင့်ကို လွှာဘယ်လိုပြောရမလဲ။

ဘယ်လိုကြိုဆိုရမှာလဲ။

ခွင့်လွှတ်နားလည်ပေးရမှာလား။

လွှာ ရှင့်ကို မမုန်းနိုင်တာ အမှန်တရားတစ်ခုပါပဲ။

မပြတ်သားနိုင်သရွေ့ လွှာ ရှုံးရမှာပဲ။

" လွှာ "



သူ့လက်တစ်ဖက်က ထိုင်နေသော လွှာ့ပုခုံးကို ဆုပ်ထွေးလာ၏။

" စိတ်ကောက်ရင်လည်းကောက်ပါ "

" ရန်တွေ့ရင်လည်းတွေ့ပါ "

" မကျေနပ်ရင် ကျေနပ်တဲ့အထိ ပြောပစ်လိုက်ပါ။ ကိုယ်ကျေကျေနပ်နပ် လက်ခံပါမယ်။ ဒါပေမယ့် လွှာ ကိုယ့်ကို မမုန်းရဖူး ကိုယ့်အနားက တစ်သက်လုံးထွက်မသွားရဖူး "

နေခြည်လွှာက ငြိမ်သက်နေ၏။

" မောင် ယုတ်မာတဲ့စိတ်နဲ့ မဟုတ်ပါဘူး လွှာရယ် ပြီးတော့ ကိုယ့်ရင်ထဲမှာ လွှာပဲရှိတယ်"

သူ့ကို ခုထက်ထိစကားမဆိုတော့ မိုးရင့် ဝမ်းနည်းမိသည်။

" လွှာ . . . တစ်ခုခုပြောပါ "

လွှာ့ရှေ့မှာဝင်ထိုင်ပြီးစေ့စေ့ ကြည့်ကာမေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



" လွှာ့ကို အချိန်နည်းနည်းပေးပါ "

" ဘယ်လောက်လဲ တစ်လလား တစ်နှစ်လား "

" အင်း . . . ယုံကြည်လာတဲ့အထိ"

" လွှာရယ် "

သူက လွှာ့ကို နဖူးချင်းလာတေ့သည်။

" အခုမယုံသေးဖူးလား"

" တဖြည်းဖြည်းလွှာ ကြိုးစားကြည့်ပါ့မယ် "

" ကိုယ့်ကို မချစ်တော့ဖူးလား"

" ရှင်မသိပါဘူး ကိုမိုးရင့် အချစ်နဲ့ ယုံကြည်မှုက မဆိုင်ဘူး မယုံလည်းပဲ ချစ်နေလို့ရတယ်လေ"

" အော်"

" ဒါပေမယ့် အိမ်ထောင်ရေးမှာတော့ ယုံကြည်မှုလိုအပ်တယ် လက်ထပ်ဖို့ကျတော့ ယုံကြည်မှုဖြစ်မယ် "

မြားနတ်မောင်စာပေ



" လွှာရယ် "

" လွှာတို့နောက်မှ အေးအေးဆေးဆေး လက်ထပ်မယ်"

" ရပါတယ် လွှာ့ ဆန္ဒမှန်သမျှ လိုက်လျောမယ် "

မိုးရင့်က လွှာ့ကို ကတိပေးလာ၏။

ပေါ့ပေါ့ဆဆလုပ်ခဲ့မိတဲ့ အမှားတွေအတွက် ပြစ်ဒဏ်လို့ မှတ်ယူပြီးကိုယ် လွှာ့ကို စိတ်ရှည်ရှည်စောင့်နေမှာပါ။

တစ်လောကလုံးမှာ အယုံကြည်ဆုံးပဲ ကိုမိုးရင့်ရယ်လို့ လွှာ့နှုတ်ကဖွင့်ဟယုံကြည်လာချိန်အထိ . . .။

ဆုလေးနွယ် (ရန်ကုန်တက္ကသိုလ်)

မြားနတ်မောင်စာပေ

www.burmeseclassic.com